# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

ယမကဝဂ်(ဓမ္မပဒ-၅)


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၇၆)


# နိုင်ငံတော်ကိုတည်ဆောက်ကြရာတွင် လူငယ်တို့၏အနာဂတ်နှင့် ဆက်စပ်တည်ဆောက်ကြရန်လိုအပ် လူငယ်များကလည်း ကိုယ်စီကြိုးပမ်းအားထုတ်မှုများဖြင့် ပါဝင်လျှောက်လှမ်းကြရန် အရေးကြီး

ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

စာ-၃

# ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံရေးတွင် ပူးပေါင်းရေးနှင့် ကုန်သွယ်ရေးဆိုင်ရာများဆွေးနွေး

စာ-၄

# အာဇာနည်နေ့တွင် ပြည်သူများ လေ့လာနိုင်ရန် ဗိုလ်ချုပ်ပြတိုက်အား အကြီးစားပြုပြင်မှုများပြုလုပ်

သတင်း - မောင်စိန်လွင်
(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်း) လမ်းရှိ ဗိုလ်ချုပ်နေအိမ် သို့မဟုတ် ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ဇူလိုင် ၁၉ ရက် (၆၉)နှစ်မြောက် အာဇာနည်နေ့မတိုင်မီ အကြီးစားပြုပြင်မွမ်းမံမှုများကို ငွေကျပ်သိန်း ၁၆၀၀ ခန့် အကုန်အကျခံ ပြုပြင်မွမ်းမံလျက်ရှိရာ ပြတိုက်ပိုင်းဆိုင်ရာနှင့် အုပ်ချုပ်မှုအဆောက်အအုံသစ်များ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ပြတိုက်ပြုပြင်တာနဲ့ပတ်သက်လို့ နှစ်ပိုင်းရှိပါတယ်။ ပြတိုက်အဆောက်အအုံပိုင်းရယ်၊ အုပ်ချုပ်မှုအဆောက်အအုံပိုင်းရယ်ပါ။ ပြတိုက်အဆောက်အအုံနဲ့ပတ်သက်လို့ ပြတိုက်ကိုဆေးပြန်သုတ်တယ်။ အနည်းငယ်ပျက်စီးယိုယွင်းနေတဲ့ အိမ်ရှေ့ဝရန်တာကို ထပ်ပြီး ပြင်တယ်။ လုံခြုံရေးအတွက် စီစီတီဗွီတွေလည်း ဒီနှစ်တပ်ဆင်ထားပါတယ်။ မီးဘေးကာကွယ်ရေးအတွက် မီးသတ်ပိုက်တွေကိုလည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။ ဒါတွေက ဗိုလ်ချုပ်နေအိမ်ပြတိုက်နဲ့ပတ်သက်လို့ ပြုလုပ်ထားတာပါ။

စာမျက်နှာ ၇ ကော်လံ ၁ ❊



အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသည့် ဗိုလ်ချုပ်ပြတိုက်ကိုတွေ့ရစဉ်

ဓာတ်ပုံ - မင်းထက်





# အသွင်ကူးပြောင်းရေးကာလနှင့် ခံယူကျင့်သုံးရမည့် သဘောထား

ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၅ ရွေးကောက်ပွဲ၌ ပြောင်းလဲမည်ဟူသော ကြွေးကြော်သံဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသားထဲမှ ထောက်ခံမှုကိုရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤရွေးကောက်ပွဲရလဒ်အား လူထုအစိုးရသစ်အဖြစ် လက်တွေ့အကောင်အထည်ဖော်သောအခါ၌လည်း ပြည်သူလူထုအား ပေးအပ်ထားသော အဆိုပါကတိကို လူထုအစိုးရသစ်က ကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လူထုအစိုးရသစ်သည် အပြောင်းအလဲတစ်ရပ်ကို ပုံဖော်ထုဆစ်ရန်ကြိုးပမ်းနေသည့် အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဖြတ်သန်းနေရခြင်းဖြစ်ပါသည်။

အဆိုပါ အသွင်ကူးပြောင်းရေးကာလ၌ အထူးထူး အပြားပြားသော လိုအပ်ချက်တို့ရှိနေသည်မှာ ထင်သာမြင်သာရှိသော အချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ကဏ္ဍပေါင်းစုံ၌ ဖြစ်ပေါ်လျက်ရှိသော လိုအပ်ချက်မျိုးစုံတို့ကို ကိုင်တွယ်ရာတွင် မည်သို့သောခံယူချက်ဖြင့် ကိုင်တွယ်မည်ဟူသော သဘောထားသည် အခရာနေရာ၌ရှိနေသည်ဟု ယူဆပါသည်။ ဥပဒေရေးရာကိစ္စရပ်တို့ကို ယေဘုယျသဘော သုံးသပ်ကြည့်လျှင်ပင် ပယ်ဖျက်ရမည့်ကိစ္စရပ်များ ကျန်နေပါသေးသည်။ ပြင်ဆင်ရမည့်ကိစ္စရပ်များ ကျန်နေပါသေးသည်။ အသစ်ပြဋ္ဌာန်းရမည့်ကိစ္စရပ်များ ကျန်နေပါသေးသည်။ ဤသို့ ဥပဒေများ ပြင်ဆင်ပြောင်းလဲအသစ်ပြဋ္ဌာန်းခြင်းများနှင့်အတူ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေများအပေါ် အခြေခံဖြစ်ပေါ်လာခဲ့သည့် တိုင်းပြည်ရေးရာ စီမံခန့်ခွဲမှုများအပေါ် ပြန်လည်သုံးသပ်ခြင်းများကိုလည်း မလွှဲသာမရှောင်သာ ပြုလုပ်လာရမည်ဖြစ်ပါသည်။ ဤတွင် တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်တို့၏ ခံယူချက်သဘောထားသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာပါသည်။

အတိတ်ကာလ၌ လုပ်ပိုင်ခွင့်အာဏာရှိသော ပုဂ္ဂိုလ်တို့ကို အကြောင်းပြုလျက် စည်းမျဉ်းစည်းကမ်းဘောင်တို့ကို ဖောက်ဖျက်၍ဖြစ်စေ (သို့တည်းမဟုတ်) စည်းကမ်းဘောင်အတွင်းမှပင် ရသင့်ရထိုက်သည်ထက် ပိုမိုလုပ်ပိုင်ခွင့်ပေးခဲ့သော ဖြစ်ရပ်တို့ရှိခဲ့ပါသည်။ ရနိုင်သမျှသော အချက်အလက်တို့ကိုစုစည်း၍ ဖြစ်နိုင်သမျှသော ရှုထောင့်ပေါင်းစုံတို့မှ သုံးသပ်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့သောကြောင့် အလွဲလွဲ အချော်ချော် ဖြစ်ခဲ့ရသည့်ကိစ္စရပ်များလည်း ရှိခဲ့ပါသည်။ အတိတ်ကာလ၌ လက်ခံကျင့်သုံးခဲ့သော စံပေတံများသည် ပစ္စုပ္ပန်မျက်မှောက်ကာလ၌ ခေတ်မမီ အသုံးမတည့်တော့၍ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိပါသည်။ ဤကိစ္စရပ်များအားလုံးအပေါ် သိမ်းကျုံး၍ တစ်ခုတည်းသော သဘောထားဖြင့် ကိုင်တွယ်ဆောင်ရွက်မည်ဆိုပါက အလွဲလွဲ အမှားမှားသော ဆုံးဖြတ်ချက်တို့ကို ဖြစ်စေနိုင်သည်ဟု ယူဆပါသည်။ လုပ်ပိုင်ခွင့်အာဏာရှိသော ပုဂ္ဂိုလ်တို့ကို အကြောင်းပြုလျက် မတော်မတရား အကျိုးစီးပွားရယူခဲ့သည့် ကိစ္စရပ်များကို သုံးသပ်ချက်မှားယွင်း၍ အလွဲလွဲ အချော်ချော် စီမံခန့်ခွဲခဲ့သည့်ကိစ္စရပ်များနှင့် တစ်တန်းတည်းထားသုံးသပ်ကိုင်တွယ်ပါက မှန်ကန်သော ဆုံးဖြတ်ချက်တို့ကို ချနိုင်မည်မဟုတ်ဟု ယူဆပါသည်။ အလားတူပင် အတိတ်ကာလ စံချိန်စံညွှန်းများအပေါ် မူတည်ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအား ပစ္စုပ္ပန်မျက်မှောက်ကာလ စံချိန်စံညွှန်းများဖြင့်တိုင်းတာ၍ အမှန်အမှားဆုံးဖြတ်ခြင်းသည်လည်း လွဲမှားသောဆုံးဖြတ်ချက်တို့ကိုသာ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

လူထုအစိုးရသစ်ကို ကိုယ်စားပြု၍ တိုင်းပြည်၏ ကဏ္ဍပေါင်းစုံ၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်တို့သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လုပ်ကိုင်ပြု၍ ကိစ္စရပ်တစ်ခုချင်း၏ သဘောသဘာဝအလိုက် လိုအပ်ချက်နှင့်အညီ ဦးစားပေးအဆင့်သတ်မှတ်လျက် ဤသဘောသဘာဝတို့နှင့် အံဝင်ဟပ်စပ်မှုရှိသော ဆုံးဖြတ်ချက်တို့ကို ချမှတ်ပေးရန်လိုအပ်ပါသည်။ သို့မှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော အပြောင်းအလဲတို့ကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏နှလုံးသားမှ လိုလားကောင်းချီးပေးသော ပြုပြင်ပြောင်းလဲရေးတို့သည် ပြည်သူတို့၏ အသစ်အသစ်သော အားမာန်တို့ကို ဆင့်ပွားဆင့်ပွားဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ဤသို့သော ဆင့်ပွားဆင့်ပွားဖြစ်ပေါ်လာသော ပြည်သူ့အားမာန်တို့သည် လူထုအစိုးရသစ်၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြှင့်တင်၍ အောင်မြင်မှုသရဖူဆောင်းစေမည် ဖြစ်ပါသည်။ ။



## အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၆

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမ ၆၃၃ ဦးတို့သည် ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ စတင်ကာ မွန်းလွဲ ၂ နာရီထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ၃၄ ကြိမ်မြောက် ဒါနဥပပါရမီအဖြစ် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲတွင် အမျိုးသားသွေးဌာနသွေးလှူရှင် အေ အမျိုးအစား ၁၂၈ ဦး၊ ဘီ အမျိုးအစား ၂၂၃ ဦး၊ အို အမျိုးအစား ၂၂၅ ဦးနှင့် အေဘီ အမျိုးအစား ၅၇ ဦး စုစုပေါင်း ၆၃၃ ဦးတို့ထံမှ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျစစ်ဆေးလက်ခံခဲ့ကြကြောင်း သိရသည်။

**ကိုချစ်**

## ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်ကကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးပြီး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းသားပေါက် စုစုပေါင်း ကောင်ရေ ၆၀၀၀ အား အသီးသီးစိုက်ထည့်ခဲ့ကြသည်။



ပြည်ထောင်စုရှေ့နေချုပ်ရုံး အဝင်လမ်း၏ ယာဘက်ခြမ်းတစ်လျှောက်တွင်လည်း သစ်ပင်များစိုက်ပျိုးရာ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ရတနာ့တန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ မဲဇလီ၊ စိန်ပန်း၊ စန္ဒကူး၊ ပန်းမဲဇလီ၊ ရေတမာ၊ တမာနှင့် ကုက္ကို စုစုပေါင်းပျိုးပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၉.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၆၃ |
| တရုတ် | တစ်ယွမ် | ၁၇၆.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၅၇ |

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ညီညွတ်ရေးဆိုတာ

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှူ့ရှူ့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်ကိုတည်ဆောက်ကြရာတွင် လူငယ်တို့၏အနာဂတ်နှင့် ဆက်စပ်တည်ဆောက်ကြရန်လိုအပ် လူငယ်များကလည်း ကိုယ်စီကြိုးပမ်းအားထုတ်မှုများဖြင့် ပါဝင်လျှောက်လှမ်းကြရန် အရေးကြီး

## ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

နေပြည်တော် ဇူလိုင် ၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည့် မွေးရာပါလက်နှစ်ဖက်မပါရှိသူ မနော်ဒါးခူကို ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇူလိုင်လ ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၆ ခုနှစ် ဇူလိုင်လ ၅ ရက်)**

၁။ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးဟူသော ရည်မှန်းချက်များချမှတ်၍ ပြည်သူလူထုနှင့် လက်တွဲကာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့တောင်အာရှနှင့် အာရှမှသည် နိုင်ငံတကာမျက်နှာစာထိ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ ပုံရိပ်ပြန်လည်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကဏ္ဍတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများကလည်း လုံ့လဝီရိယ၊ ပညာ၊ မေတ္တာ၊ စေတနာ တို့ကို အရင်းတည်၍ ဝိုင်းဝန်းကြိုးပမ်း အထောက်အကူပြုနေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပါသည်။

၃။ နိုင်ငံတော်တည်ဆောက်ရေးတွင် အနာဂတ်ခေါင်းဆောင်များအဖြစ် နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြရမည့် ယနေ့လူငယ်လူရွယ်များ၏ စာရိတ္တမဏ္ဍိုင်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းပြည့်ဝသည့် ကိုယ်ရည်ကိုယ်သွေး၊ စိတ္တမဏ္ဍိုင်နှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ပညာ့မဏ္ဍိုင်တို့ အခြေခံကျကျ လိုအပ်နေပါသည်။ သဘာဝသယံဇာတ ဟူသည် ကုန်ခန်းနိုင်သော သဘောသဘာဝရှိပြီး လူငယ်တို့၏ စွမ်းအားအရင်းအမြစ်သည်သာ မကုန်ခန်းနိုင်သော နိုင်ငံ၏ကြွယ်ဝမှု သယံဇာတပင်ဖြစ်ပါသည်။ နိုင်ငံတော်ကို တည်ဆောက်ကြရာတွင် လူငယ်တို့၏ အနာဂတ်နှင့် ဆက်စပ်တည်ဆောက်ကြရန် လိုအပ်သည့်နည်းတူ လူငယ်များကလည်း ကိုယ်စီကြိုးပမ်းအားထုတ်မှုများဖြင့် ပါဝင်လျှောက်လှမ်းကြရန် အရေးကြီးပါသည်။

၄။ မျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်သော မနော်ဒါးခူသည် ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာတွင်ကျရှုံးခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့ပါသည်။ မနော်ဒါးခူသည် တပ်မတော်စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သော ဖခင်ဖြစ်သူ တပ်ကြပ်စောသာဒေါ်နှင့် ဖခင်ပေါ်သာ မှီခိုနေရသည့် မိခင်ဖြစ်သူ ဒေါ်နော်ဖောကိုတို့၏ မွေးချင်းငါးယောက်ထဲမှ အငယ်ဆုံးဖြစ်ပြီး မွေးရာပါ လက်နှစ်ဖက်လုံးမပါရှိသူဖြစ်သော်လည်း ခြေထောက်ဖြင့် စာရေးနိုင်အောင် သူငယ်တန်းမတက်မီကပင် ကြိုးစားလေ့ကျင့်ခဲ့သူဖြစ်ပါသည်။ မနော်ဒါးခူ၏ မိဘများမှာလည်း နွမ်းပါးသူများဖြစ်သဖြင့် ကျောင်းနေကာလတစ်လျှောက်လုံးတွင် ပြင်ပကျူရှင်များ လုံးဝတက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ ဆရာ၊ ဆရာမများက ကျောင်းစာသင်ချိန်အတွင်း၌သာ ပို၍အလေးထား သင်ကြားပေးခဲ့ရုံသာရှိပါသည်။ မနော်ဒါးခူသည် မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့သူဖြစ်သော်လည်း ဘဝကိုအလွယ်တကူအရှုံးမပေးဘဲ ခိုင်မာသည့်စိတ်ဓာတ်၊ ထက်သန်သည့် လုံ့လ ဝီရိယတို့ဖြင့် အများနည်းတူ ပညာသင်ကြားအောင်မြင်ရေးနှင့် ဘွဲ့တစ်ခုခုရရှိအောင် ကြိုးစားပြီး ဘွဲ့ရရှိပါက သင့်လျော်သည့် လုပ်ငန်းဌာနတစ်ခုခုတွင် နိုင်ငံ့တာဝန်ထမ်းရွက်မည်ဟူသော ရည်မှန်းချက်ချမှတ်ထားသူဖြစ်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် မနော်ဒါးခူကဲ့သို့သော မသန်စွမ်းကလေးသူငယ်များအတွက်သာမက လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ အားကျအတုယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ်ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မနော်ဒါးခူအားရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ မနော်ဒါးခူနည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံသားစိတ်ဓာတ်ကို အရင်းခံလျက် ကြိုးပမ်းဖြည့်ဆည်း ဝိုင်းဝန်းကူညီ ပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

# ၂၀၁၆ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူ ထူးချွန်လူငယ် မနော်ဒါးခူ



## ကိုယ်ရေးအကျဉ်း

တပ်ကြပ် စောသာဒေါ၊ နော်ဖောကိုတို့၏ သမီးဖြစ်သူ မနော်ဒါးခူအား ၁၀-၇-၁၉၉၆ ခုနှစ်တွင် အမှတ်(၅၄) ခြေလျင်တပ်ရင်း၊ တပ်ရင်းဆေးခန်း၌ မွေးဖွားခဲ့ပါသည်။ ၂၀၀၁ ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိ သူငယ်တန်းမှ စတုတ္ထတန်းအား အမှတ်(၅၄) ခြေလျင်တပ်ရင်း တပ်တွင်းမူလတန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအား လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ယူခဲ့ပါသည်။ ပညာသင်ကြားစဉ် မွေးရာပါ လက်နှစ်ဖက်မပါသဖြင့် ခြေထောက်ဖြင့် စာရေးသားနိုင်ရေးအား သူငယ်တန်းမတက်မီကပင် မိဘများ၏ အကူအညီဖြင့် ခက်ခဲစွာလေ့ကျင့်ခဲ့ရပါသည်။ အခက်အခဲများရှိသော်လည်း မလျှော့သည့်ဇွဲ၊ လုံ့လဖြင့်ကြိုးစားမှုကြောင့် သူငယ်တန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။ ကျန်းမာရေးအခြေအနေကြောင့် နဝမတန်း၌ ပထမနှစ်ကျရှုံးခဲ့ပြီး နှစ်နှစ်ဖြေဆိုခဲ့ရပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲအား နှစ်နှစ်ကျရှုံးခဲ့ပြီး မလျှော့သောဇွဲဖြင့် ဆက်လက်ဖြေဆိုခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းနှင့်နီးသည့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)တွင် တာဝန်ထမ်းဆောင်နေသော ကိုယ်ပိုင်အမှတ်၊ တ-၁၆၈၈၂၃ တပ်သားမျိုးထွန်းဦး၏ဇနီး မနော်သမေဖော (အစ်မအရင်းဖြစ်သူ)၏ နေအိမ်တွင် မှီခိုနေထိုင်ရင်း အစ်မနှင့် အစ်မ၏ခင်ပွန်းဖြစ်သူတို့၏ ကူညီစောင့်ရှောက်မှု၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)ရှိ တပ်မိသားစုများ၏ ကူညီစောင့်ရှောက်မှုများဖြင့် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။

## အနာဂတ်ရည်မှန်းချက်



တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်အောင် ကြိုးစား၍ ဖြေဆိုနိုင်ခဲ့ပြီး ဖြစ်ပါသည်။

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအောင်ပြီးခဲ့သည့်အချိန်အထိ စုစုပေါင်း ကျောင်းနေသက် (၁၇)နှစ်ကြာမြင့်အောင် ကြိုးစားခဲ့ပြီးမှ အစ်ကိုနှင့် အစ်မများကဲ့သို့ ကျောင်းမထွက်လိုပါ။ သင့်တင့်မျှတသော အဆင်ပြေမှုဖြင့် မိဘနှစ်ပါးကိုရော ခဲအိုနှင့် အစ်မမိသားစုတို့အတွက်ကိုပါ ဝန်ထုပ်ဝန်ပိုးလည်းမဖြစ်စေလိုပါ။

တက္ကသိုလ်တွင် ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ကြားလိုပါသည်။ ဘွဲ့ရရအောင်ယူပြီး မိမိနှင့်သင့်လျော်သည့် ဌာန/အလုပ်တစ်ခုခု၌ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါသည်။

# ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံရေးတွင် ပူးပေါင်းရေးနှင့် ကုန်သွယ်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိ ဟိဂုချိနှင့် ဟီတာချိလီမိတက်၏ ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ခံအမှုဆောင်အရာရှိချုပ် မစ္စတာ ဟိရိုအကိနာကာနိရှိနှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံရေးတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အကူအညီများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရေးဆိုင်ရာများ၊ မြန်မာ-ဂျပန် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# (၂၁)ရာစုပင်လုံအတွက် ဆွေးနွေးမည့်ခေါင်းစဉ်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့်ပတ်သက်သော လုပ်ငန်းလမ်းညွှန်မှုကိစ္စများ ဆွေးနွေး

## တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ ဟန်နီဝင်း၊ ဓာတ်ပုံ - ထိန်နန်နော်

နေပြည်တော် ဇူလိုင် ၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)၏ ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။**



ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးခွန်မြင့်ထွန်း



ဦးခွန်မောင်သောင်း

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် တက်ရောက်လာကြသူများက နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပသည့် ဖွဲ့စည်းပုံတစ်ခုလုံး၏ အားသာချက်၊ အားနည်းချက်များနှင့် ညှိနှိုင်းဆွေးနွေးမည့်ပုံစံ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများ အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့် ကျင်းပမည့်ပုံစံ၏ အားသာချက်၊ အားနည်းချက်များ၊ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော အကြောင်းအရာ အခြေခံကိစ္စရပ်များ၊ CSOs ဖိုရမ်ဆိုင်ရာကိစ္စရပ်များနှင့် ဆွေးနွေးမည့်ခေါင်းစဉ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်သော လုပ်ငန်းလမ်းညွှန်မှု ကိစ္စရပ်များအား ဆက်လက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးခွန်မြင့်ထွန်းနှင့် ဦးခွန်မောင်သောင်းတို့က ၎င်းတို့၏အမြင်များကို ပြောပြခဲ့သည်-

**ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ အတွင်းရေးမှူး(၁)**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ**
**အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

ဆပ်ကော်မတီ(၁)ရဲ့အစည်းအဝေးဟာ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကို ပြန်လည်သုံးသပ်ဖို့ဖြစ်ပါတယ်။ ပြန်လည်သုံးသပ်တဲ့နေရာမှာ ဘာတွေပါမလဲ၊ ဘယ်သူတွေပါမလဲ ဆွေးနွေးတယ်။ အခုက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ကိုပါ ဆွေးနွေးတယ်။

အဓိကဆွေးနွေးတာက နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ ဆွေးနွေးမယ့်အကြောင်းအရာတွေကို ကဏ္ဍကြီး ငါးခုထဲကနေ အကြောင်းအရာ ၁၀ ခုရွေးချယ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ UPDJC က အဓိက Negotiation လုပ်ရမယ်။ အဲဒီအဆင့်မှာ တကယ့်အခြေခံမူတွေနဲ့ ပတ်သက်တာတွေကို ဆွေးနွေးမယ်။ ဒီအောက်မှာ ကဏ္ဍကြီး ငါးခုအလိုက် လုပ်ငန်းကော်မတီတွေဖွဲ့မယ်။ ဒီလုပ်ငန်းကော်မတီကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတက်ရောက်မယ့် ကိုယ်စားလှယ်တွေနဲ့ ဖွဲ့မယ်။ UPDJC အတွင်းရေးမှူးအဖွဲ့တွေကနေ ဦးဆောင်ပြီး မူဝါဒပိုင်းဆိုင်ရာတွေ ဆွေးနွေးမယ်။

ဒီလုပ်ငန်းကော်မတီကပဲ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျင်းပမယ့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးကြပြီး ကျင်းပမယ်လို့ ဆွေးနွေးထားပါတယ်။ ပြီးတော့ Civil Society ကဏ္ဍကလည်း နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးနိုင်တယ်။ အထူးသဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးနိုင်တယ်။ ဒီနေ့ဆွေးနွေးပွဲမှာ သူတို့ဆွေးနွေးမယ့် အကြောင်းအရာတွေကို သတ်မှတ်ပေးတယ်။ သူတို့ရဲ့ဆွေးနွေးပွဲရလဒ်တွေကို UPDJC အတွင်းရေးမှူး အဖွဲ့တွေကနေ ဦးဆောင်တဲ့ လုပ်ငန်းကော်မတီမှာ တင်ပြမယ်။ ပြီးရင် UPDJC တင်မယ်။ UPDJC ကနေတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူညီခဲ့ရင် ဒီသဘောတူညီချက်တွေက ပြည်ထောင်စုသဘောတူစာချုပ် ဖြစ်သွားမှာ ဖြစ်ပါတယ်။

**ဦးခွန်မြင့်ထွန်း၊ အဖွဲ့ဝင်**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ**
**အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

(၂၁) ရာစုပင်လုံအတွက် နှစ်ဖက်အပြန်အလှန် ဆွေးနွေးတာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုက ပိုပြီးရလာတယ်။ အထူးသဖြင့် (၂၁) ရာစု ပင်လုံအတွက် ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ဆုံးဖြတ်နိုင်ခဲ့တယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဒီလ ၁၇ ရက်မှာ ဆွေးနွေးဖို့ရှိတယ်။ အရင်အစိုးရလက်ထက်တုန်းက လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ညီလာခံကျရင် မူဘောင်ရေးဆွဲတဲ့အထဲမှာ ပါဝင်ပေးဖို့၊ ညီလာခံကျရင် ပါဝင်တက်ရောက်ဆွေးနွေးခွင့်ပေးဖို့ တောင်းဆိုတာ မအောင်မြင်ခဲ့ဘူး။

အခုဒီမှာကျတော့ လက်မှတ်မထိုးရသေးတဲ့ ညီနောင်တွေ ပါဝင်တက်ရောက်ခွင့်၊ ဆွေးနွေးခွင့်ရရှိမယ်။ ပြီးတော့ ကြားကာလမှာ လက်မှတ်ရေးထိုးဖြစ်ရင်ဖြစ်စေ၊ မထိုးဖြစ်ရင်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် ညီနောင်တွေ ညီလာခံကို တက်ရောက်ခွင့်ရှိမယ်။ အားလုံးရဲ့ သဘောထားကို တင်ပြခွင့်ပြုမယ်လို့ ဆုံးဖြတ်နိုင်ခဲ့တယ်။ ဒါက နှစ်ဖက်အတွက် ကောင်းတဲ့အချက် ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း၊ အဖွဲ့ဝင်**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ**
**အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

ပင်လုံဆိုတဲ့ စကားလုံးပါလာတာနဲ့ တိုင်းရင်းသားတွေ နှစ်သက်ကြပါတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက အရင်ပင်လုံညီလာခံကနေ သတ်မှတ်ခဲ့တဲ့ ကတိကဝတ်တွေကနေ ဆင်းသက်လာတယ်။ အခု (၂၁) ရာစု ပင်လုံက ငြိမ်းချမ်းရေးရရှိနိုင်မယ့်လမ်းစလို့ တိုင်းရင်းသားအားလုံးက မြင်ပါတယ်။

တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းရေးကို မျှော်လင့်ကြတယ်။ နှစ်ပေါင်း ၆၀ ကျော် မဖွံ့ဖြိုးသေးတဲ့ ကိစ္စတွေ၊ အခက်အခဲတွေ၊ ယုံကြည်မှုနည်းတာတွေဟာ တည်ငြိမ်အေးချမ်းမှု ကွယ်ပျောက်သွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားအားလုံး ကျရာအခန်းကဏ္ဍကနေ ပါဝင်ပေးကြဖို့ ပြောချင်ပါတယ်။ လက်မှတ်ရေးထိုးဖို့ အားလုံးပါဝင်နိုင်လေ ကောင်းလေ ဖြစ်ပါတယ်။

# ရွှေတောင်တွင် အထည်စက်ရုံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ဂျပန်နိုင်ငံ Tsuyatomo Co., Ltd. မှ President Mr. Oguri Yoshihiro ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Tsuyatomo Co., Ltd. အနေဖြင့် စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ Japan- Myanmar Textile Training Center ဖွင့်လှစ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၆** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ **(မြန်မာ့အလင်း)**

# မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Pisanu Suvanajata အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေး၊ သတ္တုတူးဖော်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သော မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းစသည်တို့နှင့် လိုက်လျောညီထွေရှိစေရေးအတွက် လယ်ယာကဏ္ဍတွင် ပြောင်းလဲလာသည့် သီးနှံစိုက်ပျိုးမှုပုံစံများ၊ ရေရရှိရေးအတွက် ဆောင်ရွက်သည့်အစီအမံများနှင့် နှစ်နိုင်ငံအပြန်အလှန် အကျိုးပြုနိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပတ်ဝန်းကျင်ဝန်ကြီးများအဆင့်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စများကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာမြှင့်တင်မှုဖြင့် အနာဂတ်ကာလအတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုအဖြစ် အလေးထားဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်သား မိသားစုဝင် သား/သမီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများ၊ စစ်သည်များနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးဆုရရှိသူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ် ပညာသင်ဆု ချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာ၏ အရေးပါမှုနှင့်ပတ်သက်၍ "ပညာသမာအာဘာနတ္ထိ" ပညာနှင့်တူသောအရာမရှိ ဆိုသည့် မြန်မာဆိုရိုးနှင့်အညီ "ပညာ"ဆိုသည်မှာ အဖိုးထိုက်တန်သော ရတနာတစ်ပါးလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများသည် ပညာရေးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာမြှင့်တင်မှုများကို အနာဂတ်ကာလအတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုအဖြစ် အလေးထားဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ကာလတွင် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကသာ ကမ္ဘာကြီးကို ဦးဆောင်နေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် "Knowledge is Power" ပညာသည် စွမ်းအားဖြစ်ခြင်းကြောင့် နိုင်ငံ့စွမ်းအား တည်ဆောက်ရာတွင် ပညာရေးကို အခြေပြုပြီး အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ် မှန်ကန်စေရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ ရေရှည်အကျိုးကို မျှော်ကိုးပြီး လက်တွေ့ကျကျ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ပညာရည်ထူးချွန်သော စစ်သည်များ၊ ကျောင်းသား ကျောင်းသူများကိုလည်း ဒေသန္တရဗဟုသုတရရှိစေရန် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများသို့ ပြည်ပလေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးလျက်ရှိရာ လေးနှစ်တာကာလအတွင်း ထူးချွန်စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း သားသမီး ၁၆၈၆ ဦးကို ဆုချီးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ယင်းလုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေခြင်းသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် သမိုင်းစဉ်ဆက်ဆောင်ရွက်ခဲ့သည့် အမျိုးသားရေးတာဝန်များကို မပျက်မကွက်ထမ်းရွက်နေခြင်းပင်ဖြစ်ကြောင်း။

မိဘများ၏ အားပေးသွန်သင်ဆုံးမမှု၊ ဆရာ ဆရာမများ၏ သင်ကြားလေ့ကျင့်ပေးမှုများနှင့် မိမိကိုယ်တိုင် အပတ်တကုတ် ကြိုးစားအားထုတ်မှုတို့ကြောင့် ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

အသိပညာ၊ အတတ်ပညာသင်ကြားပေးသော ဆရာဆိုသည်မှာ ထာဝရဆရာပင်ဖြစ်သည်ကို မမေ့ရန်လိုကြောင်း၊ မကြာမီ အဆင့်မြင့်ပညာများကို ဆက်လက်လေ့လာဆည်းပူးသင်ယူရတော့မည်ဖြစ်၍ မှန်ကန်သောရွေးချယ်မှုနှင့် မှန်ကန်သော ထိန်းကျောင်းမှုများရှိရန်လိုကြောင်း။

မိမိကိုယ်ကိုယ် ထိန်းကျောင်းမှုဖြင့် ကိုယ့်မိသားစုအသိုက်အဝန်းနှင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့် ပညာရှင်များဖြစ်လာအောင် ပညာရေးကိုသာ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာခေတ်(Knowledge Age) နှင့် ကိုက်ညီသည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း၊ အခြေခံတတ်သိရမည့် ပညာရပ်များကို တတ်သိသော လူ့ဘောင်အဖွဲ့အစည်း (Average Citizen) များ ဖြစ်ပေါ်လာရေး တပ်မတော်က ပါဝင်ဆောင်ရွက်မြှင့်တင်ပေးနေမှုများတွင် စွမ်းအားရှိသရွေ့ စွမ်းရည်ရှိသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ ဘက်စုံပညာထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကဗျာ ဆုရရှိသူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆုများပေးအပ်ချီးမြှင့်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ခြောက်ဘာသာဂုဏ်ထူးနှင့် ဘက်စုံပညာထူးချွန်လူငယ်ဆု ပူးတွဲရရှိသူ သမီး မအိဇင်မျိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပသော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိကြသော စစ်သည် ၁၆ ဦး၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာဂုဏ်ထူးရှင် ၅၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၈၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃၃ ဦး၊ နိုင်ငံတော်အဆင့် ဘက်စုံ ပညာထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦးကို လည်းကောင်း၊ နိုင်ငံတော်အဆင့် ဆောင်းပါး/စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူ ခြောက်ဦး၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သား မိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီး ၇၀ နှင့် အကြောင်းအမျိုးမျိုးကြောင့် အခမ်းအနားမတက်ရောက်နိုင်သူ ၁၂ ဦး စုစုပေါင်း ၅၃၀ တို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ယနေ့ပညာရည်မြှင့်တင်မှု ဂုဏ်ပြုအခမ်းအနားတွင် ပညာဒါနစေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဂုဏ်ထူးရစစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများမှ တစ်ဘာသာဂုဏ်ထူးရရှိသူ ၇၄၃ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၉၈ ဦး အပါအဝင် ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၃၅၇ ဦးအား ဂုဏ်ထူး တစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် ၁၀၅၀၀ နှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်**

# ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များ ဆန္ဒအလျောက် နေရပ်ပြန်ရေးအတွက် စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့ ကြီးမှူးကျင်းပသည့် ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များ ဆန္ဒအလျောက် နေရပ်ပြန်ရေးအတွက် မဟာဗျူဟာမြောက် လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲချမှတ်နိုင်ရေးဆိုင်ရာ နှီးနှောဖလှယ်မှုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပသည်။ **(ယာပုံ)**




အလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများအပါအဝင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးမှုအပါအဝင် ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ယင်းကဲ့သို့သော တိုးတက်မှုများ လျင်မြန်စွာဖြစ်ပေါ် တိုးတက်လာသည့်အတွက် ထိုင်းနိုင်ငံဘက်တွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား ဒုက္ခသည်များအနေဖြင့် ယခုအခါ နေရပ်ပြန်လာမည့်အလားအလာ တွေ့မြင်နေရပြီ ဖြစ်ကြောင်း၊ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ ယာယီစခန်းကိုးခုတို့၌ နေထိုင်လျက်ရှိကြသည့် ဒုက္ခသည် ၁၀၅၀၀၀ အနက် အချို့မှာ နေရပ်သို့ပြန်ရန် စီစဉ်နေကြသည်ကို သိရှိရကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၅ သန်းဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ နေအိမ်ဆောက်လုပ်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လုပ်ငန်းများအား ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယခုစီမံကိန်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာတမ်း ထပ်မံလက်မှတ်ရေးထိုး၍ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ဒုက္ခသည်များ နေရပ်ပြန်လာရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့အား လုံခြုံမှုရှိရှိ၊ ဂုဏ်သိက္ခာရှိရှိနှင့် ရေရှည်နေရပ်ပြန်ခြင်းမျိုးဖြစ်အောင် ဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ၎င်းတို့အား လက်ခံမည့် လူထုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် လက်တွဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်းနှင့် ဒုက္ခသည်များ ဘေးကင်းလုံခြုံစွာဖြင့် နေရပ်ပြန်လာနိုင်ရေးအတွက် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ UNHCR ၏ မဟာဗျူဟာမြောက် လုပ်ငန်းစီမံချက် ကမ္ဘာလုံးဆိုင်ရာ သတ်မှတ်ချက်နှင့် စည်းမျဉ်းများ၊ နေရပ်ပြန်လာမှုဆိုင်ရာ ချဉ်းကပ်ပုံစံများ၊ နေရပ်ပြောင်းရွှေ့သူများ နေရပ်ပြန်လာရေးအပေါ် လေ့လာမှုများ၊ သက်ဆိုင်သည့် ကိစ္စရပ်များ၊ အဆင်ပြေသည့် နေရပ်ပြန်ခြင်းအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်း၊ လုပ်ငန်းစဉ်များအတွက် တာဝန်ယူမှုအပိုင်း၊ ပြန်လည်ပေါင်းစည်းမှုဆိုင်ရာ စိန်ခေါ်မှုများ ဖော်ထုတ်ခြင်းနှင့် အဆိုပါ စိန်ခေါ်မှုများအပေါ် တာဝန်ယူဆောင်ရွက်သွားရမည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ အဖွဲ့လိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မြန်မာဒုက္ခသည်များ ဆန္ဒအလျောက် နေရပ်ပြန်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် မဟာဗျူဟာမြောက် လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ကြသည်။

**(သတင်းစဉ်)**

# ထင်းနှင့်မီးသွေးသုံးစွဲမှု

**ဦးဝင်းကြည်(အငြိမ်းစားပါမောက္ခချုပ်)(သစ်တောတက္ကသိုလ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်မေလကထုတ်ပြန်ခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၁၄၈၆၂၅၃ ဦးရှိပြီး အိမ်ထောင်စုပေါင်း ၁၀၈၇၇၀၃ စု ရှိကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ မြန်မာပြည်သူများ အစားအစာချက်ပြုတ်ရာတွင် အဓိကသုံးစွဲသည့် လောင်စာများမှာ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနံဆီ၊ ဇီဝဓာတ်ငွေ့၊ ထင်း၊ မီးသွေး၊ ကျောက်မီးသွေး၊ ကောက်ရိုး၊ မြက်ခြောက်နှင့် အခြားလောင်စာများဖြစ်ကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးသုံးစွဲသည့် လောင်စာသုံးမျိုးမှာထင်း (၆၉ ဒသမ ၃ ရာခိုင်နှုန်း)၊ လျှပ်စစ် (၁၆ ဒသမ ၃ ရာခိုင်နှုန်း)နှင့် မီးသွေး (၁၁ ဒသမ ၈ ရာခိုင်နှုန်း) အသီးသီးဖြစ်ကြပြီး ဓာတ်ငွေ့သုံးစွဲသည့် အိမ်ထောင်စုသည် ၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိသေးကြောင်း တွေ့မြင်နိုင်သည်။

**ထင်းသုံးစွဲမှု**

စာရေးသူအနေဖြင့် ၁၉၉၉ ခုနှစ်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရှိ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် ငါးမြို့နယ်မှ အိမ်ထောင်စုများနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများ (Cottage Industry)၏ ထင်းနှင့်မီးသွေးသုံးစွဲမှုများကို စာရေးသူ ကွင်းဆင်းလေ့လာမှုများအရ မြို့နေအိမ်ထောင်စုတစ်စုသည် နေ့စဉ်အစားအစာချက်ပြုတ်ရန် အတွက် တစ်နှစ်လျှင်ပျမ်းမျှ ထင်း ၂ ကုဗတန် (၂ ဒသမ ၈၃ ကုဗမီတာ၊ ၁ ကုဗတန်=၅၀ကုဗ ပေ=၁ ဒသမ ၄၁၆ ကုဗမီတာ)ခန့် သုံးစွဲပြီး ကျေးလက်နေ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင်ပျမ်းမျှထင်း ၂ ဒသမ ၅ ကုဗတန် (၃ ဒသမ ၅၄ ကုဗမီတာ) ခန့်သုံးစွဲကြောင်း တွေ့ရှိရသည်။

ယင်းတွေ့ရှိချက်ကို အခြေခံ၍ မြန်မာတစ်နိုင်ငံလုံးမှ အစားအစာချက်ပြုတ်ရန်အတွက် တစ်နှစ်လျှင်သုံးစွဲသည့် ထင်းပမာဏစုစုပေါင်းသည် တစ်နှစ်လျှင် ၁၈၄၄၀၆၂၉ ကုဗတန်ခန့် (ကုဗတန် ၁၈ ဒသမ ၄ သန်းခန့်)ရှိမည် ဖြစ်သည်။

**မီးသွေးသုံးစွဲမှု**

မီးသွေးသုံးစွဲမှုသည် အိမ်ထောင်စု၏ အရွယ်အစား (မိသားစုဝင်ဦးရေ)နှင့် ဝင်ငွေပေါ်တွင်မူတည်၍ တစ်ရက်လျှင် မီးသွေး ၅၀ ကျပ်သားမှ တစ်ပိဿာ ၂၅ ကျပ်သားအထိရှိကြောင်း လေ့လာသိရှိရသည်။ ခန့်မှန်းမှုအရ အိမ်ထောင်စုတစ်စုသည် တစ်ရက်လျှင် မီးသွေး ၇၅ ကျပ်သား သုံးစွဲသည်ဟု ခန့်မှန်း၍ ရပါသည်။ ထို့ကြောင့် အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် မီးသွေးပမာဏ ၂၇၄ ပိဿာခန့် (၄၃၈ ဒသမ ၄ ကီလိုဂရမ်/၀ ဒသမ ၄၃၈၄ မက်ထရစ်တန်) သုံးစွဲမည်ဖြစ်သည်။ သို့ပါ၍ မြန်မာတစ်နိုင်ငံလုံးမှ တစ်နှစ်သုံးစွဲသည့် မီးသွေးပမာဏစုစုပေါင်းသည် ၅၆၂၀၈၀ မက်ထရစ် တန်ခန့်ရှိမည် ဖြစ်သည်။ မီးသွေးဖုတ်ရာတွင် မီးသွေး ၁ မက်ထရစ်တန် ရရှိရန် လေဖြင့်အခြောက်ခံထားသောထင်း (Air-dried fuel-wood) ၃ မက်ထရစ်တန်လိုမည်ဟု ယူပါမည်။ထို့ကြောင့် မီးသွေးသုံးစွဲသော အိမ်ထောင်စုတစ်စု တစ်နှစ်သုံးစွဲသည့် မီးသွေးပမာဏ ၄၃၈ ဒသမ ၄ ကီလိုဂရမ်ရရှိရန်အတွက် ထင်းပမာဏ ၁၃၁၅ ဒသမ ၂ ကီလိုဂရမ်သို့မဟုတ် ၁ ဒသမ ၃၁၅၂ မက်ထရစ်တန်ခန့်လိုအပ်မည် ဖြစ်သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးမှ မီးသွေးသုံးစွဲသည့် အိမ်ထောင်စုပေါင်း ၁၂၈၂၁၁၈ စု (မြို့ပြရော ကျေးလက်ပါ)ကသုံးစွဲသည့်(အထက်တွင်ဖော်ပြခဲ့သော) မီးသွေးအလေးချိန်ပမာဏ ၅၆၂၀၈၀ မက်ထရစ်တန်ရရှိရန်အတွက် ထင်းထုထည်ပမာဏစုစုပေါင်း ၁၅၈၉၈၂၆ ကုဗတန်ခန့် (ကုဗတန် ၁ ဒသမ ၅ သန်းခန့်) လိုအပ်မည်ဖြစ်သည်။

**ထင်းစုစုပေါင်းလိုအပ်ချက်**

ထင်းသုံးစွဲသောအိမ်ထောင်စုပေါင်း ၇၅၃၂၆၆၁ စုက တစ်နှစ်သုံးစွဲသည့် ထင်းပမာဏစုစုပေါင်းသည် ၁၈၄၄၀၆၂၉ ကုဗတန်ခန့်ရှိပြီး မီးသွေးသုံးစွဲသောအိမ်ထောင်စုပေါင်း ၁၂၈၂၁၁၈ စုအတွက် ထင်းလိုအပ်ချက်ပမာဏ စုစုပေါင်းသည် တစ်နှစ်လျှင် ၁၅၈၉၈၂၆ ကုဗတန်ခန့်ရှိခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ ထင်းနှင့်မီးသွေးသုံးစွဲသည့် အိမ်ထောင်စုပေါင်း ၈၈၁၄၇၇၉ စုက အစားအစာချက်ပြုတ်ရန် တစ်နှစ်အတွက် လိုအပ်သော ထင်းပမာဏစုစုပေါင်းသည် ၂၀၀၃၀၄၅၅ ကုဗတန်ခန့် (ကုဗတန်သန်း ၂၀ ခန့်)ရှိမည်ဖြစ်သည်။

**ထင်းရရှိနိုင်သည့် ရင်းမြစ်များ**

ဤတွင်ထင်းသုံးစွဲသည့် အိမ်ထောင်စုများ တစ်နှစ်သုံးစွဲသော ထင်းကုဗတန်ပေါင်း ၁၈ ဒသမ ၄ သန်းခန့်ကို မည်သည့် ရင်းမြစ်များ (Sources) မှ ရရှိနေကြသနည်းဆိုသည့် မေးခွန်းသည် စိတ်ဝင်စားဖွယ်မေးခွန်းဖြစ်၍လာပါသည်။

လွန်ခဲ့သော ၁၀ နှစ်၊ ၁၅ နှစ်ခန့်အထိ ကျေးလက်လူထုအများစုသည် ထင်းကိုသစ်တောများမှသာ အဓိကရယူခဲ့ကြခြင်းဖြစ်သည်။ တစ်နှစ်စာကုန်ကျမည့် ထင်းများကို လယ်ယာလုပ်ငန်းများပြီးစီးချိန်နွေရာသီတွင် စုဆောင်းလေ့ရှိကြသည်။

ထင်းစုဆောင်းရာတွင်လည်း အပင်ခြောက်များ၊ ကိုင်းခြောက်များကိုသာ ဦးစားပေး၍ ခုတ်လှဲပိုင်းဖြတ်ကြခြင်းဖြစ်သည်။

စာရေးသူနှစ်ပေါင်း ၃၀ ကျော်နေထိုင်ခဲ့သော ရေဆင်းဒေသရှိ ကျေးရွာများမှ ရွာသူရွာသားများသည် ယခင် (၂၀၀၅ ခုနှစ်၏ ရှေ့ပိုင်း)က ထင်းများကို ရှမ်းရိုးမအခြေရှိ ရေဆင်းကြိုးဝိုင်းသို့သွားရောက် စုဆောင်းကြသည်။ သယ်ယူကြသည်။ ၂၀၀၆ ခုနှစ်က နေပြည်တော်တည်ထောင်ပြီးချိန်တွင် အဆိုပါသစ်တောများသို့သွားရောက်၍ မရတော့ခြင်းကြောင့် ထင်း၏တန်ဖိုးကို ပိုမို၍သိရှိလာကြသည့်အလျောက် မိမိတို့ခြံဝင်းနှင့် ယာစည်းရိုးများတွင် ဘောစကိုင်းပင်၊ ပေါက်ပင်များစိုက်ပျိုးထားကြပြီး ကိုင်းချိုင်၍ သုံးစွဲကြကြောင်း၊ ကုက္ကိုပင် (သဘော်ကုက္ကို)သည် ကိုင်းထွက်အားကောင်းသော်လည်း အရိပ်ကျမှုများသောကြောင့် ယာခင်းတွင် စိုက်ပျိုးထားသည့် အပင်များလောင်းရိပ်မိပြီး မဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် ကုက္ကိုပင်ကို ယာစည်းရိုးတွင် မစိုက်ပျိုးကြကြောင်း ကြားသိရသည်။

ထင်းကိုသစ်တောများရှိ သစ်ပင်များ၊ အိမ်ခြံဝင်းနှင့် ဥယျာဉ်များရှိ သစ်ပင်များ၊ လယ်ယာစည်းရိုးရှိ သစ်ပင်များ၊ ကားလမ်းဘေးမှသစ်ပင်များနှင့် ရွာဝန်းကျင်ရှိ သစ်ပင်များမှ ရရှိနိုင်သည်။ ထို့ပြင် မြန်မာ့သစ်လုပ်ငန်းမှ သစ်စက်ကြီးများနှင့် ပုဂ္ဂလိကသစ်စက်များမှလည်း ရရှိနိုင်သည်။

ထင်းစုဆောင်းရာတွင်လည်း တောတွင်းမှသစ်ပင်များကို ခုတ်လှဲခြင်းနှင့် ကိုင်းခြောက်များ၊ အပင်ခြောက်များကိုသာ စုဆောင်းခြင်းဟူ၍ နှစ်မျိုးရှိပြီး တောတွင်းမှမဟုတ်သော သစ်ပင်များမှစုဆောင်းရာတွင် ကိုင်းခြောက်များကောက်ခြင်း (ထင်းခွေခြင်း)၊ သစ်ပင်မှ ကိုင်းခြောက်များကိုသာ ခုတ်ယူခြင်း၊ ကိုင်းချိုင်ခြင်းနှင့် အပင်အိုကြီးများကို ခုတ်လှဲကြခြင်းဖြစ်သည်။

စာရေးသူ စုံစမ်းကြည့်ရသလောက် ရေဆင်းဒေသမှ ရွာနှစ်ရွာတွင် အိမ်ထောင်စုပေါင်း ၃၆၃ စုရှိသည့်အနက် အိမ်ထောင်စု ၂၂၂ စုက လျှပ်စစ်မီးရှိကြောင်း၊ လျှပ်စစ်မီးရှိသူအားလုံး ချက်ပြုတ်ရာတွင် လျှပ်စစ်ကိုသာ သုံးစွဲကြပြီး လျှပ်စစ်မီးမရှိသူများက ထင်းကိုခြံဝင်းနှင့် ယာစည်းရိုးများရှိ ဘောစကိုင်းပင်နှင့် ပေါက်ပင်များမှ ရယူကြကာ ယာဘေးထွက်ပစ္စည်းများဖြစ်သည့် ကြံငုတ်၊ ပြောင်းရိုးနှင့် ပြောင်းဖူးအူတိုင်များကိုလည်း ထင်းနှင့်တွဲ၍ သုံးစွဲကြကြောင်း သိရှိရသည်။

ညောင်ဦးမြို့အနီးရှိ စာရေးသူ၏ မိတ်ဆွေများရွာတွင်လည်း လျှပ်စစ်မီးရရှိနေပြီဖြစ်သောကြောင့် လျှပ်စစ်ဖြင့်သာ ချက်ပြုတ်ကြကြောင်း လျှပ်စစ်မီးမရှိသည့် အိမ်ထောင်စုများ (၂၂ရာခိုင်နှုန်းခန့်) အနေဖြင့် ကန္တာရပင်များကို ထင်းအဖြစ်သုံးစွဲကြကြောင်း၊ ရွာဝန်းကျင်ရှိ ကန္တာရပင်များဖြင့် ဖူလုံ လုံလောက်ကြောင်း သိရသည်။

အလားတူ မုံရွာမြို့ဝန်းကျင်ရှိ ကျေးရွာလေးရွာမှာ လျှပ်စစ်မီးရရှိလာသဖြင့် မီးမရသောရွာအချို့၌သာ ထင်းကို အသုံးပြုနေကြသည်။

မြို့ပြအိမ်ထောင်စုများ (အားလုံးနီးပါး) သည် ထင်းကိုဝယ်ယူသုံးစွဲကြခြင်းဖြစ်သည်။ ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်ကြသော လက်လုပ်လက်စားများအနေဖြင့်မူ သစ်ပင်များမှ ထင်းခြောက်များကို လိုက်လံကောက်ယူ၍ သုံးစွဲကြခြင်းဖြစ်သည်။

ထင်းကို အထက်ဖော်ပြပါ ရင်းမြစ်များအပြင် သစ်စက်များမှလည်း ရရှိကြသည်။ သစ်စက်များမှထွက်ရှိသော ဘကာထင်းများကို ချက်ပြုတ်ရာတွင် သုံးစွဲကြခြင်းဖြစ်သည်။ ရမည်းသင်းခရိုင်တွင် ၁၉၉၉ ခုနှစ်က ကွင်းဆင်းဆောင်ရွက်ခဲ့သော တွေ့ရှိချက်များအရ ယင်းခရိုင်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း သစ်စက်ခြောက်လုံး၊ ပုဂ္ဂလိကသစ်စက် ၃၁ လုံးနှင့် ပြန်လည်ခွဲစိတ်စက် ၁၆ လုံးမှ တစ်နှစ်လျှင် ဘကာထင်း ကုဗတန် ၂၂၆၀၀ ခန့်ထွက်ရှိပြီး ထိုထင်းများကို သစ်စက်များအနီးအနားတွင် နေထိုင်ကြသူများက ဝယ်ယူသုံးစွဲကြကြောင်း၊ ထင်းကုန်သည်များက ဘကာများကို လက်ကားဝယ်ယူ၍ ထင်းစီးများအဖြစ် ပြုလုပ်ကာ မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ သစ်စက်အနီးမှ အချို့အိမ်ထောင်စုများက လွှစာမှုန့်ကို သုံးစွဲကြကြောင်း သိရသည်။

ရော်ဘာစိုက်ခင်းများမှလည်း ထင်းရရှိပြီး အထွက်နှုန်းနည်းလာသည့် သက်ရင့်ရော်ဘာစိုက်ခင်းများကို အပြောင်းရှင်းသည့်အခါတွင် ထင်းအများအပြားရရှိသည်။ အပြောင်းရှင်းသည့် ရော်ဘာစိုက်ခင်းအချို့မှ သစ်လုံးကောင်းများကို ကြာရှည်ခံဆေးသွင်းပြီး ပရိဘောဂများပြုလုပ်ကြကြောင်း သိရသည်။

မီးသွေးဖုတ်သည့် ထင်းကုန်ကြမ်းအားလုံးနီးပါးကို သစ်တောများမှ ရယူကြသည်။ မီးသွေးဖိုများကို သစ်တောများအနီးအနားရှိရွာများတွင် တည်ထားလေ့ရှိကြသည်။ ထင်းကုန်ကြမ်းများကို မီးသွေးဖိုများသို့ သယ်ယူစရိတ်သက်သာစေရန်ဖြစ်သည်။ တရားမဝင် မီးသွေးဖုတ်သူများအနေဖြင့် သစ်တောများအတွင်း ယာယီတည်ဆောက်ထားသော မြေပေါ်ဖို၊ မြေကျင်းဖိုများဖြင့် မီးသွေးဖုတ်လေ့ရှိကြသည်။

မြစ်ဝကျွန်းပေါ်ဒေသများတွင် တရုတ်ဖိုကြီးများကို အခိုင်အမာတည်ဆောက်၍ မီးသွေးဖုတ်ကြကြောင်း၊ ထင်းကုန်ကြမ်းအများစုကို ဒီရေတောများမှရရှိကြပြီး ဥယျာဉ်ခြံများမှလည်း ရရှိကြောင်းကြားသိရသည်။ (ထင်းကုန်ကြမ်းရရှိရန် ထိုင်းနိုင်ငံကဲ့သို့ ပုဂ္ဂလိကထင်းစိုက်ခင်းများ တည်ထောင်မှုမရှိသေးပါ)

မြို့နှင့်အလှမ်းဝေးသော သစ်စက်အချို့မှ ဘကာထင်းများကိုလည်း မီးသွေးဖုတ်လေ့ရှိကြသည်။ ယခင်အချိန်က ပျဉ်းမနားမြို့နယ်ရှိ မရမ်းခုံသစ်စက်တွင် ဘကာထင်းများကို မြေပေါ်ဖိုဖြင့် မီးသွေးဖုတ်သည်ကို စာရေးသူကိုယ်တိုင် တွေ့မြင်မှတ်သားခဲ့ဖူးပါသည်။

**ထင်းမှအပ အခြားလောင်စာများရရှိသည့် ရင်းမြစ်များ**

နေ့စဉ်အစားအစာချက်ပြုတ်ရာတွင် ထင်း (သစ်ပင်မှရရှိသည့်သစ်သား) အပြင် အခြားလောင်စာများကိုလည်း သုံးစွဲကြသည်။ အထူးသဖြင့် ကျေးလက်လူထုသည် မိမိတို့၏ လယ်ယာမှ ရရှိသည့် ဘေးထွက်ပစ္စည်းများနှင့် ဒေသအလိုက်ပေါက်ရောက်မှုများသည့် အုန်းပင်၊ ထန်းပင်များ၏ ဘေးထွက်ပစ္စည်းများကိုလည်း ထင်းနှင့်တွဲ၍သုံးစွဲကြသည်။ လယ်ယာဘေးထွက်ပစ္စည်းများဖြစ်ကြသည့် ကောက်ရိုး၊ နှမ်းရိုး၊ ပဲစင်းငုံရိုး၊ ပြောင်းရိုး၊ ကြက်ဆူရိုး၊ မြက်ခြောက်၊ ကြံငုတ်၊ ပြောင်းဖူးအူတိုင်၊ မြေပဲခွံ စသည်များနှင့် အုန်းလက်၊ အုန်းရွက်၊ အုန်းသီးအခွံ၊ အုန်းမှုတ်၊ ထန်းလက်၊ ထန်းရွက်၊ ထန်းနို့၊ ထန်းစေ့ စသည်တို့ကိုသုံးစွဲလေ့ရှိကြသည်။ ဝါးကိုလည်း ထင်းအဖြစ်သုံးစွဲသူအများအပြားရှိသည်။

**အိမ်တွင်းစက်မှုလုပ်ငန်းများ၏ ထင်းသုံးစွဲမှု**

နို့ဆီ၊ သကြား၊ အရက် စသည့်စားသောက်ကုန် အိမ်တွင်းစက်မှုလုပ်ငန်းများ၊ အုတ်၊ ထုံးစသည့် ဆောက်လုပ်ရေးပစ္စည်းများထုတ်လုပ်သည့် အိမ်တွင်းစက်မှုလုပ်ငန်းများမှ သုံးစွဲသည့် ထင်းများသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

အထက်တွင်ဖော်ပြခဲ့သော ရမည်းသင်းခရိုင်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ ရမည်းသင်းခရိုင်၌ အစိုးရသကြားစက်ရုံ နှစ်ရုံ၊ ပုဂ္ဂလိကသကြားစက်ရုံ ငါးရုံ၊ နို့ဆီချက်စက်ရုံ သုံးရုံ၊ အရက်ချက်စက်ရုံ ငါးရုံ၊ အုတ်ဖို ၁၁ ဖိုနှင့် ထုံးဖို ငါးဖိုရှိရာ ယင်းစက်ရုံများနှင့် ဖိုများက တစ်နှစ် သုံးစွဲသော လောင်စာအမျိုးမျိုး၏ ပမာဏများမှာ ထင်း ၂၈၆၄၄ ကုဗတန်၊ လွှစာမှုန့် ၂၄၈၈ ကုဗတန်၊ စပါးခွံ ၁၆၂၉ ကုဗတန်၊ ဝါးထင်း ကုဗတန် ၄၇၀ နှင့် မြေပဲခွံကုဗတန် ၁၀၀ ဖြစ်သည်။ အရက်ချက်စက်ရုံများက ထင်းလုံးဝမသုံးစွဲဘဲ လွှစာမှုန့်နှင့် စပါးခွံကိုသာ သုံးစွဲကြပြီး နို့ဆီချက်စက်ရုံများက ထင်းကို စပါးခွံ၊ ဝါးထင်း၊ မြေပဲခွံများနှင့်တွဲ၍ သုံးစွဲကြပြီး အုတ်ဖိုများနှင့် ထုံးဖိုများအနေဖြင့်မူ ထင်းတစ်မျိုးတည်းကို သာသုံးစွဲကြသည်။

ဖော်ပြပါ လုပ်ငန်းများတွင်သုံးစွဲသည့် ထင်းများသည် အရွယ်အစားကြီးသော ထင်းတုံးကြီးများဖြစ်ပြီး ထင်းလက်ကားရောင်းသူများက သစ်တောများမှ (အားလုံးနီးပါး) ထုတ်ယူကြခြင်းဖြစ်သည်။

ယခုအခါ ထင်းများရှားပါးလာပြီး ဈေးကြီးမြင့်မှုကြောင့် လုပ်ငန်းရှင်များအနေဖြင့် ထင်းအစား အခြားလောင်စာများကို ပြောင်းလဲသုံးစွဲနေကြကြောင်း ကြားသိရသည်။ မန္တလေးမြို့မှ “မြဘုရင်” နို့ဆီလုပ်ငန်းသည် လောင်စာအဖြစ် စပါးခွံကို အဓိကထား၍ သုံးစွဲရာ၊ လိုအပ်သော စပါးခွံများ စဉ်ဆက်မပြတ် ရရှိစေရေးအတွက် ဆန်စက်တည်ထောင်ထားပြီး စပါးကြိတ်ခွဲခမယူဘဲ စပါးခွံများကို ယူထားလိုက်ကြောင်း မှတ်သားထားဖူးပါသည်။

ကျွန်းသစ်တွင် အပူကိုအားပေးသော စီလီကာ (Silica) ပါဝင်မှု အခြားသစ်မျိုးများထက်ပို၍များသဖြင့် ရန်ကုန်မြို့ရှိ သံရည်ကျိုစက်အချို့တွင် လောင်စာအဖြစ် ကျွန်းလွှစာမှုန့်များကို သုံးစွဲကြပြီး၊ မြန်မာ့သစ်လုပ်ငန်း ကျွန်းသစ်စက်များမှ ကျွန်းလွှစာမှုန့်များကို အခြားလွှစာမှုန့်များထက် ဈေးပိုပေး၍ ဝယ်ယူကြကြောင်း သိရသည်။



**စားသောက်ဆိုင်များ၏ ထင်းနှင့် မီးသွေးသုံးစွဲမှု**

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စားသောက်ဆိုင်ကြီးအချို့သည် အစားအစာချက်ပြုတ်ရာတွင် သဘာဝဓာတ်ငွေ့ကို သုံးစွဲနိုင်ကြသော်လည်း စားသောက်ဆိုင်အများစုသည် မီးသွေးကိုသာ သုံးစွဲကြပြီး အချို့ဆိုင်များက ထင်းကိုသုံးစွဲကြသည်။ စာရေးသူ၏ တောင်ဥက္ကလာပအိမ်နားမှ တစ်နေ့မုန့် ၅ ပိဿာကုန်သော မုန့်ဟင်းခါးဆိုင်လေးသည် တစ်ရက်လျှင် မီးသွေး နှစ်ပိဿာခန့်ကုန်ကြောင်း၊ နေပြည်တော်မှ တစ်နေ့မုန့်ပိဿာ ၄၀ ကုန်သော မုန့်ဟင်းခါးဆိုင်ကြီးသည် တစ်ရက်လျှင် မီးသွေး ၁၀ ပိဿာခန့်ကုန်ကြောင်း၊ နေပြည်တော်မှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သည် မီးသွေးရော၊ ထင်းပါသုံးစွဲရာ တစ်ရက်လျှင် မီးသွေးပိဿာ ၆၀ ခန့်ကုန်ကြောင်း သိရပါသည်။

မြို့တိုင်း၊ ရွာတိုင်းတွင် စားသောက်ဆိုင်များရှိသကဲ့သို့ အဝေးပြေးလမ်းမများ၏ ဝဲယာတွင်လည်း စားသောက်ဆိုင်အများအပြားရှိသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး၏ ထင်းနှင့် မီးသွေးသုံးစွဲမှု စုစုပေါင်းပမာဏကို ခန့်မှန်းရာတွင် စားသောက်ဆိုင်များ၏ သုံးစွဲမှုကိုပါ ထည့်သွင်းတွက်ချက်ရန် အရေးကြီးသည်။

**တက္ကသိုလ်များ၊ ကျောင်းများ၊ သင်တန်းကျောင်းများ၊ သာသနာရေးကျောင်းများ၊ ဂေဟာများ၊ ဆေးရုံများ၏ ထင်းနှင့် မီးသွေးသုံးစွဲမှု**

ဖော်ပြပါ အဖွဲ့အစည်းများ၏ ထင်းနှင့်မီးသွေးသုံးစွဲမှု ပမာဏသည်လည်း များပြားခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံး၏ ထင်းနှင့်မီးသွေးသုံးစွဲမှု စုစုပေါင်းကို ခန့်မှန်းရာ၌ ထည့်သွင်းတွက်ချက်ရန် အရေးကြီးပါသည်။

**ငါး၊ ပုစွန်ဖမ်းသည့် လှေကြီးများ၏ ထင်းသုံးစွဲမှု**

ပင်လယ်သို့ ငါး၊ ပုစွန်ဖမ်းထွက်သည့် စက်လှေကြီးများ၊ ဖောင်များသည် ဖမ်းမိသောငါးများ ကျပ်တင်ရန်နှင့် ပုစွန်များ ပြုတ်ရန်အတွက် ထင်းအမြောက်အမြား သယ်ဆောင်သွားလေ့ရှိကြောင်း ကြားသိရသည်။ ထို့ကြောင့် ဖော်ပြပါ ထင်းသုံးစွဲမှုပမာဏကိုလည်း ထည့်သွင်းခန့်မှန်းရန် အရေးကြီးပါသည်။

နိုင်ငံတော်၏ နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲရာတွင် ခိုင်မာသောအထောက်အထားများကို အခြေခံနိုင်ရေးအတွက် ထင်းနှင့် မီးသွေးသုံးစွဲမှုပမာဏများနှင့် ထင်းရရှိနိုင်သော ရင်းမြစ်များမှ ထုတ်ယူနိုင်မည့်ပမာဏများကို အနီးကပ်ဆုံး ခန့်မှန်းသိရှိထားရန် အလွန်ပင်အရေးကြီးပါကြောင်း တင်ပြအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားအရေးအတွက် အလုပ်သမားကိုယ်စားပြု ခုံသမာဓိအဖွဲ့ဝင်ရွေးချယ်မည်

**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည်အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့်ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အလုပ်သမားကိုယ်စားလှယ်များကို ရွေးချယ်နိုင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(MICS- TUsF)၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (AFFM-IUF)တို့မှ တိုင်းဒေသကြီး၊ မြို့နယ်အဆင့် အလုပ်သမား ကိုယ်စားလှယ်များကို ဇွန် ၁၅ ရက်တွင် တရားဝင်ဖိတ်ကြားခဲ့သည်။

အလုပ်သမားအဖွဲ့အစည်း မှန်ကန်မှုရှိ/မရှိ စိစစ်ရန် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ထုတ်ပေးခဲ့သည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာအချက်အလက်များပါရှိသည့်ပုံစံ(၂)၊ အလုပ်သမားအဖွဲ့ အစည်းအဖြစ်အသိအမှတ်ပြုလက်မှတ်ပုံစံ (၇) မိတ္တူနှင့် မှတ်ပုံတင်ကတ်မူရင်းတို့ကို ယူဆောင်လာရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကို ဇွန် ၃၀ ရက်ကလည်း ထပ်မံဖိတ်ကြားခဲ့သည်။

တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ပြန်လည်ဖွဲ့စည်းရန်အတွက် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲကို ဇူလိုင် ၃ ရက်က လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပခဲ့ရာတက်ရောက်လာသည့် အလုပ်သမားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ပေးခဲ့သည့်ပုံစံ(၂) နှင့်ပုံစံ(၇)တို့ဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာမြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM) မှ ကိုယ်စားလှယ်များသာ အထောက်အထားပြည့်စုံစွာပါရှိလာပြီး ကျန်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များမှာ အထောက်အထားပြည့်စုံစွာ မပါရှိသဖြင့် မပြေလည်မှုများ ဖြစ်ပွားခဲ့ရသည်။

ဝန်ကြီးဌာနမှ မည်သည့်အလုပ်သမား အဖွဲ့ချုပ်များနှင့်မှ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ အလုပ်သမားအဖွဲ့အစည်းအားလုံးပါဝင်ကာ ညီညီညွတ်ညွတ်ဖြင့် ဝင်ရောက်ရွေးချယ်ခံနိုင်ရေးကို ရည်ရွယ်၍ နည်းလမ်းနှစ်သွယ်ဖြစ်သည့် ကိုယ်စားလှယ်များအား ရွေးချယ်ပြီးမှသာ ပုံစံ(၂) နှင့် ပုံစံ(၇) တို့ ပြည့်စုံမှုရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း သို့မဟုတ် ပုံစံ(၂)နှင့် ပုံစံ(၇) တို့ပြည့်စုံစွာ ယူဆောင်လာပြီးမှသာ ကိုယ်စားလှယ်များအား ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရန် ကြားဝင် ညှိနှိုင်းပေးခဲ့ရာပုံစံ(၂)နှင့်ပုံစံ(၇) တို့ ပြည့်စုံစွာယူဆောင်လာပြီး ဇူလိုင် ၈ ရက်တွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း အလုပ်သမားအဖွဲ့ချုပ်များက သဘောတူခဲ့ကြသည်။

ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်မည့် အလုပ်သမားများရွေးချယ်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ မည်သည့်အစိုးရဌာနဆိုင်ရာများက ဝင်ရောက်စွက်ဖက်ခြင်းမပြုရဘဲ အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက ၎င်းတို့ဆန္ဒနှင့်အညီ လွတ်လပ်စွာရွေးချယ်ရမည်သာ ဖြစ်ပါသည်။ ရွေးချယ်နည်းမှာ အစည်းအဝေးပြုလုပ်ပြီးလက်ထောင်ဆန္ဒပြုနည်းသို့မဟုတ် တစ်ဦးမှ အမည်စာရင်းတင်သွင်း၍ အခြားတစ်ဦးက ထောက်ခံသည့်နည်း သို့မဟုတ် လျှို့ဝှက်ဆန္ဒမဲ/ပြောင်ဆန္ဒမဲပေးသည့်နည်းများကို အလုပ်သမား ကိုယ်စားလှယ်တို့က အလုပ်သမားအကျိုးကိုအမှန်တကယ်အကျိုးပြုဆောင်ရွက်နိုင်သူကိုသာ လွတ်လပ်စွာရွေးချယ်ရမည်ဖြစ်ပါသည်။

ခုံသမာဓိအဖွဲ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး (ဥက္ကဋ္ဌ)၊ အလုပ်ရှင်အဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သောပုဂ္ဂိုလ်သုံးဦး(အဖွဲ့ဝင်)၊ အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်သုံးဦး (အဖွဲ့ဝင်)၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး (အဖွဲ့ဝင်)၊ အလုပ်ရှင်များ သို့မဟုတ် သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်နှစ်ဦး(အဖွဲ့ဝင်)၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦး (အတွင်းရေးမှူး) တို့ဖြင့် ပါဝင်ဖွဲ့စည်းရန်ဖြစ်ပြီး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနများမှ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ တာဝန်ခံအရာရှိများက ဆောင်ရွက်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့များကို အလုပ်သမားရေးရာအငြင်း ပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ နှစ်နှစ်လျှင်တစ်ကြိမ် အဖွဲ့ဝင်များ ပြန်လည်ရွေးချယ်၍ ဖွဲ့စည်းခြင်းဖြစ်သည်။

ခုံသမာဓိအဖွဲ့ဝင်များသည် အသက်(၂၅)နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် ကိုယ်ကျင့်တရားကောင်းမွန်သူလည်းဖြစ်ပြီး သက်ဆိုင်ရာ ခုံသမာဓိ အဖွဲ့ဥက္ကဋ္ဌသည် ဥပဒေရေးရာနှင့်သက်ဆိုင်သော လုပ်ငန်းအတွေ့အကြုံရှိသူ သို့မဟုတ် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိ သူဖြစ်ရပါမည်။ အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်ဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်ဟု အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၁၄ တွင် ပြဋ္ဌာန်းထားကြောင်းသိရသည်။

**ခင်ရတနာ**

# အာဇာနည်နေ့တွင် အထူးအစီအစဉ်တစ်ရပ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း ရှားပါးဓာတ်ပုံများ ပြသမည်

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၆**

လာမည့် အာဇာနည်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများကို ရန်ကုန်မြို့ ဗိုလ်ချုပ်ပြတိုက်နှင့် နတ်မောက်မြို့ ပြတိုက်တို့၌ အထူးအစီအစဉ်တစ်ရပ်အဖြစ် ပြသသွားရန်စီစဉ်လျက်ရှိရာ ရှားပါးဓာတ်ပုံများ လက်ခံရရှိထားပြီဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက် (ရန်ကုန်) မှညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

"ဒီနှစ်အာဇာနည်နေ့ကတော့ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရှားပါးဓာတ်ပုံတွေကို ဗိုလ်ချုပ်ပြတိုက်မှာ ပြသသွားဖို့ အလှူရှင်ပြည်သူတွေထံမှ အမျိုးသားပြတိုက်က အလှူခံခဲ့ပါတယ်။ ဒီကနေ့အထိတော့ အလှူရှင် တစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံဟောင်း ၃၃၆ ပုံကို လာရောက်လှူဒါန်းသွားတာရှိပါတယ်။ အခြားလှူဒါန်းတဲ့လူတွေလည်းရှိပါတယ်။ အများစုကတော့ ဖေ့စ်ဘွတ်ခ်မှာ တွေ့ရတဲ့ ဓာတ်ပုံတွေများပါတယ်။ ရှားပါးဓာတ်ပုံတွေလည်းပါပါတယ်။ အမျိုးသားပြတိုက်(ရန်ကုန်)အနေနဲ့ကတော့ ဇူလိုင် ၁၀ရက်အထိ ရှားပါးဓာတ်ပုံတွေကို လက်ခံသွားမှာဖြစ်ပါတယ်" ဟု ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ရှားပါးဓာတ်ပုံများကို Outdoor Exhibit အဖြစ် ပြသသွားမည်ဖြစ်ကြောင်း၊ မိုးရာသီဖြစ်သည့်အတွက် ဓာတ်ပုံများကို Scan ဖတ်ပြီး ဗီနိုင်းထုတ်ပြီးမှသာ လျှောက်လမ်းတစ်လျှောက် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံများကို အစိုးရအနေဖြင့် အလှူခံခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်ကြောင်းသိရသည်။

ဓာတ်ပုံလှူဒါန်းလိုသူများအနေဖြင့် ဒေါ်နန်းလောဝ်ငင်း ညွှန်ကြားရေးမှူး အမျိုးသားပြတိုက်(ရန်ကုန်) ဖုန်း ၀၉-၅၂၁၄၃၈၆၊ ဦးစောလွင် ဒုတိယညွှန်ကြားရေးမှူး မကွေးဌာနခွဲ ဖုန်း ၀၉-၈၅၂၂၁၀၇၊ ဦးကျော်အေး ဦးစီးအရာရှိ အမျိုးသားပြတိုက် (ရန်ကုန်)ဖုန်း ၀၉- ၉၆၀၀၄၇၉၀၀၊ ဒေါ်မေမဉ္ဇူ သုတေသန လက်ထောက်-၄ မကွေးဌာနခွဲ ဗိုလ်ချုပ်ပြတိုက်(နတ်မောက်) တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်များဖြစ်သည့် ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်ပြတိုက်(နတ်မောက်)ကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားရာ ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့) အခါသမယတွင် ပြည်သူများအား အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ထူးခြားမှုအစီအစဉ်တစ်ရပ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ရှားပါးဓာတ်ပုံများကို ပြည်သူများအနေဖြင့် ကြည့်ရှုလေ့လာခွင့်များရရှိမည်ဖြစ်သည်။



❊ *ရှေ့ဖုံးမှ*

အုပ်ချုပ်မှုအဆောက်အအုံတွေနဲ့ ပတ်သက်လို့ကတော့ ဝင်ဝင်ချင်းမှာ ဂိတ်တဲတစ်လုံးထပ်ဆောက်ထားပါတယ်။ ဂိတ်တဲပြီးရင် မော်တော်ယာဉ်ရုံအသစ်ဆောက်နေပါတယ်။ အဲဒီမော်တော်ယာဉ်ရုံအသစ်ကိုတော့ မှန်နဲ့ကာထားပြီး ပြည်သူတွေ ကြည့်ရှုလေ့လာတဲ့အခါ အဆင်ပြေအောင် လုပ်သွားစကြံထားပြီးတော့ ဆောက်သွားမှာပါ။ ဗိုလ်ချုပ်အသုံးပြုခဲ့တဲ့ကားကို ယခုနှစ် အာဇာနည်နေ့အမီမှာ အဲဒီကားရုံအသစ်ထဲမှာ ပြသသွားဖို့ စီစဉ်ထားတယ်။ ဒါ့အပြင် ဝန်ထမ်းလိုင်းလေးခန်းတွဲ နှစ်ထပ်လိုင်းတစ်လိုင်းနဲ့ ပြတိုက်လာကြည့်တဲ့ အများပြည်သူတွေသုံးဖို့ သန့်စင်ခန်းခြောက်ခန်းကိုလည်း ထပ်မံတည်ဆောက်နေပါတယ်ဟု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဗိုလ်ချုပ်ပြတိုက်တာဝန်ခံအရာရှိ ဦးကျော်အေးက ပြောသည်။



ဦးကျော်အေး (ပြတိုက်တာဝန်ခံ )

ယခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့နှင့်ပတ်သက်၍ အဆိုပါပြတိုက်ကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားမှုမှာ ပြည်သူများလာရောက်လေ့လာကြည့်ရှုရာတွင် အမြင်ပသာဒဆန်းစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ သိန်းပေါင်း ၁၆၀၀ ကျော်အကုန်အကျခံ ပြုပြင်မွမ်းမံမှုများပြုလုပ်သည့်အပြင် အာဇာနည်နေ့တွင် ပြကွက်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းစာဖတ်နေသည့် ပုံတူဆီလီကွန်ရုပ်တုကို ဗိုလ်ချုပ်နေအိမ် လေသာဆောင်၌ အာဇာနည်နေ့တွင် ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ယခုနှစ် (၆၉) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်သမိုင်းဝင် အခြားဓာတ်ပုံများကိုလည်း အလှူခံစုဆောင်းပြီး ဗီနိုင်းများ ပြုလုပ်ကာ ဗိုလ်ချုပ်ပြတိုက်အဝင်၊ အထွက်လမ်းများတွင် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်က အာဇာနည်နေ့တွေမှာ ပြည်သူတစ်သောင်းခွဲလောက် လာရောက်ကြည့်ရှုကြတယ်။ ဒီနှစ်ကတော့ ပိုပြီးများလာမှာပါ။ ဘာကြောင့်လဲဆိုတော့ ပြတိုက်မှာ ပြသမှုပြကွက်အသစ်တွေလည်း လုပ်ထားတယ်။ ဗိုလ်ချုပ်ရုပ်တုလည်း ရောက်လာပြီဖြစ်တဲ့အတွက် လူထုအနေနဲ့ ဒီနှစ်မှာပိုပြီး စိတ်ဝင်စားလာကြတယ်။ ဒါကြောင့် ဒီနှစ်အာဇာနည်နေ့မှာ ပိုပြီးလာမယ်လို့ မျှော်လင့်တယ်။ အရင်နှစ်တွေကထက် ပြုပြင်ပြောင်းလဲမှုက ဒီနှစ်တော်တော်လေးလုပ်ထားပါတယ်။ အရင်က ဒီပြတိုက်အတွင်းမှာ ဓာတ်ပုံရိုက်ခွင့်မပြုပါဘူး။ ခုနောက်ပိုင်းမှာဓာတ်ပုံရိုက်ခွင့်ပြုလိုက်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက စပြီးတော့ ရိုက်ကူးခွင့်ပြုခဲ့တာပါ။ ဒါပေမယ့် စီးပွားရေးကိစ္စရပ်အနေနဲ့ ဒီမှာ ဓာတ်ပုံရိုက်မယ်၊ ဗီဒီယိုရိုက်မယ်ဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြပြီးတော့ သတ်မှတ်ငွေကြေးသွင်းပြီးရိုက်လို့ရပါတယ်။ အပျော်တမ်းအမှတ်တရအနေနဲ့ ရိုက်ရင်တော့ ရိုက်ခွင့်ပြုပါတယ်။ အာဇာနည်နေ့ ရိုက်ကူးခွင့်ပြု၊ မပြုကိုတော့ လုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ထုတ်ပြန်ကြေညာပေးပါလိမ့်မယ်"ဟု တာဝန်ခံအရာရှိ ဦးကျော်အေးက ပြောသည်။

ယခုလာမည့် ဇူလိုင် ၁၉ရက်တွင် ကျရောက်သော (၆၉) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်အနေဖြင့် လာရောက်ကြည့်ရှုလေ့လာမည့် ပြည်တွင်း၊ ပြည်ပမှ မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာခွင့်ပြုမည်ဖြစ်ပြီး ယင်းနေ့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ယခု ပုံမှန်ရက်များ၌ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးဖွင့်ရက်များတွင် ပိတ်ထားပြီး ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ကာ ပြည်တွင်း၊ ပြည်ပလူကြီး ငွေကျပ် ၃၀၀ နှင့် ကလေး ငွေကျပ် ၁၀၀ ကောက်ခံကာ ရဟန်း၊ သံဃာ၊ သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုခွင့်ပြုထားသည်။

ပြီးခဲ့သည့် (၆၈) နှစ်မြောက် အာဇာနည်နေ့တွင် အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား နိုင်ငံတစ်ဝန်း လာရောက်လေ့လာကြည့်ရှုသူ တစ်သောင်းခွဲကျော်ရှိခဲ့ပြီး ပြည်တွင်းသာမကပြည်ပမှ နိုင်ငံခြားသားဧည့်သည် ၁၅၀ ကျော်လည်း လာရောက်ကြည့်ရှုလေ့လာခဲ့သည်။ ၎င်းနိုင်ငံခြားသားလာရောက်ကြည့်ရှုသူ အများစုမှာ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့က အများဆုံးဖြစ်ကြောင်း သိရသည်။

# အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**မင်းလှ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် အခြေခံပညာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းအမျိုးသမီး အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၄ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲ၌ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်သန်းသန်းချိုက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူ ပစ္စည်းများပေးအပ်ခဲ့သည်။ ထို့နောက် ထောက်ကြန့်ကွင်း(အမ်)အုပ်စုအတွင်းမှသင်တန်းသူ ၂၀ အား စက်ချုပ်သင်တန်းပို့ချနေမှုကို ခရိုင် ကျေးလက်ဦးစီးမှူးဦးဇော်မိုးက ကြည့်ရှုခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ အရေးပေါ်ကယ်ဆယ်ရေးအတွက် မြန်မာနိုင်ငံ ဆရာဝန်များအသင်းသို့ ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၆**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (BFM) မှ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၏ အရေးပေါ်လူနာ အသက်ကယ်တင် ကုသပို့ဆောင်ရေး ဖောင်ဒေးရှင်း (Emergency Ambulance Service Foundation) သို့ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် အတွက် ငွေကျပ်သိန်း ၃၀၀ ပေးအပ် လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၆ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန် အသင်း အစည်းအဝေးခန်းမ (ဘီ)၌ ကျင်းပခဲ့သည်။



ထိုအခမ်းအနားတွင် BFM အဖွဲ့ဝင် ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က "ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းအနေနဲ့ မွန်မြတ်လှတဲ့ အရေးပေါ် လူမှုအသက်ကယ်ဆယ်ရေး လုပ်ငန်းတွေ အဆင်ပြေချောမွေ့စွာ လည်ပတ် ဆောင်ရွက်နိုင်စေဖို့အတွက် မြန်မာနိုင်ငံဆရာဝန်အသင်းရဲ့ဦးဆောင်မှု အောက်ရှိ Emergency Ambulance Service Foundation (EASF) သို့ အရေးပေါ်အသက်ကယ်မော်တော်ယာဉ် လှူဒါန်းခဲ့တဲ့အပြင် ဆက်လက်၍ အသင်းရှိ အရေးပေါ်လူနာအသက်ကယ် ယာဉ်တွေနဲ့ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းတွေ အဆင်ပြေချောမွေ့စွာ လည်ပတ်လုပ်ဆောင်ဖို့အတွက် အခုလို ထပ်မံလှူဒါန်းရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းကိုယ်စား အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာက ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းရာ အရေးပေါ် လူနာအသက်ကယ်တင်ကုသ ပို့ဆောင်ရေး ဖောင်ဒေးရှင်း (Emergency Ambulance Service Foundation) ၏ ဥက္ကဋ္ဌ ဒေါက်တာ ဦးတင်ဇော်မောင်က လက်ခံယူခဲ့သည်။

အရေးပေါ်လူနာ အသက်ကယ်တင် ကုသပို့ဆောင်ရေး ဖောင်ဒေးရှင်း (Emergency Ambulance Service Foundation) သည် ကုသဆောင် ရွက်ပေးသည့် ပရဟိတဖောင်ဒေးရှင်းတစ်ခု ဖြစ်ပြီး အရေးပေါ်ယာဉ်တိုင်းတွင် နှလုံး နှိုးဆက်(Defibrillator) အပါအဝင် ပစ္စည်းအပြည့်အစုံ ထားပေးထားပြီး ဆရာဝန်တစ်ဦး၊ ဆေးကျွမ်းကျင်သူတစ်ဦး လိုက်ပါလျက် အရေးပေါ်လူနာများအား အခင်းဖြစ်သည့်နေရာတွင် ချက်ချင်းကုသ ပေးခြင်း၊ အရေးပေါ် လူနာတင်ယာဉ် အတွင်း၌ ကုသပေးခြင်း၊ လိုအပ်ပါက သင့်တော်ရာ အနီးဆုံးဆေးရုံသို့ ပို့ဆောင် ပေးခြင်းစသည်တို့ ဆောင်ရွက်ပေး လျက်ရှိကာ ဖောင်ဒေးရှင်း စတင်ချိန်မှစ၍ ယနေ့အထိ စုစုပေါင်း လူနာ ၂၇၀၀ ခန့် အား အသက်ကယ်တင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင် ဒေးရှင်းသည် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ် များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များအတွက် ငွေကျပ် ၁၀၃ ဘီလီယံ ကျော်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရ သည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




**သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များရှိ ရေဘေးသင့်ပြည်သူများသို့ ဂျပန်ပြန် ရခိုင်လူမှုရေးအသင်း ASA (J) နှင့်အလှူရှင်များက အလှူငွေကျပ် ၃၁၇၅၀၀၀ ပေးအပ်ပွဲကို ဇူလိုင် ၅ ရက်က စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ သုခိတာရာမ ပရိယတ္တိ စာသင်တိုက်တွင် ကျင်းပရာ ရခိုင်လူမှုရေးအသင်း(ဂျပန်ပြန်များ)ဥက္ကဋ္ဌ ဦးထွန်းဝင်းက သံတွဲအသင်းဥက္ကဋ္ဌ ဦးမြမောင်ထံ ပေးအပ်လှူဒါန်းစဉ်**
ကိုကြီးတင်

# မိုးညို၌ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**မိုးညို ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အင်းတွော်လုပ်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၆ ရက်က ဆည်မြောင်းဦးစီးဌာနမှ ဧရာဝတီမြစ်ရေကြီးမှုမှ ကာကွယ်ရန် ဆောင်ရွက်ထားရှိသည့် တာပေါင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုးညိုမြို့နယ် မကျီးကုန်းကျေးရွာနှင့် အင်းတွော်လုပ်ကျေးရွာတို့၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ရွှေ့ပြောင်းနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး မကျီးကုန်းကျေးရွာ မူလွန်းကျောင်းခန်းမ၌ ဒေသခံပြည်သူ ၄၀၀ ခန့်နှင့် တွေ့ဆုံကာ ဒေသခံများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုးညိုမြို့နယ် ငါးကယ်ကျေးရွာအုပ်စု သရက်တပင်ကျေးရွာသို့ရောက်ရှိကာ တာပေါင်ပြုပြင်ခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာပေါင်ပြုပြင်ဆောင်ရွက်စဉ်က မြေတူးယူအသုံးပြုခဲ့သည့် နစ်နာဆုံးရှုံးခဲ့ရသော လယ်ပိုင်ရှင်တောင်သူများနှင့်တွေ့ဆုံကာ နစ်နာမှုများအားဖြေရှင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းပါးများပြိုကျမှုဖြစ်ပွား

**စေတုတ္တရာ ဇူလိုင် ၆**

မင်းဘူးခရိုင် စေတုတ္တရာမြို့၏ တောင်ဘက်ရှိ ရခိုင်ရိုးမမှ စတင်စီးဆင်းလာသော ဆီးမီးချောင်းသည် ဇူလိုင် ၅ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများ မြင့်တက်လာကာ စေတုတ္တရာမြို့အဝင် က.ပ.စ (၂၀)၊ မြို့ရှောင်လမ်း ချောင်းရေတိုက်စားခဲ့၍ လမ်းအကျယ် ပေ ၂၀ ရှိရာမှ ငါးပေခန့်သာ ကျန်ရှိခဲ့သည်။



ထိုလမ်းပေါင် ချောင်းရေတိုက်စား ပြိုကျပါက စေတုတ္တရာမြို့ ဝဏ္ဏရပ်ကွက်နှင့် ဇေယျရပ်ကွက်တို့ရှိ အိမ်ခြေ ၉၀ ကျော်နှင့် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းတို့သည် ဆီးမီးချောင်းရေများ ဝင်ရောက်နိုင်သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ သဲအိတ်၊ ကျောက်အိတ်များဖြင့် ယာယီရေကာတာများ ပြုလုပ်၍တားဆီးလျက်ရှိကြောင်းနှင့် ချောင်းရေ ဆက်လက်ဝင်ရောက်လာမည်ကို ရပ်ကွက်နေပြည်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

❍ *ကျောဖုံးမှ*

ရောဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း တစ်ဦးချင်းကစားပုံမကောင်းသည့်အပြင် တိုက်စစ်ကစားပုံအမှားများခဲ့သောကြောင့် ရခိုင်နောက်တန်း အလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ရောဝတီအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲလုပ်ခဲ့သော်လည်း ထူးထူးခြားခြားကစားအားတက်မလာပေ။ ရခိုင်အသင်းသည် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး အဖိုးတန်နိုင်ပွဲရယူသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ပက်ထရစ်၊ ၂၈ မိနစ်တွင် အေးကိုကိုမောင်၊ ၃၈ မိနစ်တွင် အောင်သူဝင်းတို့က သွင်းယူခဲ့သည်။

ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်နှင့် ဟံသာဝတီ၊ မြဝတီနှင့် ရတနာပုံ၊ မကွေးနှင့် ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ တွေ့ဆုံလျက်ရှိကာ ဇူလိုင် ၁၃ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

✱ *ကျောဖုံးမှ*

"ကျောက်တော်မြို့နယ်ဘက်မှာတော့ စိုးရိမ်ရေမှတ်အောက်ကို ရောက်သွားပါပြီ။ ကျောက်တော်မြို့နယ်နဲ့ မြောက်ဦးမြို့နယ်ကြားမှာတော့ ကားတွေသွားလာလို့ ရနေပါပြီ။ လက်ရှိအနေအထားအရ လေးမြို့မြစ်ရေက စိုးရိမ်ရေမှတ် ၉၈၀ စင်တီမီတာ အထက်မှာရှိနေသေးတဲ့အတွက်ကြောင့် အနည်းငယ်စိုးရိမ်ရပါတယ်။ မိုးရွာသွန်းမှု အပေါ်မှာ မူတည်ပြီးတော့ တစ်ရက်နှစ်ရက်လောက် စောင့်ကြည့်ရမယ် ထင်ပါတယ်။

ရခိုင်ပြည်နယ်တွင် နှစ်စဉ် ဇူလိုင်လအတွင်း ရေကြီးတတ်သည့် အလေ့အထရှိသောကြောင့် ရေမကြီးမီကတည်းက စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်တို့တွင် ကြိုတင်သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ လေးမြို့မြစ်နှင့် ကုလားတန်မြစ်ဖျားတို့တွင် မိုးသည်းထန်စွာရွာသွန်းသည်ကို သိကတည်းက အဆိုပါ မြစ်များ၏ မြေနိမ့်ပိုင်းဒေသရှိ ကျေးရွာသူ ကျေးရွာသားများသည် ကုန်းမြင့်နေရာများသို့ မိမိအစီအစဉ်ဖြင့် ကြိုတင်ပြောင်းရွှေ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်ရာနေရာသို့ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အစီအစဉ်ဖြင့် ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်၊ ကြက်ဉ၊ ဆန်၊ ရေသန့်ဘူးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပေးပို့ထားသည့် family kit များကိုလည်း ကြိုတင်ဖြန့်ဝေပေးခဲ့ကြောင်း ဦးတင်မောင်ဆွေ၏ ပြောပြချက်အရ သိရသည်။

ဇူလိုင် ၆ ရက် နံနက်ပိုင်း စာရင်းများအရ ရေကြီးမှုကြောင့် မင်းပြားမြို့နယ်တွင် ကျေးရွာ ၃၈ ရွာ၊ ရပ်ကွက် သုံးခုမှ အိမ်ထောင်စု ၁၄၉၇ စု လူဦးရေ ၆၁၅၀၊ ကျောက်တော်မြို့နယ်တွင် ကျေးရွာ ၁၃ ရွာမှ အိမ်ထောင်စု ၆၃၃ စု လူဦးရေ ၂၈၂၈ ဦး၊ မြောက်ဦးမြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ ရပ်ကွက်လေးခုမှ အိမ်ထောင်စု ၅၅၅ စု လူဦးရေ ၂၅၂၇ ဦးအား ကုန်းမြင့်ပိုင်းနေရာများဖြစ်သည့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ နီးစပ်ရာဆွေမျိုးများထံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး အမ်းမြို့နယ်တွင်လည်း ဒလက်ချောင်းရေလျှံမိုးမှုကြောင့် အိမ်ထောင်စု ၅၁၄ စု လူဦးရေ ၂၉၀၀ ကျော်ခန့်ကို ခေတ္တနေရာချထားပေးခဲ့ပြီး ရေသန့်နှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့သည်ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

လက်ရှိအခြေအနေတွင် ရာသီဥတုအနည်းငယ် သာသာယာယာရှိလာပြီဖြစ်သည့်အတွက် မြောက်ဦး- မင်းပြားကားလမ်းမပေါ်တွင် ရေကြီးစဉ်က တင်ကျန်ခဲ့သော အမှိုက်များကို စက်ယန္တရားများဖြင့် ရှင်းလင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများကလည်း ဇွန် ၁၆ ရက်တွင် ကျောက်တော်မြို့နှင့် မြောက်ဦးမြို့များသို့သွားရောက်ပြီး ရေကြီးနစ်မြုပ်သော ဒေသခံများအား အားပေးစကားပြောကြားကာဆန်၊ ပဲနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တပ်မတော်(လေ)ကိုလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိသည့်ဒေသများသို့ ရဟတ်ယာဉ်ဖြင့်ထောက်ပံ့ရေးပစ္စည်းများပေးပို့နိုင်ရန် အကူအညီတောင်းခံထားပြီးဖြစ်ကြောင်း၊ ရာသီဥတုကောင်းမွန်ပါက ကူညီမှုများ ဆက်တိုက်လုပ်ကိုင်သွားမည်ဖြစ်ပြီး တပ်မတော်(ရေ)ကလည်း ရေကြောင်းမှထောက်ပံ့ပစ္စည်းများ ပေးပို့နိုင်ရန် ကမ်းလှမ်းထားပြီးဖြစ်ကြောင်း ဦးတင်မောင်ဆွေ၏ ပြောပြချက်အရ သိရသည်။
**မြတ်ဝေ**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၍ ကျောင်းများယာယီပိတ်ထား

**ဟုမ္မလင်း ဇူလိုင် ၆**

ဇူလိုင် ၆ ရက်က ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာ ကျော်လွန် ၍ နံနက် ၁၀ နာရီ တိုင်းထွာချက်အရ ၂၉၄၁ စင်တီမီတာရှိပြီး ဟုမ္မလင်းမြို့နယ် ကျောင်း များ၊ အမက၊ မူလွန်နှင့် လခွဲကျောင်း(၁၆)ကျောင်းတို့ ယာယီပိတ်ထားကြောင်း ပညာရေးမှူးရုံးမှ သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုမထိခိုက်စေရေး ပဋိပက္ခများမဖြစ်ပွားအောင် ထိန်းသိမ်းဆောင်ရွက်သွားမည်

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တွေ့ဆုံမေးမြန်းခြင်း

**ဇွန် ၁၇ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပခဲ့သည့် လူ့အခွင့်အရေးညီလာခံတွင် ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်၏ တင်သွင်းခဲ့မှုနှင့် လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့သည့် လူမျိုးအမည်သုံးနှုန်းမှုများအပေါ် ဇူလိုင်လဆန်းပိုင်းတွင် ရခိုင်ပြည်နယ်၌ ဆန္ဒထုတ်ဖော်မှုများဖြစ်ပွားခဲ့သည်။ ထိုဆန္ဒထုတ်ဖော်မှုများနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းစွာသိရှိနိုင်ရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**မေး ။ ။ ဝန်ကြီးချုပ်ခင်ဗျား၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လူမျိုးအမည်အသုံးအနှုန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေတဲ့ ဆန္ဒထုတ်ဖော်မှုတွေရဲ့အဓိကအကြောင်းရင်းကို ပြောပြပေးပါ။**

ဖြေ ။ ။ လူမှုကွန်ရက်စာမျက်နှာပေါ် ပျံ့နှံ့ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းက လူမျိုးအမည်သုံးနှုန်းမှုအပေါ် ရခိုင်လူမျိုးတွေက မကျေမနပ်ဖြစ်ကြတာပါ။ ထုတ်ပြန်တဲ့စာမှာ ရခိုင်ပြည်နယ်အတွင်းရှိ မွတ်စလင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာ ကိုးကွယ်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာကိုးကွယ်သူများလို့ ရေးထားတယ်ဆိုတာ သိရတယ်။ အဲဒီအပေါ် ရခိုင်လူထုက မကျေမနပ်ဖြစ်ပြီး ဆန္ဒပြကြတာဖြစ်ပါတယ်။

ကျွန်တော်ဖတ်ကြည့်တဲ့အခါ ဒါဟာ အတည်ပြုချက်ရယူဆဲဆိုတာသိရတယ်။ ဒါပေမယ့် လူထုထဲပျံ့နှံ့သွားတဲ့အခါ စိုးရိမ်ပူပန်မှုတွေရှိပြီး ဆန္ဒထုတ်ဖော်ကြတာဖြစ်တယ်။

ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး ရခိုင်လူမျိုးတွေရဲ့ခံစားချက်တွေဟာ အခုချိန်အထိ မပျောက်သေးပါဘူး။ အဲဒီပဋိပက္ခအပေါ် စိုးရိမ်စိတ်တွေရှိတယ်။ ကြောက်ရွံ့မှုတွေ၊ သံသယဖြစ်မှုတွေလည်း အခုချိန်အထိ ကြီးမားနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လူမျိုးအမည် အခေါ်အဝေါ်နဲ့ ပတ်သက်လာရင် အဲဒီအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်တာမျိုးတွေ အမြဲလိုလိုရှိနေတာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်နယ်အစိုးရအနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်းမှာ အဲဒီပဋိပက္ခတွေကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတယ်။ တစ်ဖက်မှာလည်း ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်နေတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ဝန်ကြီးဌာနအားလုံးက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေကြတယ်။ နိုင်ငံတကာကလည်း ဝိုင်းဝန်းပံ့ပိုးနေတဲ့အတွက် တည်ငြိမ်ဖွံ့ဖြိုးမှု အလားအလာကောင်းနေတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုဆန္ဒပြမှုတွေ မဖြစ်စေချင်ပါဘူး။ နိုင်ငံရေးအပြောင်းအလဲတွေနဲ့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေရနေပြီဆိုတာ အားလုံးက လက်ခံထားတယ်။ တိုးတက်မှုတွေ၊ ဖွံ့ဖြိုးမှုတွေကို မျှော်လင့်နေကြတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်း ရခိုင်ပြည်နယ် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအစီအစဉ်အနေနဲ့ ဆောင်ရွက်နေတယ်။

**မေး ။ ။ ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ အခုလို ဆန္ဒထုတ်ဖော်မှုတွေအပေါ် ဘယ်လို သဘောထားအမြင်ရှိပါသလဲ။**

> **ရခိုင်လူမျိုးဆိုတာ ဟိုးအရင်ကတည်းကလည်း ရခိုင်လူမျိုး၊ ယခုလည်း ရခိုင်လူမျိုးပါပဲ၊ ဒါ့ကြောင့် ရခိုင်ပြည်နယ်က ရခိုင်လူမျိုးလို့ သုံးနှုန်းဖို့ ရည်ရွယ်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

ဖြေ ။ ။ ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ ပြောရရင် ရခိုင်လူမျိုးတွေဟာ ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ အကြောင်းအရာတွေအပေါ် အခုချိန်ထိ စိုးရိမ်ကြောင့်ကြမှုတွေ၊ ထိခိုက်နာကျင်မှုတွေရှိနေတဲ့အတွက် သူတို့ရဲ့ခံစားမှုတွေကို ထုတ်ဖော်တာလို့ မြင်တယ်။

ရွေးကောက်ပွဲပြီးတဲ့နောက် နိုင်ငံရေးအပြောင်းအလဲဖြစ်လာပြီး နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ဖြစ်ပေါ်နေတဲ့အခြေအနေဖြစ်တယ်။ ဒီအခြေအနေမျိုးမှာ ကိုယ့်ပြည်နယ်ဖွံ့ဖြိုးအောင်၊ ကိုယ့်နိုင်ငံတိုးတက်အောင် ဒီလိုအလားအလာကောင်းတွေကို ဆုပ်ကိုင်ပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချရမှာဖြစ်ပါတယ်။ ဒါတွေလုပ်ဆောင်တဲ့အခါ ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံကနေ ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်တယ်။

ရခိုင်လူမျိုးတစ်ဦးအနေနဲ့ပြောရရင် ရခိုင်လူမျိုးတွေဟာ သမိုင်းအစဉ်အလာနဲ့ နေလာခဲ့ကြတာဖြစ်တယ်။ ကမ္ဘာတည်သရွေ့ ရခိုင်လူမျိုးတည်မြဲရမယ်ဆိုတာ ရခိုင်လူမျိုးတိုင်းရဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်လူမျိုးဆိုတဲ့ အနေအထားအပေါ် သံသယဖြစ်စရာ၊ စိုးရိမ်စရာပေါ်လာရင် ရခိုင်လူမျိုးတိုင်းက လက်ခံမှာမဟုတ်ပါဘူး။

အခုတော့ ဆန္ဒပြတာတွေ ပြီးသွားပါပြီ။ ရှေ့ဆက်ပြီး ဒီလိုဆန္ဒပြမှုတွေ ပေါ်ပေါက်မလာအောင်၊ ပေါ်ပေါက်လာရင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ရမလဲဆိုတာကို အဓိကလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါမှ သေးငယ်တဲ့ပြဿနာဆိုရင် ပျောက်ကွယ်သွားမှာ ဖြစ်တယ်။ ဒီလိုမလုပ်နိုင်ရင် သေးတာကနေ ကြီးလာပြီး ပြောင်းလဲနေတဲ့ ရလဒ်ကောင်းတွေ အချည်းနှီးဖြစ်သွားမှာကို နားလည်ဖို့လိုတယ်။ ရှေ့ဆက်ပြီး ဘယ်လိုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရမလဲဆိုတာ အရေးကြီးပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ရခိုင်လူမျိုးဟာ ရခိုင်ပါပဲလို့ ဆက်သုံးသွားမယ်။ ရခိုင်လူမျိုးတွေဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေဖြစ်တယ်။ ဗုဒ္ဓဘာသာကိုးကွယ်သူတိုင်း ရခိုင်လူမျိုး ဖြစ်ချင်မှဖြစ်မယ်။ အခြားဘာသာကနေ ပြောင်းလဲလာသူတွေလည်း ဖြစ်ချင်ဖြစ်မယ်။ တရားဝင် မထုတ်ပြန်တဲ့ အမည်တစ်ခုကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေချင်ဘူး။ ဒီလိုပြဿနာတွေမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့အတွက် တစ်ဖက်က ဖွံ့ဖြိုးမှုကို ဦးစားပေးလုပ်သလို တစ်ဖက်က တည်ငြိမ်အေးချမ်းဖို့လိုအပ်တယ်။ ဒီနှစ်မျိုးက ခွဲခြားလို့မရဘူး။ ရခိုင်ပြည်နယ်အတွင်းက ပြည်သူတွေဟာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်ရမယ်။ ဒါမှ ဖွံ့ဖြိုးတိုးတက်မှုမျှော်လင့်ချက်တွေ အမြန်ဆုံးပြည့်စုံလာမှာ ဖြစ်တယ်။

**မေး ။ ။ ဇူလိုင် ၄ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့တဲ့ ကြေညာချက်အမှတ် ၂/၂၀၁၆ ရဲ့ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ ။ ။ ရခိုင်လူမျိုးဆိုတာ ဟိုးအရင်ကတည်းကလည်း ရခိုင်လူမျိုး၊ ယခုလည်း ရခိုင်လူမျိုးပါပဲ၊ ဒါ့ကြောင့် ရခိုင်ပြည်နယ်က ရခိုင်လူမျိုးလို့သုံးနှုန်းဖို့ ရည်ရွယ်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

**အမေးနှင့်အရေး-မင်းမင်းဇော်(ကလေး)**
**ဓာတ်ပုံ-အေးသန်း**

---

# ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ယူရိုငွေ ၅၃၃ ဒသမ ၄၉ သန်းဖြင့်ရောင်းချ

**နေပြည်တော် ဇူလိုင် ၆**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ပြသရောင်းချရာ ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများ ရောင်းချမှု စုစုပေါင်းမှာ ယူရိုငွေ ၅၃၃ ဒသမ ၄၉ သန်းဖြစ်ကြောင်း ယနေ့ညနေပိုင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။



ပုလဲအတွဲပေါင်း ၃၆၅ တွဲကို ဇွန် ၂၅ နှင့် ၂၆ ရက်တို့တွင်ရောင်းချရာ ပုလဲ ၃၁၂ တွဲအား ယူရို ၃ ဒသမ ၁၂ သန်းဖြင့်လည်းကောင်း၊ ဇွန် ၂၇ ရက်က ကျောက်မျက်အတွဲပေါင်း ၅၁၂ တွဲကို တင်ပြရောင်းချရာ ၆၃ တွဲကို ယူရို ၃ ဒသမ ၂၉ သန်းဖြင့်လည်းကောင်း၊ ဇွန် ၂၈ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲကို တင်ပြရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၉၄၇ တွဲကို ယူရိုငွေ ၅၂၇ ဒသမ ၀၈ သန်းဖြင့်လည်းကောင်း ရောင်းချခဲ့ရသဖြင့် ပြပွဲ၏ စုစုပေါင်းရောင်းချမှုမှာ ယူရိုငွေ ၅၃၃ ဒသမ ၄၉ သန်းဖြစ်ကြောင်း ပြပွဲနောက်ဆုံးနေ့စာရင်းများအရ သိရသည်။

ယခုနှစ်ပြပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီ ၈၁၃ ခုမှ ရတနာကုန်သည် ၁၈၆၆ ဦးနှင့် ဟောင်ကောင်ရှိ ကုမ္ပဏီ ၈၂ ခု မှ ၁၅၁ ဦးအပါအဝင် ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပြည်ပနိုင်ငံများမှ ကုမ္ပဏီပေါင်း ၉၁၉ ခုမှ ကုန်သည် ၂၀၆၉ ဦး၊ ပြည်တွင်းကုန်သည် ၂၁၀၈ ဦးဖြစ်၍ စုစုပေါင်း ၄၁၇၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ယခင်နှစ်က ပြည်ပကုန်သည် ၂၃၀၀ ခန့် တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် ပြည်ပကုန်သည်လာရောက်မှု ၂၅၀ ခန့် နည်းပါးကြောင်း သိရသည်။

ယခုနှစ်ပြပွဲတွင် ဝယ်ယူသူများက ရက်ပေါင်း ၉၀ အတွင်း ငွေအကျေပေးချေပြီးမှသာ ရောင်းချပြီး ကျောက်အတွဲများကို သယ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ ၁၂၆ တွဲအား ယူရို ၅ ဒသမ ၄၉ သန်းဖြင့် ရောင်းချပေးချေခဲ့ပြီး ကျောက်စိမ်းအတွဲ ၅၆၄၃ တွဲအား ၉၃၈ ဒသမ ၅၈ သန်းဖြင့် ရောင်းချခဲ့သည့်အနက် ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲမှာ လာရောက်မရွေးသဖြင့် ယူရို ၃၅၄ ဒသမ ၂၇ သန်းအား အရောင်းစာရင်းတွင် ငွေမချေသဖြင့် ဒီပိုစစ် ၅ ရာခိုင်နှုန်းဖြစ်သည့် ၁၇ ဒသမ ၅၄ သန်းကိုသာ ဗဟိုကော်မတီက သိမ်းဆည်းနိုင်ခဲ့သည်။ ထိုသိမ်းဆည်းငွေ ယူရို ၁၇ ဒသမ ၅၄ သန်းမှ ၁၀ ရာခိုင်နှုန်းအား ဌာနက ဒဏ်ကြေးအဖြစ်ယူပြီး ၁ ရာခိုင်နှုန်းအား ဗဟိုကော်မတီ၏ ရန်ပုံငွေသို့ ထည့်ဝင်ခဲ့၍ ကျန် ၈၉ ရာခိုင်နှုန်းကို ကျောက်အတွဲပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေမချေသည့် ကျောက်မျက်ရတနာကုန်သည်များကို ဒီပိုစစ်ငွေ ၅ ရာခိုင်နှုန်း သိမ်းသည့်အပြင် ပြပွဲ သုံးနှစ်တက်ရောက်ခွင့် ပိတ်သိမ်းခဲ့သည်။

ယခင်ပြီးခဲ့သည့်အကြိမ်က ရောင်းချခဲ့ရသည့် ကျောက်စိမ်းအတွဲ ၅၆၄၃ တွဲအနက် ၄၃၇၅ တွဲကိုသာ ပေးချေခဲ့သဖြင့် ဒဏ်ကြေးငွေအပါအဝင် ယူရို ၅၈၉ သန်း ကျော်ဖိုးသာရရှိခဲ့ပြီး ယခုနှစ် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဝယ်ယူသူများ၏ ၇၃ ရာခိုင်နှုန်းမှာ ငွေပေးချေမည်ဟု မျှော်လင့်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ဓာတ်အားလိုင်းတည်ဆောက်စဉ် ဓာတ်အားယာယီပြတ်တောက်မည် အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် 230 KV အရှေ့ဒဂုံဓာတ်အားခွဲရုံ မှ 66KV ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

66KV ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအား ဇူလိုင် ၇ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး ဆောင်ရွက်နေစဉ်အတွင်း ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ရပ်ကွက်အချို့၌ ဓာတ်အားယာယီပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

မီးသုံးသူပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## လက်ပံတန်းမြို့နယ်၌ လေပြင်းတိုက်

**လက်ပံတန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ လင်းတကွင်း၊ ကညင်တန်း၊ ချောင်းခွ၊ ကြပ်ကလေး၊ ရှားစီးဖိုကျေးရွာများနှင့် ဘီးလင်းတန်းရပ်ကွက်၊ သီတာလမ်းတို့၌ ဇူလိုင် ၆ ရက် နံနက် ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းကာ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှစ်ကျောင်း အမိုးများလန်ခြင်းနှင့် အုတ်တံတိုင်းများ ပြိုကျသည့်အပြင် နေအိမ် ၃၇ လုံး အမိုးလန်ပြီး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**(ဝ၅၃)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# ဘဂ္ဂဒက်ဗုံးခွဲမှုသေဆုံးသူ ၂၅၀ အထိမြင့်တက်

**ဘဂ္ဂဒက် ဇူလိုင် ၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲမှုကြောင့် သေဆုံးသူဦးရေ ၂၅၀ ထိ မြင့်တက်လာခဲ့ကြောင်း အီရတ်အစိုးရက ပြောကြားသည်။

၂၀၀၃ ခုနှစ်က အမေရိကန်ဦးဆောင်သည့် ကျူးကျော်ဝင်ရောက်မှုအပြီး အသေအပျောက်အများ ဆုံးတိုက်ခိုက်မှုဖြစ်သည်ဟု သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ်က ကာရန်ဒါဒေသအတွင်း၌ မိသားစုများစွာတို့သည် ရာမာဒန်ဥပုသ်ကာလပြီးဆုံးသည့် အထိမ်းအမှတ်အတွက် ဈေးဝယ်ထွက်နေကြသည်။ အစွန်းရောက် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်းပြောကြားခဲ့သည်။ မူလက အသေအပျောက်အရေအတွက်ကို ၁၆၅ ဦးရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားအပြီး အီရတ်၌ ယခုတိုင် ဝမ်းနည်းပူဆွေးမှုများဖြင့် မီးဖယောင်းတိုင်များထွန်းညှိကာ ငြိမ်းချမ်းရေးအတွက် ဆုတောင်းနေကြသည်။

**(ဘီဘီစီ)**





# ဒါကာမြို့စားသောက်ဆိုင် တိုက်ခိုက်ခံရမှုတွင် ဓားစာခံ တစ်ဦးဖြစ်ခဲ့သူက

## ၎င်း၏အတွေ့အကြုံကိုဖွင့်ဟ

**ဒါကာ ဇူလိုင် ၆**

ဒါကာမြို့ရှိ စားသောက်ဆိုင်တိုက်ခိုက်ခံရမှုတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသူ ရှဟ်မီနာပါဗန်က ၎င်း၏ကြောက်မက်ဖွယ်ရာအတွေ့အကြုံကို အင်န်အိတ်ချ်ကေသို့ ပြောကြားရာ၌ သောကြာနေ့ညက မိသားစုနှင့်အတူ စားသောက်ဆိုင်အတွင်းရှိနေစဉ် သေနတ်သမားများ ဆိုင်အတွင်းဝင်ရောက်ကာ ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ပါဗန်သည် သေနတ်များပစ်ခတ်နေစဉ်အတွင်း စားပွဲခုံအောက်တွင် ပုန်းအောင်းနေခဲ့သည်။ နိုင်ငံခြားသားများကလည်း ၎င်းတို့ ပစ်ခတ်ခံရသည့်အတွက် ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်နေခဲ့သည်။

ပထမဦးဆုံးနိုင်ငံခြားသား ဓားစာခံမှာ မိနစ် ၃၀ အတွင်းပင် ပစ်သတ်ခံခဲ့ရသည်ဟု ၎င်းကပြောပြသည်။ ၎င်း၏ခင်ပွန်းဖြစ်သူအပါအဝင် စားသောက်ဆိုင်မှ အမျိုးသားဝန်ထမ်းများကို အကြမ်းဖက်သမားများက မှန်တံခါးရှေ့တွင်ရပ်ခိုင်းခဲ့ပြီး လူသားဒိုင်းအဖြစ်အသုံးပြုခဲ့သည်။ ပါဗန်နှင့် သမီးဖြစ်သူတို့မှာ အသတ်ခံရမည့် အရေးတွေးကာ ကြောက်ရွံ့ထိတ်လန့်လာခဲ့သည်။

အင်္ဂါနေ့က ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး အဆာဒူဇာမန်ခန်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်သေဆုံးရသူအရေအတွက်ကို ခြောက်ဦးမှငါးဦးဟု အတည်ပြုပြောခဲ့သည်။ ဒေသတွင်းမီဒီယာများကမူ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူ ခြောက်ဦးအနက် တစ်ဦးမှာ စားဖိုမှူးတစ်ဦးဟု ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# လူဝီစီယားနားပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များက လူမည်းအမျိုးသားအား သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကို တရားမျှတစွာဖြေရှင်းပေးရန် ဆန္ဒပြတောင်းဆို

**လူဝီစီယားနား ဇူလိုင် ၆**

ရဲတပ်ဖွဲ့ဝင်များနှင့် ရန်းရင်းဆန်ခတ်ဖြစ်ပွားပြီးနောက် သေနတ်ဖြင့်ပစ်ခတ်ရာမှ လူမည်းအမျိုးသားတစ်ဦးသေဆုံးရမှုအပေါ် တရားမျှတစွာ ဖြေရှင်းပေးရန် အင်္ဂါနေ့က လူဝီစီယားနား၌ လူဒါဇင်ပေါင်းများစွာတို့ ဆန္ဒပြကြွေးကြော်ခဲ့ကြသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် နယူးယောက်၊ ချီကာဂိုနှင့် ဘာလ်တီမိုးကဲ့သို့ အမေရိကန်၏ အချက်အချာမြို့များတွင် ပြင်းထန်သည့် အမျိုးသားရေးလှုံ့ဆော်မှုများ ပြုလုပ်သည့် လူမည်းအမျိုးသားများအား ရဲများက အင်အားသုံးဖြိုခွင်းရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘာတွန်ရော့တ်ရှိ Triples စားသောက်ကုန်အရောင်းသက်သာဆိုင် အပြင်ဘက်တွင် ဆန္ဒထုတ်ဖော်သူများ စုဝေးရောက်ရှိလာပြီး ဆန္ဒပြခဲ့ကြောင်း တွစ်တာ၌ ဖော်ပြခဲ့သည်။ ရဲများ၏ ပြောပြချက်အရ လူမည်းအမျိုးသားဖြစ်သည့် အော်တွန်စတာလင်(အသက် ၃၇)နှစ်မှာ ညသန်းခေါင်ယံအချိန်တွင် ရဲများက ဝင်ရောက်ထိန်းသိမ်းရာမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

ဆန္ဒပြထုတ်ဖော်သူများသည် တရားမျှတမှုမရှိလျှင် ငြိမ်းချမ်းမှုမရှိ ဟူသော ဆောင်ပုဒ်များ ကိုင်ဆောင်ကာ လမ်းများကို ပိတ်ဆို့ခဲ့ကြသည်။

**(ရိုက်တာ)**




# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလက်မှတ်ဈေးဒေါ်လာ ၁၀၀၀ ထိကျသင့်နိုင်

**မော်စကို ဇူလိုင် ၆**

၂၀၁၈ ခုနှစ်တွင် မော်စကို၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးပွဲစဉ်များ၏ လက်မှတ်ဈေးနှုန်းမှာ ဒေါ်လာ ၁၀၀၀ ထက်ကျော်နိုင်ကြောင်း၊ ယခုဈေးနှုန်းမှာပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်ဟု ဖီဖာမှ အကြီးအကဲများက ပြောသည်။

၂၀၁၈ခုနှစ်နောက်ဆုံးပွဲစဉ်အတွက် ဈေးအကြီးဆုံးလက်မှတ်မှာဒေါ်လာ ၁၁၀၀ ကျသင့်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်ရီယိုဒီဂျနေယိုးမြို့၌ကျင်းပခဲ့သည့် ပွဲစဉ်မှာ ဒေါ်လာ ၉၉၀ ဖြစ်သည်။ အခြားသောပွဲစဉ်လက်မှတ်များမှာ ဒေါ်လာ ၄၅၅ နှင့် ၇၁၀ အသီးသီးစီကုန်ကျလိမ့်မည်ဖြစ်သည်။

သို့သော် ရုရှားလူမျိုးများသည် ဈေးလျှော့ထားသည့်လက်မှတ်များရရှိမည်ဖြစ်သည်။ လက်မှတ်ရောင်းချမှုများကို လာမည့်ဆောင်းရာသီကာလထိစတင်ရောင်းချခြင်းပြုမည် မဟုတ်ပေ။ ပထမဦးဆုံးပွဲစဉ်လက်မှတ်မှာ ၁၀၅ ဒေါ်လာကျသင့်မည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းမှာ ၁၆ ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့ခြင်းဖြစ်ပြီး ယင်းမှာ ဖွင့်ပွဲအခမ်းအနားအတွက် ပါဝင်ခြင်းမရှိပေ။ လူအများကြည့်ရှုနိုင်သည့် မျှတသည့်ဈေးနှုန်းဖြစ်စေနိုင် ရန်ဆန္ဒရှိသည်ဟု ဖီဖာအထွေထွေအတွင်းရေးမှူးချုပ် ဖက်မာဆာမိုရာက ပြောသည်။

ထို့ကြောင့် ဈေးကွက်လေ့လာမှုများပြုလုပ်ခဲ့ပြီး ဈေးနှုန်းများသတ်မှတ်ခဲ့သည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**(ဘီဘီစီ)**



# ဗုံးရှိသည်ဟု သတင်းပေးမှု ရရှိပြီးနောက် ဂျာမနီအနောက်ပိုင်းရှိ လေဆိပ်တွင်ရှင်းလင်းရေးများပြုလုပ်

**ဘာလင် ဇူလိုင် ၆**

ဂျာမနီနိုင်ငံအနောက်ပိုင်းမြို့ ကတ်ဆဲလ်ရှိလေဆိပ်၌ရှင်းလင်းမှုများ ပြုလုပ်ပြီးဖြစ်ရာ လေယာဉ်နှင့် ခရီးဆောင်အိတ်များကို ရှာဖွေမှုပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သည့်အရာများ မတွေ့ရှိခဲ့ကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောသည်။

တူရကီနိုင်ငံသို့ ထွက်ခွာမည့်လေယာဉ်ပေါ်၌ ဗုံးပါသည်ဟုအမည်မဖော်လိုသူတစ်ဦးက သတင်းပေးခဲ့ပြီးနောက် လေယာဉ်ပေါ်မှလူများကို ကယ်တင်ရှင်းလင်းမှုများပြုလုပ်ခဲ့သည်ဟု အင်္ဂါနေ့အစောပိုင်းတွင် ဂျာမနီ မီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

လူတစ်ဦးက လေဆိပ်ကိုခရီးဆောင်အိတ်တစ်ခုအတွင်း ဗုံးပါသည်ဟုဖုန်းဖြင့်ဆက်သွယ် ပြောကြားခဲ့ပြီးနောက်ပိုင်း အဆိုပါလေယာဉ်မှာ အန္တရာယ်ရှင်းလင်းမှုများပြုလုပ်ပြီးနောက် တူရကီနိုင်ငံ အန်တာရာသို့ ဆက်လက်ထွက်ခွာခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ၁၆ ဦးသေဆုံး

**ဒမတ်စကတ် ဇူလိုင် ၆**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ် အယ်လ်ဟာဆကာရှိ မုန့်ဖိုအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီး မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၆ ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဆာဟီရဲကျေးရွာအနီးရှိ မုန့်ဖို၌ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူများကို အရေးပေါ်ကုသမှုခံယူရန် ဆေးရုံသို့ပို့ဆောင်ခဲ့သည်ဟု ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နိုင်ငံအတွင်း ငါးနှစ်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ဆက်စပ်သည့် အဆိုပါပေါက်ကွဲမှုမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ လုပ်ဆောင်မှုဖြစ်နိုင်ကြောင်း အယ်လ်ဟာဆကာတွင်နေထိုင်သူများက ယူဆကြသည်။

အယ်လ်ဟာဆကာပြည်နယ်ရှိ နေရာအများစုကို ကာဒ့်ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစု (YPG) က ထိန်းချုပ်ထားရာ အဆိုပါအဖွဲ့သည် ဆီးရီးယားမြောက်ပိုင်းတွင် အိုင်အက်စ်တို့နှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများအတွက် စစ်ပြေငြိမ်းရန် စေ့စပ်ဆွေးနွေးညှိနှိုင်းထားသည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရဲတပ်ဖွဲ့မှ ရပ်ရွာအခြေပြုပြည်သူများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးနှင့်မှုခင်းကျဆင်းရေး ရှေ့ပြေးဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်လေးမြို့နယ်

**ရန်ကုန်တိုင်းဒေသကြီးတွင် မှုခင်းဖြစ်ပွားမှုများသောမြို့နယ်များဖြစ်သည့် ဒဂုံတောင်နှင့် လှိုင်သာယာမြို့နယ်၊ ကမာရွတ်နှင့် သန်လျင်မြို့နယ်တို့အား Community Based Policing ဖြစ်သည့် ရဲတပ်ဖွဲ့မှရပ်ရွာအခြေပြုပြည်သူများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးနှင့်မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့်အတူ မြို့နယ် လေးမြို့နယ်တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးချုပ်ဝင်းနိုင်(ရဲသူရ)၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ရက် ၂၀ ကျော်အတွင်း ဒုစရိုက်မှုများ သိသာစွာကျဆင်းခဲ့ကြောင်း သိရသည်။**

ဆောင်းပါး - မောင်သင်းပျံ့၊ ဓာတ်ပုံ - ငြိမ်းချမ်း



ရပ်ရွာအခြေပြု ပြည်သူများနှင့်ပူးပေါင်း၍တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး လေးမြို့နယ်၏ ရှေ့ပြေးစီမံချက် ဆောင်ရွက်စဉ်ကာလအတွင်း မှုခင်းများ သိသာစွာကျဆင်းလာသကဲ့သို့ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်တွင် ပြည်သူတို့ ပူးပေါင်း ဆောင်ရွက်မှုစွမ်းအားကြောင့် ဒုစရိုက်မှုများ ကျဆင်းသွားသည်ကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ဇူလိုင် ၄ ရက်က မြို့နယ်အလိုက် ပရိဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်လေးမြို့နယ်အား ရပ်ရွာအခြေပြု ပြည်သူများနှင့်ပူးပေါင်းကာ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကို ဇွန် ၁၂ ရက်မှစတင်၍ အကောင်အထည်ဖော်ခဲ့ရာ




**ပြည်သူများ တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ တိုက်ရိုက်သတင်းများပေးပို့ရာတွင် ယခင်အသုံးပြုသော ၀၁-၂၃၂၃၁၉၉ အပြင် ၁၉၉ နံပါတ်ဖြင့် ဖုန်းငါးလုံး တစ်ပြိုင်တည်း ခေါ်ဆိုနိုင်ကြောင်းကို လက်တွေ့ခေါ်ဆို ပြသသွားခဲ့ပါသည်။ ရပ်ကွက်/ကျေးရွာများ အတွင်းရှိ တာဝန်သိပြည်သူများ မှန်ကန်သော ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးအတွက် ပေးပို့သော သတင်းပေါက်ကြားမှုမရှိစေရန်နှင့် ပေးပို့သူ မသိရှိစေရန် နေ့၊ ည တာဝန်ယူ ဆောင်ရွက်နေမှုကို ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာသူများ ကျေနပ်အားရခဲ့ကြ**

ဇူလိုင် ၄ ရက်တိတိတွင် ရက်ပေါင်း ၂၀ ကျော်ပြီဖြစ်၍ လေးမြို့နယ်အတွင်း သိသာစွာ မှုခင်းကျဆင်းသွားသကဲ့သို့ ကျန်သောမြို့နယ်များကိုလည်း စီမံချက်ထား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရဲလုပ်ငန်းတွင် ကြိုတင်ကာကွယ်ရေးသည် ပင်မသွေးကြောဖြစ်သလို ရဲတပ်ဖွဲ့၏ အရည်အချင်းလည်းဖြစ်ကြောင်း၊ ပြစ်မှုမှတ်တမ်းရှိသူများကို စောင့်ကြည့်ခြင်း၊ ခြေချုပ်ဖြင့် ၁၅ ရက်တစ်ကြိမ် အပိုင်စခန်းများတွင် လက်မှတ်ရေးထိုးထိန်းချုပ်ခြင်း၊ ရပ်ကွက်/ ကျေးရွာအတွင်းရှိ မူးယစ်ဆေးဝါးနှင့် အရက်ပုန်းဆိုင်များအား ဖမ်းဆီးအရေးယူခြင်း၊ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်း၊ မီးတန်းယာဉ်တို့ဖြင့် မှုခင်းအဖြစ်များသောနေရာများကို မပြတ်စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ သိသာထင်ရှားသော အောင်မြင်မှုကို ယခုထက်ပို၍အောင်မြင်အောင် ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အမှောင်တွင်းမှ ဒုစရိုက်သမားများကို ပြည်သူအတွက် ရှင်းလင်းရမည်မှာ ရဲတပ်ဖွဲ့၏တာဝန်ဖြစ်သောကြောင့် တာဝန်သိမှု တာဝန်ရှိမှုနှင့် တာဝန်ခံမှုကို အဆင့်ဆင့် ကျင့်သုံးသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး(ယာယီ)ရဲမှူးချုပ်ဝင်းနိုင်(ရဲသူရ)က တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးသည် အားလုံးတွင်တာဝန်ရှိကြောင်း နားလည်ယုံကြည်ထားရန်လိုအပ်ပြီး မြန်ဆန်စွာအောင်မြင်ခြင်းသည် ရပ်ကွက်ပြည်သူတို့၏ ကူညီပံ့ပိုးမှုများကြောင့်ဖြစ်ကြောင်း၊ လူငယ်အချို့သည် ဒုစရိုက်မှုကျူးလွန်ရန်စိတ်ဆန္ဒမရှိဘဲ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်နှင့်ညီမျှသော ဝင်ငွေမရရှိခြင်းကြောင့် ဒုစရိုက်မှုများကျူးလွန်နေခြင်းကိုစစ်ဆေးတွေ့ရှိရသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း လူငယ်များအတွက် လိုအပ်နေကြောင်း ပြောကြားသည်။


ဆက်လက်၍ တိုင်းဝန်ကြီးချုပ်နှင့် တိုင်းတပ်ဖွဲ့မှူးထံ မှုခင်းကျဆင်းရေးဆောင်ရွက်မှုအပေါ် အားရကျေနပ်ကြောင်း၊ ဖုန်းဖြင့်ဆက်သွယ်၍ ပြည်သူများက ဂုဏ်ပြုခြင်းကို အားရကျေနပ်မိကြောင်းနှင့် ထိုသို့အောင်မြင်မှုရရှိခဲ့ခြင်းသည်လည်း တိုင်းတပ်ဖွဲ့နှင့်အတူ မြို့နယ်လေးမြို့နယ်မှ တပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်အသီးသီးတို့၏ ညစဉ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ရလဒ်ကောင်းများကြောင့်ပင်ဖြစ်ကြောင်း ပြောသည်။

ယခုအခါ မြို့ပေါ်နှင့် ကျေးလက်တို့တွင် ပြည်သူများ မှုခင်းဖြစ်ပွားခြင်း မခံစားရစေရန် အသိပညာပေး ဆောင်ရွက်ခြင်းတို့ရှိခဲ့သော်လည်း ပြည်သူအချင်းချင်း အိမ်နီးနားချင်း စောင့်ရှောက်သောဓလေ့အား ရဲတပ်ဖွဲ့က အသိပညာပေးရန် အောက်ခြေထိဆင်းပြီး ပြည်သူတို့၏ အိမ်နားရောက်သည့်အထိ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များ ပေါ်ပေါက်လာစေရန် အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရဲ၊ ပြည်သူနှင့်အုပ်ချုပ်ရေး ပူးပေါင်းစည်းလုံးခြင်းဖြင့် ရန်ကုန်မြို့နေ ပြည်သူများ၏ တရားဥပဒေစိုးမိုးရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာသော ခရိုင်တပ်ဖွဲ့မှူးများကလည်း စီမံချက်အတွင်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး မြို့နယ်လေးမြို့နယ်မှ ရပ်မိ ရပ်ဖတို့ကလည်း စီမံချက်ကာလအတွင်း ရဲတပ်ဖွဲ့ဝင်တို့၏ဆောင်ရွက်ခဲ့မှုတို့ကို ပွင့်လင်းစွာဖြင့် အကြံပြုဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးမှုတွင် ပြည်သူတို့အတွက် အရေးကြီးသောအချက်ဖြစ်သည့် ဒုစရိုက်မှုမဖြစ်ပွားစေရန် ပြည်သူမှ ကြိုတင်သတင်းပေးရာတွင် သတင်းပေးသော ပြည်သူ၏လုံခြုံရေးကို မည်သို့ဆောင်ရွက်ပေးနိုင်မည်ဟူသော မေးခွန်းကို တိုင်းတပ်ဖွဲ့မှူး၏ ကြိုတင်စီမံဆောင်ရွက်ထားမှုဖြင့် တက်ရောက်လာသူတို့ကို လက်တွေ့ပြသခဲ့ပါသည်။

ပြည်သူများ တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ တိုက်ရိုက်သတင်းများပေးပို့ရာတွင် ယခင်အသုံးပြုသော ၀၁-၂၃၂၃၁၉၉ အပြင် ၁၉၉ နံပါတ်ဖြင့် ဖုန်းငါးလုံး တစ်ပြိုင်တည်းခေါ်ဆိုနိုင်ကြောင်းကို လက်တွေ့ခေါ်ဆို ပြသသွားခဲ့ပါသည်။ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ တာဝန်သိပြည်သူများ မှန်ကန်သောပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးအတွက်ပေးပို့သော သတင်းပေါက်ကြားမှုမရှိစေရန်နှင့် ပေးပို့သူမသိရှိစေရန် နေ့၊ ညတာဝန်ယူဆောင်ရွက်နေမှုကို ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာသူများ ကျေနပ်အားရခဲ့ကြသည်။ သတင်းပေးပို့ရာတွင် ဖုန်းဖြင့်ခေါ်ဆိုမှုမှာ တစ်ခါတစ်ရံ အဆင်မပြေဖြစ်တတ်သည့်အတွက် စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ဆက်လက်သည်းခံခေါ်ဆိုရန်လည်း ရဲတပ်ဖွဲ့မှူးက အကြံပြုခဲ့သည်။

ရက် ၁၀၀ စီမံချက်တွင် မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့်နည်းတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးအလေးထား ဆောင်ရွက်နေလျက်ရှိရာ ပြည်သူတစ်ရပ်လုံးမှလည်း မိမိမြို့နယ်၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ် ငြိမ်းချမ်းသာယာမည်ဖြစ်သောကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





မင်းဘူးခရိုင် ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များတွင် ဇူလိုင် ၄ ရက်က မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် စေတုတ္တရာ-ငဖဲ ကားလမ်းပေါ်ရှိ ဆီမီးချောင်းတံတား ဘေးပေါင်များ ရေတိုက်စားပြီး ကမ်းကပ်ခုံပဲ့ကျနေသည်ကို ဇူလိုင် ၅ ရက် ညနေပိုင်းက တွေ့ရစဉ်။
(ရေအရှိန်ကြောင့် တံတားပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မည် ကို စိုးရိမ်စိတ်ဖြင့် ကြည့်ရှုနေသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။)
**သန်းနိုင်ဦး(ငဖဲ)**

# လျှပ်စစ်ဓာတ်အားသုံးစွဲမှုပြည့်မီရေးဆောင်ရွက်

**မန္တလေး ဇူလိုင် ၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ရှေ့ဆက်လုပ်ဆောင်မည့်အစီအစဉ်များ ရှင်းလင်းပွဲကို ဇူလိုင် ၅ ရက်က မန္တလေးမြို့ရှိ အဆိုပါကော်ပိုရေးရှင်းရုံးချုပ်၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲမှုပြည့်မီရေးအတွက်ရန်ပုံငွေအသီးသီးဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နှစ်က ၁၉ ဘီလီယံ သုံးစွဲဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ၂၀ ဘီလီယံသုံးစွဲ၍ ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမင်းထွန်းက ပြောကြားသည်။

ကော်ပိုရေးရှင်းအနေဖြင့်၊ "မီးသုံးစွဲသူ ငါးသိန်းကျော်ကို ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။ ၂၃၀ကေဗွီ ဓာတ်အားခွဲရုံခြောက်ရုံ၊ ၁၃၂ ကေဗွီ ၁၁ ရုံတို့နဲ့ အခြေပြုဖြန့်ဖြူးပေးနေပြီး တစ်နှစ်ကို ၁၅ရာခိုင်နှုန်းဓာတ်အား တိုးတက်သုံးစွဲနေပါတယ်။ လာမယ့်နှစ်မှာ လိုအပ်တဲ့ဓာတ်အားအတွက် ကြိုတင်စီမံချက်တွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ၄င်းက ပြောကြားသည်။

ပြည်သူများ၏အနီးဆုံးတွင်ရှိနေသည့် လျှပ်စစ်အန္တရာယ်ကို ယခင်ထက် ပိုမိုကင်းဝေးစေရေး ကြိုတင်ပညာပေးသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ လျှပ်စစ်သုံးစွဲသူဦးရေနှင့် သုံးစွဲမှုပမာဏပါ မြင့်တက်လျက်ရှိကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အင်ဂျင်နီယာဓာတ်အားစီမံရေးဌာန၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်ဝင်းမြင့်က ဆက်လက်ပြောကြားသည်။

၂၀၁၀ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်းစာရင်းများအရ ၂၀၁၀ ခုနှစ်တွင် ဓာတ်အားသုံးစွဲသူဦးရေ ၃၂၀၀၀၀ နှင့် ဓာတ်အားပမာဏအနေဖြင့် ၂၆၀ မဂ္ဂါဝပ်သုံးစွဲခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဓာတ်အားသုံးစွဲသူ ၅၇၀၀၀၀ နှင့် ဓာတ်အားပမာဏ ၄၆၀ မဂ္ဂါဝပ်သုံးစွဲခဲ့ကာ ယင်းကာလအတွင်း လျှပ်စစ်ဓာတ်လိုက်မှု အကြိမ် ၁၅၆ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ၁၅၀ ရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောက်တော်၌ ရေချိုငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတိုးလာ

**ကျောက်တော် ဇူလိုင် ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် တစ်နိုင်တစ်ပိုင် ရေချိုငါးမွေးမြူရေးလုပ်ကိုင်သူများ ယခင်နှစ်များထက် တိုးပွားလာကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက ပြောသည်။

"အရင်က ရေချိုငါးမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားသူနည်းပါတယ်။ အခု ရေချိုငါးသားပေါက်စခန်းဖွင့်ပြီးတဲ့နောက် မွေးမြူလုပ်ကိုင်မယ့်သူတွေ စိတ်ဝင်စားလာတာကို တွေ့ရပါတယ်။ မွေးမြူတဲ့ကေလည်း တိုးလာပါတယ်။ ကေ ၂၀ လောက် လုပ်ကိုင်နေကြရာက အခုဆို ၈၈ ဒသမ ၂၆ ကေအထိ တိုးလာပါတယ်" ဟု ၎င်းက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ဒေသခံများ စိတ်ဝင်စားမှုရှိလာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိပြီး စိတ်ဝင်စားသောဒေသများအား နည်းပညာနှင့် အခြားလိုအပ်သည်များ ထောက်ပံ့ပေးလျက်ရှိကာ ကျောက်တော်ငါးသားဖောက်စခန်းမှ ငါးမွေးမြူသူများ လိုအပ်ချက်အတိုင်း ငါးသားပေါက်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့နယ် ကင်းခြေမျှင်ကျေးရွာမှ တစ်နိုင်တစ်ပိုင်ငါးမွေးမြူသူ ဦးမောင်သိန်းလှက "အရင်ကဆိုရင် ငါးသားပေါက်ရဖို့အတွက် စစ်တွေမြို့ထိသွားပြီး ရှာဖွေဝယ်ယူရပါတယ်။ အဆင်မပြေခဲ့ပါဘူး။ ငါးသားပေါက်စခန်းမရှိခင်က သဘာဝအတိုင်းဖမ်းဆီးရမိတဲ့ ငါးသားပေါက်တွေကို မွေးမြူခဲ့တယ်။ အခုလို သားဖောက်သင်တန်းတွေဖွင့်၊ နည်းပညာတွေလည်း ထောက်ပံ့လာတော့ နောက်ဆိုရင် ရွာမှာပဲ သားဖောက်လုပ်ငန်းကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ နောက်ပြီး ရွာကလူတွေက တစ်နိုင်တစ်ပိုင် ရေချိုငါးမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားလျက်ရှိပါတယ်။ အခုတော့ ငါးသားပေါက်တွေဝယ်ယူပြီး ငါးမွေးမြူခြင်းလုပ်ငန်းကို စတင်လုပ်နေကြပါပြီ" ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် "ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့တို့၌ တစ်ပိုင်တစ်နိုင် ရေချိုငါးမွေးမြူသူများရှိပြီး ရေချိုပုစွန်မွေးမြူမှုကေ ၆၀၀ ကျော်ခန့်နှင့် ရေချိုငါးမွေးမြူကေ ၂၆၀ ကျော်ခန့်ရှိကာ သက်တမ်းတိုငါးဖြစ်သည့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမမွေးမြူရန်သင့်တော်ပြီးတီလားပီးယားငါးမွေးမြူရေးလုပ်ငန်းကိုလည်း တတ်အားသရွေ့ ဆောင်ရွက်သွားမည်"ဟု ဒေါက်တာညွန့်ဝေက ပြော သည်။

ရေချိုငါးကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်းဖြင့် ဒေသတွင်းစားသုံးမှု တချို့တစ်ဝက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ ဝင်ငွေများရရှိခြင်းကြောင့် စီးပွားဖြစ် မွေးမြူနိုင်မည့်အဆင့်ကို ရောက်ရှိလာခြင်း၊ ပြည်ပမှ မှာယူစရာမလိုသောကြောင့် ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။



**မြတ်ဝေ**

သိင်္ဂါအပြုံး
ဝေလွင်မောင်

ထွက်ပြီ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ ရွေးကောက်ပွဲ အတွေ့အကြုံများအကြောင်း...
နိုင်ငံအရေးဆောင်ရွက်ရာမှာ ထားရှိရမည့် လူတစ်ဦးချင်းစီရဲ့ စိတ်နေသဘောထားနှင့် အပြုအမူများအကြောင်း...
ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာမှာ နိုင်ငံသားတိုင်း လိုက်နာရမည့် အချက်များအကြောင်း ... စသည်တို့ကို ဝေဝေဆာဆာ စုံစုံလင်လင်နဲ့ စိတ်ဝင်စားဖွယ်ရေးသား ဖော်ညွှန်းထားတဲ့...စာရေးဆရာ ဝေလွင်မောင်ရဲ့
သိင်္ဂါအပြုံး . . .
ဆက်သွယ်ရန်-
ဖုန်း ၀၉၃၀၁၃၆၇၅၆၂ (စာတည်းဌာန)
၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
သုတ/ရသ စာကောင်းပေမွန်များအား စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိသည့် မြဝတီစာပေတိုက်မှဖြန့်ချိလိုက်ပြီ။

**အမည်မှန်နှင့်ဖခင်အမည်မှန်**
ကျောက်မဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(C)မှ နန်းဆိုင်လောင်၏ အမည်မှန်မှာ နန်းစံလောဝ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းနိုင် ၁၃/တယန(နိုင်)၀၂၇၅၆၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျောက်တန်းမြို့နယ်၊ ခနောင် အထက နဝမတန်းမှ မောင်ထက်ရှိန်းလင်း (၅၃၂၅)၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၁၂/ကတန(နိုင်)၀၈၄၀၉၂ ဖြစ်ပါကြောင်း။ **ဦးသိန်းနိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2D/1271 Toyota Alphard Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွဋ် ၇/ပခန(နိုင်)၁၃၀၉၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယာဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 11 Jul
6 - 7:30 (Mon ~ Thurs) 11 Jul
1 - 4:00 (Sat + Sun) 16 Jul
10-11:30 (Mon ~ Thurs) 18 Jul
3:30 - 5 (Mon ~ Thurs) 26 Jul

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 18 Jul
3:30 - 5 (Mon ~ Thurs) 18 Jul
7:30 - 9 (Mon ~ Thurs) 25 Jul
6 - 7:30 (Mon ~ Thurs) 25 Jul
1 - 2:30 (Mon ~ Thurs) 26 Jul
1 - 4:00 (Sat + Sun) 30 Jul

BASIC GRAMMAR
9 - 12:00 (Sat + Sun) 16 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 18 Jul
1 - 4:00 (Sat + Sun) 23 Jul
1 - 2:30 (Mon ~ Thurs) 1 Aug
3:30 - 5 (Mon ~ Thurs) 8 Aug
10-11:30 (Mon ~ Thurs) 15 Aug

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 18 Jul
7:30 - 9 (Mon ~ Thurs) 25 Jul
1 - 2:30 (Mon ~ Thurs) 1 Aug

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 4 Jul
12 - 3:00 (Sat + Sun) 30 Jul

BASIC WRITING
1 - 4:00 (Sat + Sun) 10 Jul

BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 17 Jul
10-11:30 (Mon ~ Thurs) 18 Jul
3:30 - 5 (Mon ~ Thurs) 26 Jul

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 11 Jul
7:30 - 9 (Mon ~ Thurs) 1 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
12 - 3:00 (Sat + Sun) 30 Jul
9 - 12:00 (Sat + Sun) 20 Aug

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 18 Jul
7:30-10:30 (Sat + Sun) 30 Jul
3:30 - 5 (Mon ~ Thurs) 1 Aug
10-11:30 (Mon ~ Thurs) 9 Aug
2 - 5:00 (Sat + Sun) 13 Aug
1 - 2:30 (Mon ~ Thurs) 16 Aug

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 25 Jul

IELTS (Preparation)
7:30-9:30 (Mon~Thurs) 11 Jul
1 - 3:30 (Mon~Thurs) 25 Jul

IELTS (Speaking)
7:30 - 9 (Mon~Thurs) 18 Jul

IELTS (Reading)
1 - 3:00 (Mon~Thurs) 18 Jul

IELTS (Grammar)
10-11:30 (Mon~Thurs) 22 Aug

# လမ်းဖြတ်ကူးသူအားတိုက်မိသော ဒိုင်နာယာဉ် ဆက်တိုက်ဆင့်ကဲတိုက်မိပြီး တိမ်းမှောက်

**ရန်ကုန် ဇူလိုင် ၆**

သမိုင်းလမ်းဆုံဘက်မှ အရှိန်ပြင်းမောင်းနှင်လာသော ဒိုင်နာယာဉ်တစ်စီး ဆက်တိုက် ဆင့်ကဲတိုက်မိပြီး ထွက်ပြေးမောင်းနှင်ရာမှ တိမ်းမှောက်သည့် ဖြစ်စဉ် **(ယာပုံ)** မရမ်းကုန်းမြို့နယ်အတွင်း ဇူလိုင် ၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် ည ၁၀ နာရီခန့်က သမိုင်းလမ်းဆုံဘက်မှ သမိုင်းဘူတာရုံလမ်းအတိုင်း အနောက်သို့ ယာဉ်မောင်း ဇာနည်အောင် မောင်းနှင်လာသော 2J/---- ဒိုင်နာယာဉ်သည် ဗဟိုလမ်းမီးပွိုင့်အရောက်ရှေ့မှ လမ်းဖြတ်ကူးလာသော မောင်ဖြိုးကျော်လင်းအား တိုက်မိပြီး ထွက်ပြေးမောင်းနှင်စဉ် သမိုင်းခုံးကျော်တံတား အရောက် ကိုအောင်မြင့် (၂၇ နှစ်)ကြည့်မြင်တိုင်မြို့နယ်နေသူ မောင်းနှင် လာသော CC/---- အငှားယာဉ်အား ထပ်မံတိုက်မိကာ ထပ်မံမောင်းနှင် ထွက်ပြေးစဉ် ဘုရင့်နောင်လမ်းဆုံ နှစ်ထပ်တံတား အဆင်း ဘုရင့်နောင် အမှတ်(၂) မြစ်ကူးတံတားထိပ်အရောက် ရှေ့မှ စက်ဘီးဖြင့် စီးနင်းလာသော ကိုရောကျော်(၂၃ နှစ်) လှိုင်မြို့နယ်နေသူ စီးနင်းပြီး နောက်မှ လိုက်ပါလာသော မထက်ထက်သူ (၂၄ နှစ်)တို့ကို တိုက်မိကာ ဇာနည်အောင် (စုံစမ်းဆဲ) မောင်းနှင်လာသော 2J/---- ဒိုင်နာယာဉ်မှာ ဘုရင့်နောင်အမှတ်(၂) မြစ်ကူးတံတားထိပ် ဘုရင့်နောင်ဘက်ခြမ်း၌ တိမ်းမှောက်သွားခဲ့သည်။



အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးနှင့် စက်ဘီးတစ်စီးပျက်စီးခဲ့ပြီး ယာဉ်တိုက်ခံရသူ မောင်ဖြိုးကျော်လင်းမှာ ဒဏ်ရာများရရှိသဖြင့် အင်းစိန်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သည်။ စက်ဘီးစီးနင်းသူ ကိုရောကျော်၊ မထက်ထက်သူနှင့် တိမ်းမှောက်သည့် ဒိုင်နာယာဉ်ပေါ်ပါ ငါးဦးတို့တွင် ဒဏ်ရာများရရှိသဖြင့် အင်းစိန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ တင်ပို့ကုသထားကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် ယာဉ်မောင်း ဇာနည်အောင်မှာ ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ၎င်း(စုံစမ်းဆဲ)အား ဘုရင့်နောင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

# မြစ်ငယ် ၁၂ မိုင်လမ်းဆုံ၌ ယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံး

**မြစ်ငယ် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေးလမ်းနှင့် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းဆုံရာ မြစ်ငယ်တံတားတောင်ဘက်ထိပ် ၁၂ မိုင်လမ်းဆုံ၌ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး လမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ကျော်မျိုးဦး(၃၅ နှစ်) မောင်းနှင်လာသော ရာဇာအောင်ယာဉ်လိုင်းမှ ခရီးသည်တင် မှန်လုံယာဉ်တစ်စီးသည် ယင်းရှေ့ရှိ တွဲကားတစ်စီးကို ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ကိုဇေယျာမောင် စီးနင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို နောက်မှဝင်ရောက်တိုက်မိသည်။ ယင်းနောက် တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိသွားပြီး ရန်ကုန်-မန္တလေးလမ်းအတိုင်း မြောက်မှတောင်သို့ ကျော်ကျော် မောင်းနှင်ပြီး မခင်ထွေးရီ နောက်မှထိုင်လိုက်လာသည့် မော်တော်ဆိုင်ကယ်ကို ထပ်မံဝင်တိုက်မိရာ ၎င်းတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ကိုဇေယျာမောင်မှာ ဒဏ်ရာအချို့ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ရသည်။ ခရီးသည်တင် မှန်လုံယာဉ်မောင်းမှာ ယာဉ်ကို အခင်းဖြစ်နေရာတွင်ထား၍ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၎င်းအား မြစ်ငယ်နယ်မြေမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အခင်းဖြစ်နေရာတွင် မီးပွိုင့်တပ်ဆင်ထားမှုမရှိခြင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ မထားရှိခြင်းကြောင့် ယာဉ်များမှာ အရှိန်ပြင်းစွာမောင်းနှင်နေကြ၍ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားနေကြောင်း ဒေသခံပြည်သူများ ပြောပြမှုအရ သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



# တာချီလိတ်မြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးများ တစ်ရက်တည်း လေးနေရာ၌ ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက တစ်ရက်တည်း လေးနေရာ၌ ပြစ်မှုကျူးလွန်သူများနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထူမိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ ဝှေလေလန်ပူးပေါင်းစစ်ရေးစခန်း၌ ဝှေလေလန်ကျေးရွာမှ တာချီလိတ်မြို့ဘက်သို့ ထိုင်းနိုင်ငံသား ပက်တနာဘွန်(ခ)နီး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၃၅၈ ပြား အလေးချိန် ၃၅ ဒသမ ၈ ဂရမ်ခန့်ကို သိမ်းဆည်းရမိသဖြင့် အဆိုပါ ပက်တနာဘွန်(ခ)နီး (ထိုင်းနိုင်ငံသား) (၂၃ နှစ်)ကို ဝမ်ပုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲခန့်တွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ ကျိုင်းတုံဘက်သို့ ကျော်နိုင်ထူး မောင်းနှင်ပြီး စိုင်းသောင်းနှင့် ကျလောတို့ လိုက်ပါလာသော Hilux Vigo အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဘလောက်တုံး တစ်တုံး အလေးချိန် ၃၅၀ ဂရမ်ခန့် သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ ပူးပေါင်းအဖွဲ့သည် ညနေ ၃ နာရီခွဲခန့်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် လိုင်းအမှတ် (၁/၂၅၁)ရှိ ကွင်းဆက်ပြစ်မှုကျူးလွန်သူ နေထိုင်သော အခန်းအမှတ်(၂)အား ဝင်ရောက်ရှာဖွေရာကွင်းဆက်တရားခံ စိုင်းယုန်း(ခ)စိုင်းရှဲန်နှင့်အတူ အိုက်လိုင်(ခ)ထွေးမောင်ဦးအား ဖမ်းဆီးရမိခဲ့ပြီး နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြား၊ အလေးချိန် ၁၇ ဒသမ ၇ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား အကျိုးအကြေ တစ်ဂရမ်ခန့် စုစုပေါင်းအလေးချိန် ၁၈ ဒသမ ၇ ဂရမ်ခန့် ဆက်စပ်ပစ္စည်းများအားသိမ်းဆည်းရမိသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်(ဝဟ/၅၀)ရှိ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဦးစောနန္တ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဦးစောနန္တနှင့်အတူ ဦးလုံးပန်အား ဖမ်းဆီးရမိပြီး နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ဘလောက်တုံးတစ်တုံးလျှင် အလေးချိန် ၀ ဒသမ ၃၅ ကီလိုခန့်စီပါ ဘလောက်တုံး ၁၀ တုံး စုစုပေါင်းအလေးချိန် ၃ ဒသမ ၅ ကီလိုခန့် သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူများကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆိုင်ကယ်ဝယ်ရန် ပိုက်ဆံတောင်းမရ၍ ပိုးသတ်ဆေးသောက်သေဆုံး

**ပုလဲ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးကျေးရွာတွင် ဖခင်ဖြစ်သူထံမှ ဆိုင်ကယ်ဝယ်ရန် ပိုက်ဆံတောင်းမရ၍ သားဖြစ်သူ မျိုးမင်းထိုက်(၂၅ နှစ်)(ဓာတုဗေဒ) ဒုတိယနှစ်ကျောင်းသားသည် ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက နေအိမ်ဝင်း အနောက်ဘက်ရှိ စပါးကျီထားသိုရာနေရာတွင် သီးနှံပိုးသတ်ဆေးသောက်ပြီး ပါးစပ်မှ အမြှုပ်များထွက်ကာ လဲကျနေသည်ကို ဖခင်ဖြစ်သူ ဦးမောင်သိန်းက တွေ့ရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ အရေးပေါ်ကုသမှုခံယူနေစဉ် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ပုလဲမြို့နယ် ချင်ပြစ်ရဲစခန်းမှူး ရဲအုပ်ကျော်ဝင်းနှင့်တပ်ဖွဲ့ဝင်များက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**


## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါက်တာယဉ်မွန်မြင့်နှင့် Than lyin Estate Development Ltd.တို့ ချုပ်ဆိုထားသော စာချုပ်အမှတ် (TEDB4/263/2015) တိုက်ခန်း အရောင်းအဝယ်စာချုပ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်နှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အကြာတွင် စာချုပ်အသစ်ချုပ်ဆိုမည်ဖြစ်ပါ၍ မူလပျောက်ဆုံးသွားသောစာချုပ်မှာ ပျက်ပြယ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဒေါက်တာယဉ်မွန်မြင့်**
**၁၂/ကမရ(နိုင်)၀၀၁၂၄၈**
**ဖုန်း-၀၁-၅၂၆၅၃၁**

လက်ရှိလုပ်ငန်းလုပ်ကိုင်လျက်ရှိသော
၁၂ဘီး Box ကား(၄)စီး
၁၂ဘီး ဘော်ဒီတဝက်(၄)စီး
အမြန်ရောင်းလိုပါသည်။
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၉၇၆၀၈၆၇၂**
**ပွဲစားမလို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ အထက်ညောင်ကုန်းကျေးရွာနေ မနှင်းနုထွေး ၉/မကန(နိုင်)၁၃၆၉၆၂၏ဖခင် ဦးဝါယမနှင့် ဦးရေနွတ်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးဝါယမ(ခ)ဦးရေနွတ်**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇူလိုင် (၆/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လဝဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ဝပ်ရှော့(၁)လမ်း၊ အမှတ် (၉၆၇/င)ဟုခေါ်တွင်သော (အလျား၃၄ပေ×အနံ၅၅ပေ)အကျယ်ရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ရေမီးအပါအဝင် ၎င်းအိမ်မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်ခံ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အိအိမာ ၁၂/ဒဂတ(နိုင်)၀၂၆၂၅၆၊ စောအယ်ရှာလယ် ၁၂/အစန(နိုင်)၀၁၃၃၃၇တို့က မိမိတို့ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထားဇိန် ၄/ဖလန(နိုင်)၀၀၄၁၂၈က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ဆိုင်ရေးဆိုင်ခွင့်ရှိပါက ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သဇင်အေး** | **ဒေါ်ခင်သန္တာစိုး** | **ဒေါ်တင်နန်းဝေ** |
| **LL.B, D.B.L, D.I.L, D.I.R** | **LL.B, D.B.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၃၂** | **စဉ်-၂၃၈၃၄** | **စဉ်-၂၃၈၆၃** |

**Home Group အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှု**
**ရုံး-အမှတ် (၂၇)၊ မြေညီ၊ တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၃၁၀၅၈၄၄၊ ၀၉-၃၂၆၇၄၁၁၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၀၇၂၊ အကျယ်အဝန်း(၄၀×၆၀)ပေ၊ နှစ် ၆၀ ဂရန်မြေ အမျိုးအစား မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၂၀×၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်အုန်းမြင့် ၁၂/လကန(နိုင်) ၁၀၄၀၅၇ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်သဇင် LL.B** | **ဒေါ်ခင်မိုးမိုးအောင် LL.B** |
| **အထက်တန်းရှေ့နေ (စဉ်-၃၃၁၁၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)** |

**အမှတ် ၈၃/၁၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၉၇၄၀၃၊ ၀၉-၄၂၀၀၀၄၉၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7366 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/3288 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် င/၃၉ နေ ဒေါ်တင်တင်သိန်း ၁၀/မဒန(နိုင်)၀၀၉၀၀၉၏ ဒုတိယမြောက်သား မောင်ဝေယံမင်းထက်ခိုင် (ဘ)ဦးဇော်မင်းခိုင် ၃/မဝတ(နိုင်)၀၃၁၃၄၀ သည် မိဘ၏ဆိုဆုံးမမှုအား မနာခံဘဲ နေအိမ်မှဆင်းသွားခဲ့ပါသည်။ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှန်သမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်တင်တင်သိန်း ၁၀/မဒန(နိုင်)၀၀၉၀၀၉**
**ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊**
**မြဝတီမြို့၊ ကရင်ပြည်နယ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက် ၁၅၉နေ ဦးစိုးအောင်-ဒေါ်အမာတင် တို့၏သမီး၊ မတင်ဇာအောင် ၉/အမဇ(နိုင်)၀၆၂၄၃၇သည် မိဘဆွေမျိုးများ၏ ပြောဆိုဆုံးမစကားကို နားထောင်ခြင်းမရှိဘဲ မိခင်အားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများ**
**ဦးစိုးအောင်-ဒေါ်အမာတင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၄၄၂၏ ပထမထပ်၊ အခန်းအမှတ်(၂/အေ)တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမြင့် ၁၂/သဃက(နိုင်)၀၉၂၀၅၉က ၁-၇-၂၀၁၆ ရက်တွင် စရန်ပေးအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်သောင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၉)**
**သင်္ဃန်းကျွန်းမြို့နယ်၊ ထွေ/အုပ်ရုံးဝင်းအတွင်း၊**
**ဦးဘဟန်လင်း၊ ရန်အောင်ရပ်ကွက်**

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ထိုင်းအသင်းဗိုလ်စွဲ




(၁၉)ကြိမ် မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပထမဆုရ ထိုင်းအသင်းကို တွေ့ရစဉ်
(ဓာတ်ပုံ - ကိုကိုစိုးညွန့်)

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ ထိုင်းအသင်း ချန်ပီယံဆု ရရှိသွားသည်။

ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် မြန်မာ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ထိုင်းအသင်းက သုံးပွဲပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ(က)အသင်းသည် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် အနိုင်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပထမပွဲငယ်တွင် မြန်မာအသင်းသည် အမှတ်အသာဖြင့် အကြိမ်ကြိမ်ဦးဆောင်နိုင်ခဲ့သော်လည်း ၂၆-၂၈ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထိုင်းအသင်း သည် ဒုတိယပွဲငယ်တွင် ၂၅-၂၂ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၈ မှတ်တို့ဖြင့် အနိုင်ကစားခဲ့ပြီး ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ချန်ပီယံဆုကို နှစ်ကြိမ်ဆက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲတွင် အင်ဒိုနီးရှားအသင်းက မြန်မာ(ခ)အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ(ခ)အသင်းသည် အင်ဒိုနီးရှားအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ၂၄-၂၆ မှတ်၊ ၂၆-၂၄ မှတ်၊ ၂၀-၂၅ မှတ်၊ ၂၅-၂၇ မှတ်တို့ဖြင့် သုံးပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အကောင်းဆုံးဆုရ ကန်တာပတ်ခွန်မီး(ထိုင်း)အား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ဆုချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တတိယဆုရ အင်ဒိုနီးရှားအသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဒုတိယဆုရ မြန်မာ(က) အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပထမဆုရ ထိုင်းအသင်းကို ဆုများပေးအပ်ချီးမြှင့်သည်။

**ရဲရင့်ရှိုင်း**

## မြန်မာ ယူ-၁၆ အသင်း ခြေစမ်းပွဲတွင် အနိုင်ရ

**နေပြည်တော် ဇူလိုင် ၆**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၆ အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အိုလံပစ်အားကစားကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲမကစားရသောကြောင့် ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ ကြိုတင်သွားရောက်ကာ အိမ်ရှင်အသင်းနှင့် ခြေစမ်းကစားခဲ့ခြင်းဖြစ်ပြီး ပရိသတ်အများစု လာရောက်အားပေးခဲ့သည်။ ခြေစွမ်းပိုင်းမကွာခြားသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးအပြိုင်အဆိုင် သွင်းခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၂၄ မိနစ်တွင် ပြည့်စုံနိုင်၊ ၈၉၊ ၉၀ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က သွင်းယူခဲ့ပြီး ကမ္ဘောဒီးယားအတွက် ဂိုးများကို ဒုတိယပိုင်းအစတွင် ဆက်တိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးစတင်ရရှိခဲ့သော်လည်း နှစ်ဂိုးဆက် ပြန်ပေးခဲ့ရသောကြောင့် နောက်မှလိုက်ကစားခဲ့ရပြီး ပွဲပြီးခါနီးတွင် ဂိုးများပြန်ရခဲ့သောကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

## အိမ်ရှင်ပြင်သစ်နှင့် ကမ္ဘာ့ချန်ပီယံ ဂျာမနီ ခြေစွမ်းပြိုင်လို့ မည်သူနိုင်

ယူရို ၂၀၁၆ အကြိုဗိုလ်လုပွဲမှ အသင်းကြီးနှစ်သင်းဖြစ်သော ဂျာမနီနှင့်ပြင်သစ်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၁ နာရီခွဲတွင် မာဆေးမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲကို ကွင်းလယ်ဒိုင်အဖြစ် အီတလီနိုင်ငံသား နီကိုလာရစ်ဇိုလီက တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။




ဂျာမနီအသင်းသည် အုပ်စု(ဂ)တွင် အုပ်စုပထမဖြင့်တက်ရောက်လာသလို အိမ်ရှင်ပြင်သစ်အသင်းသည်လည်း အုပ်စု(က)တွင် အုပ်စုပထမဖြင့် တက်ရောက်လာခဲ့သည်။ ဂျာမနီအသင်းတွင် ဂိုး၊ နောက်တန်းနှင့် ကွင်းလယ်ပိုင်းတွင် အင်အား တောင့်တင်းနေသော်လည်း တိုက်စစ်ပိုင်းတွင် အားနည်းချက်ရှိနေသည်။ ပွဲစဉ်တစ်လျှောက် သွင်းဂိုးနှစ်ဂိုး သွင်းယူထားသည့် တိုက်စစ်မှူး ဂိုမက်ဇ်နှင့် ကွင်းလယ်လူ ခီဒီယာမှာ ဒဏ်ရာပြဿနာရှိနေပြီး ပြင်သစ်နှင့်ပွဲတွင် ပါဝင်နိုင်ရန် မသေချာပေ။ ဂေါ်မီဇသည်လည်းခြေစွမ်းမပြနိုင်ဘဲ နာမည်ကြီးသောမတ်စ်မူလာကလည်း ဂိုးပေါက်ပျောက်ဆုံးနေသည်။ နည်းပြ ဂျိုအာချင်လိုသည် အိမ်ရှင်ပြင်သစ်နှင့်ပွဲတွင် ကစားကွက် မည်သို့ပြောင်းလဲမည်ဆိုတာ စောင့်မျှော်ရမည်ဖြစ်သည်။

အိမ်ရှင် ပြင်သစ်အသင်းသည် ပရိသတ်အားနှင့် အသင်းလိုက်ဖွဲ့စည်းအားကောင်းနေသလို တိုက်စစ်မှူးများကလည်း ခြေစွမ်းပြနေသည်။ ပြင်သစ်အသင်းတွင် ဒဏ်ရာကင်းရှင်းနေသည်။ ယင်းနှစ်သင်းတွေ့ဆုံမှုမှာ ရှေ့ နောက်၊ လယ် အားပြိုင်မှုများနှင့် ဝါရင့်ဂိုးသမားများဖြစ်သော နူအာနှင့် ဟူဂိုအယ်လိုရစ်တို့ အားပြိုင်မှုလည်း ပါဝင်နေသည်။ နောက်ဆုံး အကြိုဗိုလ်လုပွဲ၏ အသင်းကြီးနှစ်သင်းတွေ့ဆုံမှုမှာ ပရိသတ်များကို ရသပေါင်းများစွာ ပေးစွမ်းနိုင်ပြီး ခန့်မှန်းရခက်သည့် ပွဲတစ်ပွဲဖြစ်သည်။

**သီဟ**




ခရီးသွားမယ်ဆို ၊ စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

### မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးဘထွန်း-လဝက ဦးစီးမှူး-ငြိမ်း)-ဒေါ်တင်တင်အေး
(လဝက-ငြိမ်း)တို့၏ သားကြီး
**Michael ထွန်းလင်း**
**(Chairman/ CEO)**
**Focus Logistics Myanmar Co.,Ltd.**
**နှင့်**
နေပြည်တော်နေ
ဦးဝင်းမြင့် (ဓာတ်ခွဲခန်းမှူး-ငြိမ်း)- ဒေါ်အေးအေးသိန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)
တို့၏သမီးကြီး
**မခိုင်ဇာဝင်း (M.Sc, (Physics), M.Devs (YIE), M.A (Management)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
တို့၏ ၃-၇-၂၀၁၆ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဒေါက်တာသန်းမြင့်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်စိုးညာဏ် (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)နှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ မှတ်တမ်းတင်အပ်ပါသည်။
**နှစ်ဖက်သောမိဘများနှင့်**
**Michael ထွန်းလင်း- မခိုင်ဇာဝင်း**

### လက်ထပ်ပြီးစီးခြင်း


လားရှိုးမြို့နေ မောင်မောင်နိုင် (ဒုတိယညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ၊ လားရှိုးမြို့)နှင့် ရန်ကုန်မြို့နေ မခင်နီလာလွင် (အထက်တန်းသူနာပြု)တို့သည် ၅-၇-၂၀၁၆ ရက်တွင် လားရှိုးမြို့နယ် တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။
**မောင်မောင်နိုင်-မခင်နီလာလွင်**

### ရေနံချောင်းမြို့ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်လိုပါ၍ ဖိတ်ကြားခြင်း

ရေနံချောင်းစာစစ်ဌာနမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို အရဏ်ဦး ကုမ္ပဏီများအုပ်စုမှ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအနေဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲ ဖိတ်ကြားလွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ၉-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရေနံချောင်းမြို့၊ မြို့တော်ခန်းမသို့ ဂုဏ်ထူးရ အထောက်အထားများနှင့်အတူ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။
**ဆုချီးမြှင့်ရေးအဖွဲ့**

### JES Driver Academy

အထူးယာဉ်မောင်းသင်တန်း
ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်း အထူးသင်တန်းကို (၂၅ - ၇ - ၂၀၁၆) တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။ လူဦးရေကန့်သတ်ထားပါသည်။ (ခ)လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်။ (အမောင်းသင်လိုင်စင်လက်ဝယ်ရှိသူများ အမြန်လိုင်စင်ရမည်။) တက်ရောက်လိုသူများအောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။
09 8581144, 09 32173735, 09 263145979,
09 32250319, 09 797815723, 09 263464993
www.facebook.com/jesdriveracademy




**ဖခင်အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် ၂ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းလင်းထိုက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖိုးတုတ် ၁/ရကန(နိုင်)၀၁၀၁၄၂ ဖြစ်ပါကြောင်း။ **ဦးဖိုးတုတ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀) နောင်ခမ်းကြီးရွာနေ ဦးလှညွန့်၏သမီး အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်တင်တင်မြင့် ၉/မမန(နိုင်)၀၃၅၂၈၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



# ရော်ဘာရွက်ဖြင့် ပန်းအလှဆင်သင်ကြားပေးမည်

**ဘားအံ ဇူလိုင် ၆**

စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်း ပညာရှင် လေးဦးတို့ ပါဝင်သောအဖွဲ့က ကရင်ပြည်နယ်အတွင်းရှိ ခရိုင်/ မြို့နယ်မှသင်တန်းသားများကို ပန်းအလှဆင်ခြင်း၊ ပန်းအလှထိုးသင်တန်းကို စာတွေ့လက်တွေ့တစ်ပတ်ကြာ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးမည်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန ကရင်ပြည်နယ်အနေဖြင့် ပြည်နယ်တွင်း ရော်ဘာစိုက်တောင်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရေး၊ ဒေသတွင်း အမျိုးသမီးအများစုအလုပ်အကိုင်ရရှိ၍ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်ပေါ်လာစေရေးတို့အတွက် ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (ရန်ကုန်) မှ ကျွမ်းကျင်ပညာရှင်များ ဖြစ်သည့် ဒေါ်ခင်သီတာကျော်၊ ဒေါ်ဥမ္မာညို၊ ဒေါ်ဝင့်နန္ဒာအေး၊ ဒေါ်မေသက်အေးတို့အားဖိတ်ကြား၍ ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သင်တန်းခန်းမ၌ ဌာနဝန်ထမ်း ၂၅ ဦးအား လက်တွေ့သင်ကြားပြသမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်း ၁၉၉၆ ခုနှစ်တွင် ရော်ဘာသုတေသနမှ ဝန်ထမ်းများ ထိုင်းနိုင်ငံသို့သွားရောက်၍ ရော်ဘာရွက်ဖြင့် ပန်းအလှပြုလုပ်ခြင်းအား လေ့လာခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှစ၍ စမ်းသပ်သင်တန်းပေးခဲ့ပြီး ယခုချိန်အထိဌာနတွင်းနှင့် ဌာနပြင်က ပုဂ္ဂလိကများသို့ နည်းပညာပြန့်ပွားရေး သင်တန်း ၁၀ ကြိမ် ခန့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုလုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းများမှာရော်ဘာရွက် မနုမရင့်၊ မှုတ်ဆေးရောင်စုံ၊ ပန်းကပ်တိပ်၊ စက္ကူတိပ်၊ TV ကော်ဘူး၊ ၂၈ ဂိတ်သွပ်ကြိုး၊ ၃၂ ဂိတ်သွပ်ကြိုး၊ အပ်ချည်ကြိုး၊ Ojeicacid တို့ဖြစ်ပြီး ကိရိယာများမှာငွေကြေးကုန်ကျမှု နည်းပါးခြင်း ပစ္စည်းစုဆောင်းရန် လွယ်ကူခြင်းဖြင့် မိမိအိမ်တွင် အလွယ်တကူလုပ်ဆောင် နိုင်သည်။ နိုင်ငံတကာတွင် ရော်ဘာရွက်ဖြင့် ပြုလုပ်သော ပန်းများမှာ ဈေးကွက်ခိုင်မာစွာရရှိနေပြီး ထိုင်းနိုင်ငံက ဈေးကွက်ကို စိုးမိုးထားသည်။

ပန်းပုံစံနှင့်အရွယ်အစား၊ ဆိုက်အကြီးအသေးအလိုက် ဈေးနှုန်းမှာ ငွေကျပ် ၅၀၀၀ မှသည် သိန်းချီ၍ တန်ဖိုးလက်ရာ အလိုက်ရှိသဖြင့် ရော်ဘာစိုက်ဧက ၂၆၀၀၀၀ ရှိသည့် ကရင်ပြည်နယ်တွင်း အမျိုးသမီးများ အလုပ်အကိုင်ရရှိရေး၊ နိုင်ငံခြားပန်းများ Export တင်သွင်းရသည့် ကုန်ကျစရိတ်ကို မိမိတို့၏ လက်ရာနည်းပညာဖြင့် ယှဉ်ပြိုင်ရောင်းချ၍ ဝင်ငွေတိုးတက်ရေးကို ရည်ရွယ်သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘားအံမြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

ပြည်နယ်တွင် လက်ရှိလူဦးရေ ၁၅ သန်းခန့်ရှိပြီးစပါးစိုက်ဧက ၅ ဒသမ ၂ သိန်းနှင့်ရော်ဘာစိုက်ဧက ၂ ဒသမ ၇ သိန်းခန့်ရှိရာ ရော်ဘာစိုက်ခင်းများမှရရှိမည့် ရော်ဘာရွက်ကို အသုံးပြု၍ ခေတ်မီအလှပန်းများ ထုတ်လုပ်နိုင်ပါက ပြည်နယ်အတွက် ကြီးမားကျယ်ပြန့်သော ဈေးကွက်သစ်တစ်ခုဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်နယ်ရှိ ပြည်တွင်း ဈေးကွက်မက ထိုင်းနိုင်ငံဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်ရန် ရည်ရွယ်ကြောင်း၊ မိသားစုပေါင်းများစွာ၊ အမျိုးသမီးစုများစွာအတွက် အလုပ်ကိုင်အခွင့်လမ်းသစ်များဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ ယခုသင်တန်းကို ပထမဆုံးအကြိမ် ကနဦးအစပျိုးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆင်းဝန်ထမ်းများက မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်း၍ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်သည်။

**သတင်း-ဟန်နီစုဇင်ဖြိုး**

**ဓာတ်ပုံ- နေမျိုးလွင်**

# လုပ်ငန်းခွင်တွင် ထွန်စက်စီးရေနည်းပါးမှုကြောင့် တောင်သူများအခက်တွေ့နေ

**ရေတာရှည် ဇူလိုင် ၆**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်တွင် မိုးရာသီစပါးစိုက်ပျိုးရန်အတွက် ထွန်စက်များကို ဝယ်ယူသုံးစွဲခြင်းအပြင် ငှားရမ်းသုံးစွဲမှုလည်းမြင့်တက်လျက်ရှိရာ လက်ရှိ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ထွန်စက်စီးရေနည်းပါးကာ တောင်သူများအတွက် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

မိုးရေလုံလောက်စွာရရှိသည့် လယ်ကွက်များအတွက် ထွန်စက်ငှားရမ်း၍ တစ်ဧကနှစ်စက်နှုန်းမောင်းနှင်လျှင် စပါးကြဲ၍ ရနိုင်ပြီး လယ်ယာလုပ်သားငှားရမ်းခ သက်သာပြီး အချိန်တိုအတွင်း ပြီးစီးနိုင်သည့် ထွန်စက်များဖြင့်သာ တောင်သူများက ဆောင်ရွက်လိုကြောင်း သိရသည်။“ထွန်စက်နဲ့က မြန်တယ်။ ကေအများကြီးကို ရက်ပိုင်းနဲ့ပြီးနိုင်တော့ ထွန်စက်နဲ့ပဲ လုပ်ချင်ကြတာ။ အခုထွန်စက်တွေကနည်းတော့ ငှားရတာ မလွယ်ဘူးဖြစ်နေတယ်။ ရှိတဲ့ ထွန်စက်တွေကလည်း အလုပ်ကမလည်နိုင်တော့အတော်နဲ့ ကိုယ့်အလှည့်မရောက်နိုင်ဘူးဖြစ်နေတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။ ထွန်စက်များဖြင့် ငှားရမ်းသုံးစွဲသည့်အခါ တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ အထိ ပေးကြရပြီး စက်မောင်းသူများအနေဖြင့် တောင်သူများအကြိုက် ထွန်ယက်ပေးသည့် ထွန်စက်များဆိုလျှင် နားရက်မရှိအောင် မောင်းနှင်ကြရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အရမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်ပြီ

## ဆရာသောင်း(ရမည်းသင်း)

အင်း......ပြောပြန်တော့လည်း အောင်မင်းလွန်ရာကျမယ်ဆိုပြီး မပြောဖြစ်တာ ကြာခဲ့ပါပြီ။

မပြောမပြီး မတီးမမြည်ဆိုလို့သာ ပြောရမှာ။

တော်ကြာ....စေတနာတွေ ဝေဒနာဖြစ်သွားမှာကိုလည်း စိုးမိပါရဲ့။

အခုဆိုရင် ရေဒီယိုတွေ၊ ကက်ဆက်တွေပဲဖွင့်ဖွင့်၊ ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားတွေပဲ ကြည့်ကြည့်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေပဲဖတ်ဖတ်“အရမ်း”ဆိုတဲ့ ဝေါဟာရကို အားပါးတရ ထပ်တလဲလဲ သုံးနေလိုက်ကြပုံများ ထောင်းလမောင်းကိုထနေတာပဲ။

တစ်ခါတုန်းက ဝေါဟာရတစ်ခုရဲ့ မူရင်းအဓိပ္ပာယ်ကို သိတဲ့သူတစ်ယောက်ကြောင့် မသိတဲ့သူတစ်ယောက်ဆုံးရှုံးရဖူးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျွန်တော် ၁၀ တန်းကျောင်းသားဘဝတုန်းက မြန်မာရာဇဝင်မှာ ဂန္ထဝင်မြောက် စံတင်လောက်တဲ့ လင်္ကာတစ်ပုဒ်ကို ဖတ်ခဲ့ရတယ်။ ပုဂံပြည့်ရှင် နန်းဘုရင် နရပတိစည်သူမင်းဟာ နန်းကျဘုရင်ရဲ့ဆွေစဉ်မျိုးဆက် အပေါင်းအဖော်တွေကို ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းလင်းသုတ်သင်တဲ့အနေနဲ့ နောင်တော်မင်းယဉ်နရသိင်္ခ၏ အထိန်းတော်ရဲ့သားဖြစ်သူ “အနန္တသူရိယ”အမတ်ကြီးကို ပုဂံမြို့အနောက်ဘက်ယွန်းယွန်းက သူသတ်ကုန်းမှာ ကွပ်မျက်စေခဲ့ပါတယ်။ အမတ်ကြီးဟာ အသတ်မခံရခင်မှာ အာဏာသားတစ်ယောက်ကို ပေရွက်နဲ့ကညစ် ပြန်ယူခိုင်းပြီး ဘုရင်ကြီးကို ဆက်သဖို့ မျက်ဖြေလင်္ကာတစ်ပုဒ်ရေးဖွဲ့ခဲ့တယ်ဆိုပဲ။ အဲဒီလင်္ကာထဲမှာပါတဲ့......

“သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း” ဆိုတဲ့စာပိုဒ်ထဲက “တစ်သက်လျာ”ဆိုတဲ့ ဝေါဟာရရဲ့အဓိပ္ပာယ်က “တစ်ခဏတာ” လို့ သိခဲ့ရပါတယ်။

အဲဒီဝေါဟာရလေးကို ကြိုက်လွန်းလွန်းလို့ဆိုပြီး ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရွာမှာကျန်ခဲ့တဲ့ သူ့ချစ်သူဆီကို “မင်းနဲ့ကိုယ်နဲ့ အခုလိုခွဲခွာနေကြရတာဟာ တစ်သက်လျာပါ ကွာ” လို့ ရေးပို့လိုက်တဲ့စာကို သူ့ချစ်သူက ဖတ်လိုက်ရတဲ့အခါမှာ အဓိပ္ပာယ်ကောက်လွဲပြီး အဆိပ်သောက်သေသွားပါလေရောဗျာ။ အေးလေ....သူ့ခမျာ “တစ်သက်လျာ”ရဲ့ မူရင်း အဓိပ္ပာယ်ကိုမသိရှာလေတော့ သူ့ချစ်သူဟာ မြို့မှာ ကျောင်းသွားတက်ရင်းက ချစ်သူအသစ်တွေ့လို့သာ တစ်သက်လျာခွဲခွာကြရတယ်လို့ ရေးထားတာ နေမှာပဲ။ ဒီလိုသာဆိုရင်တော့ သူတို့ချစ်သူနှစ်ဦးဟာ ဘဝတစ်သက်တာလုံး ခွဲခွာကြရတော့မှာပေါ့လို့ထင်ပြီး သူ့ကိုယ်သူ သတ်သေခဲ့တာဆိုပဲ။

**“အရမ်း”ရဲ့ မူရင်းအဓိပ္ပာယ်ဟာ “မစဉ်းမစား၊ မဆင်မခြင်၊ စည်းမဲ့ကမ်းမဲ့၊ လွန်လွန်ကဲကဲ” လို့ တွေ့ရှိရမှာဖြစ်ပြီး “အရမ်း” ဆိုတဲ့ ဝေါဟာရကို မကောင်းတဲ့အခြေအနေ၊ အနှစ်မြို့ဖွယ် အခြေအနေတွေမှာသာ အလေးအနက်ပြုတဲ့အနေနဲ့ သုံးသင့် . . .**

နောက်ပြီးတော့ တချို့ဆိုရင် “လှချက်ကတော့ ရက်စက်တယ်” တို့၊ “သရုပ်ဆောင်ပုံကတော့ မိုက်တယ်”တို့ဆိုတဲ့ မပြောသင့် မပြောထိုက်တဲ့စကားလုံးတွေကို တောင် မဆင်မခြင်ပြောနေကြတယ်မို့လား။ တကယ်တော့ “ရက်စက်တယ်”ဆိုတာ မညှာမတာပြုမူခြင်း၊ “မိုက်တယ်”ဆိုတာ မိုက်မဲခြင်း၊ မိုက်ရိုင်းခြင်းကိုဆိုလိုတာပါ။ မကောင်းတဲ့အဓိပ္ပာယ်တွေနဲ့ သုံးတဲ့စကားလုံးတွေပါ။

အခုလည်း“အရမ်း”ဆိုတဲ့ဝေါဟာရရဲ့မူရင်းအဓိပ္ပာယ်ကို လူတိုင်းသိထားသင့်တာမို့ “မြန်မာအဘိဓာန်ကျမ်း” ကို လေ့လာကြည့်မယ်ဆိုရင် “အရမ်း”ရဲ့မူရင်းအဓိပ္ပာယ်ဟာ “မစဉ်းမစား၊ မဆင်မခြင်၊ စည်းမဲ့ကမ်းမဲ့၊ လွန်လွန်ကဲကဲ” လို့ တွေ့ရှိရမှာဖြစ်ပြီး “အရမ်း” ဆိုတဲ့ ဝေါဟာရကို မကောင်းတဲ့အခြေအနေ၊ မနှစ်မြို့ဖွယ် အခြေအနေတွေမှာသာ အလေးအနက်ပြုတဲ့အနေနဲ့ သုံးသင့်တဲ့အတွက် “အရမ်းရက်စက်တယ်၊ အရမ်းကြောက်စရာကောင်းတယ်၊ အရမ်းအရုပ်ဆိုးတယ်၊ အရမ်းမိုက်ရိုင်းတယ်၊ အရမ်း ဆိုးသွမ်းတယ်၊ အရမ်းသောင်းကျန်းတယ်” လို့ သုံးသင့်တယ်ဆိုတဲ့အကြောင်း သိရှိကြ ရမှာ ဖြစ်ပါတယ်။

တကယ်လို့ကောင်းတဲ့အခြေအနေ၊ နှစ်မြို့ဖွယ်အခြေအနေတွေမှာ သုံးချင်သပဆိုရင်တော့ “သိပ်” တို့ “အလွန်”တို့၊ “အင်မတန်” တို့၊ “တအား”တို့ဆိုတဲ့ ဝေါဟာရတွေကိုသုံးရမှာဖြစ်တယ်လို့ မြန်မာအဘိဓာန်မှာ ဆိုထားပြန်တာကြောင့် “သိပ်ချစ်တယ်၊ သိပ်လှတယ်၊ သိပ်ပျော်တယ်၊ သိပ်တော်တယ်၊ သိပ်ကောင်းတယ်၊ သိပ်လိမ္မာတယ်”လို့ သုံးသင့်ပါရဲ့နဲ့ “အရမ်းချစ်တယ်၊ အရမ်းလှတယ်၊ အရမ်းပျော်တယ်၊ အရမ်းတော်တယ်၊ အရမ်းကောင်းတယ်၊ အရမ်းလိမ္မာတယ်”လို့ မှားယွင်းပြောဆို ရေးသားနေကြတာတွေဟာ တကယ်တော့ အဓိပ္ပာယ်တွေလုံးဝဆန့်ကျင်ပြီး လွဲချော်နေပြီဆိုတာ သိစေချင်ပါတယ်။

အဲ့ဒီတော့ ဖြူဖြူစင်စင် ကြင်ကြင်နာနာ၊ တည်တည်ခန့်ခန့် သန့်သန့်ရှင်းရှင်း၊ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး ရိုးရိုးသားသား၊ စွဲစွဲလမ်းလမ်း တမ်းတမ်းတတ၊ သစ္စာရှိရှိ ကတိတည်တည်၊ ရင်ထဲအသည်းထဲ၊ မေတ္တာမှန်နဲ့အများကြီးအများကြီးချစ်ပါတယ်လို့ ပြောချင်တာကို “သိပ်ချစ်တယ်”၊ “အလွန် ချစ်တယ်”၊ “အင်မတန်ချစ်တယ်”၊ “တအားချစ်တယ်” လို့ အမျိုးမျိုး ပြောနိုင်ရဲ့သားနဲ့ “အရမ်းချစ်တယ်”လို့ မှားယွင်းပြီး ပြောဆိုရေးသား နေကြလေတော့ သူ့ရဲ့အချစ်ဟာ “ဘုမသိ ဘမသိ အဓိပ္ပာယ်မရှိ၊ ဆင်ကန်းတောတိုး အစိုးမရ၊ အနှစ်မပါ အကာသက်သက်၊ မဆင်မခြင်၊ မမြင် မကန်း၊ မစူးမစမ်းပရမ်းပတာ၊ မလေ့မလာ ဘာညာမတွေး၊ ဝရုန်းသုန်းကား ရှာမှ ရှားတဲ့၊ ပေါက် လွှတ်ပဲစား တန်ဖိုးမထားတဲ့၊ အရမ်းကာရော အပေါစားအချစ်မျိုး” ဖြစ် မသွားပေဘူးလား။

အဲ့ဒါကြောင့်မို့....ဆရာမိဘ၊ လူကြီးသူမတွေရယ်၊ အနုပညာရှင်တွေနဲ့ ကိုရီးယားဇာတ်လမ်းတွဲ ဘာသာပြန်တဲ့သူတွေ၊ စာပေပညာရှင်တွေ၊ စာရေးဆရာတွေ၊ မီဒီယာလောကသားတွေအားလုံးဟာ ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်တွေအပါအဝင် ပြည်သူပြည်သားအားလုံး အတုယူမမှားကြရလေအောင် ရှေ့ဆောင်လမ်းပြလုပ်တဲ့အနေနဲ့ ကောင်းတဲ့အခြေအနေ၊ နှစ်မြို့ဖွယ် အခြေအနေတွေမှာ အလေးအနက် ပြုချင်ပြီဆိုရင် “အရမ်း” ဆိုတဲ့ ဝေါဟာရကို လုံးဝမသုံးကြတော့ဘဲ.....

“အရမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်ပြီ”လို့သာ ဆိုသင့်ပြီဖြစ်တဲ့အကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရကြောင်းပါ။

သြော်....“အရမ်း”ကို အရမ်းသုံးနေကြတော့ အရမ်းစိတ်ပျက်မိတယ်ဗျာ။ ။



# ငွေတောင်ဆည် တိမ်ကောပပျောက်မသွားရန် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုအပ်

**လွိုင်ကော် ဇူလိုင် ၆**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကယားပြည်နယ်၏ ကျက်သရေဆောင် ငွေတောင်ဆည်ကြီး တိမ်ကောပပျောက်သွားခြင်းမရှိစေရေးအတွက် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်လျက်ရှိကြောင်း ငွေတောင်ဆည်ရေသောက်လယ်မြေများတွင် လုပ်ကိုင်ခွင့်ရရှိသူ လယ်သမားအချို့ထံမှ သိရသည်။

"ငွေတောင်ဆည်က နှစ်ကာလကြာမြင့်လာတော့ တိမ်ကောလာပြီးရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာပါတယ်။ ဆည်ရေသောက်လယ်မြေတွေမှာ နွေစပါး၊ မိုးစပါးစိုက်ပျိုးတဲ့အခါ စိုက်ပျိုးရေမလုံမလောက်ဖြစ်တာတွေ ကြုံတွေ့လာရတယ်။ ပြန်လည်တူး ဖော်ပြုပြင်ထိန်းသိမ်းမှုတွေပြုလုပ်ဖို့လိုအပ်နေပါပြီ" ဟု ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

"ငွေတောင်ဆည်ကြီး တိမ်ကောပပျောက်သွားခြင်း မရှိစေဖို့အတွက် ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်သလို ဆည်ရဲ့ရေစီးရေလာကောင်းမွန်စေရေးနဲ့ အကျယ်အဝန်းဧရိယာကို ထိခိုက်ပျက်စီးစေတဲ့ ဆည်ဧရိယာအတွင်း ကျူးကျော်ဝင်းခြံခတ်နေတာတွေကိုလည်း အမြန်ဆုံးရှင်းလင်းသင့်ပါတယ်။ ၎င်းတို့က တရားဝင်မြေနေရာသတ်မှတ်ပေးဖို့ အသနားခံတာတွေ၊ တောင်းဆိုတာ တွေလုပ်နေကြတယ်။ ငွေတောင်ဆည် ထိခိုက်ပျက်စီးစေမယ့်ကိစ္စတွေကို ခွင့်မပြုသင့်ပါဘူး" ဟု တောင်သူတစ်ဦးက ဆက်လက်ပြောပြသည်။

ငွေတောင်ဆည်သည် လယ်မြေများကို စိုက်ပျိုးရေပေးဝေနေသည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် အပန်းဖြေနားနေစရာ နေရာတစ်ခုဖြစ်သဖြင့် ငွေတောင်ဆည်ကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# အသိပညာပေးဟောပြောပွဲနှင့်တိုင်းရင်းဆေးဖြင့်အခမဲ့ဆေးကုသခြင်းဆောင်ရွက်

**ဘီးလင်း ဇူလိုင် ၆**

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ ဇူလိုင် ၃ ရက်က ညောင်ပလင်ကျေးရွာအုပ်စုသို့ သွားရောက်ကာ ပြည်သူများ အသိပညာတိုးပွားစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်အိသွယ်မိုးက သတိထားရမည့် လေဖြတ်ရောဂါအကြောင်းနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နန်းစုစုသင်းက ဆေးဖက်ဝင်အပင်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက ကွမ်းစားသုံးခြင်းကြောင့် ရရှိခံစားရမည့် ဆိုးကျိုးများနှင့် ကွမ်းစားသုံးမှု လျော့ချရေးကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသော ပြည်သူများကခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာကြပြီး မြို့နယ်တိုင်းရင်းဆေးခန်းမှူးနှင့် ဝန်ထမ်းများက သွေးတိုး၊ ဒူးနာ၊ ခါးနာ၊ ရင်ကျပ်၊ အဖျား၊ အဆစ်အမျက်၊ အကြောရောဂါနှင့် အထွေထွေရောဂါကုလူနာ ၈၁ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။


**(မြို့နယ် ပြန်/ဆက်)**

# တောင်ရှည်-ကြေးနန်းတိုင်သစ်သားတံတား ကြံ့ခိုင်မှုအားနည်း၍ ပြုပြင်ရန် လိုအပ်

**မြိတ် ဇူလိုင် ၆**

၂၀၀၀ ပြည့်နှစ်ခန့်မှစတင်ပြီး ရွာသူရွာသားများ၏ မတည်ငွေဖြင့် ဆောက်လုပ်ထားသော မြိတ်မြို့နယ် မဇော ကျေးရွာအုပ်စုနှင့် တောင်ရှည်ကျေးရွာအုပ်စုနှစ်စုကို ဆက်သွယ်ထားသော တောင် ရှည်-ကြေးနန်းတိုင် သစ်သားတံတားအောက်ခြေရက်မတန်း ကျိုးကျ၍ တံတားကြမ်းခင်းများ ညီညာမှုမရှိ တံတားကြံ့ခိုင်မှု အားနည်းလာပြီး အန္တရာယ်ရှိနိုင်သော အခြေအနေကြောင့် ဒေသခံကျေးရွာများမှ ခရီးသွားပြည်သူများအတွက် စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ယင်းတံတား၏ သစ်သားရက်မတန်းများသည် ပြီးခဲ့သည့်တစ်လကျော်ကတည်းက ကျိုးကျခဲ့ပြီး လက်ရှိတွင် စိုးရိမ်ဖွယ် အခြေအနေရှိနေသည့်အတွက် မော်တော်ယာဉ်များ၊ ထော်လာဂျီများ ဖြတ်သန်းခွင့်မပြုရန် တားမြစ်ထားပြီး ဆိုင်ကယ်များသာ သွားခွင့်ပြုထားကြောင်း တောင်ရှည်ကျေးရွာအုပ်စုရှိ ဒေသခံများထံမှ သိရသည်။



ယခုအခါ ခရီးသည်ယာဉ်များဖြတ်သန်းခွင့်မပြုခြင်းကြောင့် ကြေးနန်းတိုင်ရွာဘက်ခြမ်းရှိ တံတားထိပ်မှ တံတားတစ်ဖက်ရှိ မော်တော်ယာဉ်များအချင်းချင်း ကုန်ပစ္စည်းများ လူဖြင့် သယ်ယူသွားလာနေရကြောင်း ဒေသခံရွာသားများထံမှသိရသည်။

လက်ရှိအချိန်တွင် ပြန်လည်ပြုပြင်ရန် လိုအပ်နေသဖြင့် ပြင်ဆင်မှုအတွက် ငွေကျပ် သိန်း ၁၂၀ကျော် ကုန်ကျမည်ဖြစ်ပြီး တစ် နှစ်သာခံနိုင်မည်ဖြစ်သောကြောင့် ရေရှည်အသုံးပြုရန်အတွက် ဘိုးပိုင် အာစီ ကွန်ကရစ်ကြမ်းခင်း တံတားတည်ဆောက်မည်ဆိုပါက ငွေကျပ် သန်း ၆၆၀ ခန့် ကုန်ကျနိုင်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအေးနိုင်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## ထားဝယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ထားဝယ် ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လောင်းလုံးမြို့နယ် ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် Norwegion Refugee Council (NRC) အဖွဲ့နှင့်ပူးပေါင်း၍ လောင်းလုံးမြို့နယ် ကမြောကင်းရွာ အခြေခံပညာအထက်တန်းကျောင်းနှင့်ရေဖြူရွာအခြေခံပညာအထက်တန်းကျောင်းတို့၌ ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျောင်းသားကျောင်းသူများအား အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အခြေခံပညာကျောင်းနှစ်ကျောင်းမှကျောင်းသားကျောင်းသူ စုစုပေါင်း ၁၄၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအပ်ချုပ်စက်သင်တန်းဆင်း

**ပေါက်ခေါင်း ဇူလိုင် ၆**

ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အဖြစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ကင်ပွန်းခြံအုပ်စု နတ်တလင်းစုကျေးရွာ၌ ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာ ဝင်းမြင့်ချစ်နှင့် ခရိုင်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး ခရိုင်ကျေးလက်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါက သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ ထို့နောက် ထူးချွန်ဆုရသင်တန်းသူ ငါးဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးအရာရှိ ဦးမောင်မောင်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဘိန်းအစားထိုးစပ်မျိုးစပါးမျိုးစေ့နှင့် ပျိုးပင်များပေးအပ်

**တွန်းဇံ ဇူလိုင် ၆**

ချင်းပြည်နယ် ဖလမ်းခရိုင်၊ တွန်းဇံမြို့၌ ဘိန်းအစားထိုးစိုက်ပျိုးရန်အတွက် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့နှင့်မျောက်ငိုသီးပျိုးပင်များပေးအပ်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီကတွန်းဇံမြို့အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ၄၅၀ ကီလို၊မျောက်ငိုသီးပျိုးပင် ၁၀၀၊ ယူရီးယား ဓာတ်မြေဩဇာ ၁၀ အိတ်တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကိုဆန်းနှင့် ဦးတွန်းဆန်၊ စာရင်းစစ်ဦးစီးအရာရှိ ဒေါ်ယဉ်မင်းစိုးနှင့် ဒုတိယ ရဲအုပ်ဦးကျော်မျိုးတို့က တောင်သူ ၃၂ ဦးထံသို့ ပေးအပ်ခဲ့ကြသည်။

ချင်းပြည်နယ်တွင် အဆိုပါဘိန်းအစားထိုးသီးနှံများအဖြစ်ပုလဲသွယ်စပ်မျိုးစပါးစသည့် သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန်ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားများ အန္တရာယ်ကာကွယ်ရေး ပညာပေးခြင်းစသည့် သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ရေတာရှည်မြို့နယ်ရှိ စာသင်ကျောင်းများအတွက် နေ့စားလပေးဆရာ ဆရာမ ခန့်ထားမှုစာရင်း ထုတ်ပြန်

**ရေတာရှည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် လိုအပ်သော နေ့စားလပေး ဆရာ ဆရာမ ခန့်ထားမှု စာရင်းများကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူး ရုံး၌ ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရှိရသည်။

အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၆ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၆၉ ကျောင်း၊ မူလွန်ကျောင်း ၁၃၄ ကျောင်း၊ အမက (၆) ကျောင်း၊ မူလတန်းခွဲ ၃၄ ကျောင်း စုစုပေါင်း ၂၅၅ ကျောင်းရှိပြီး ကျောင်းသားအရေအတွက်နှင့် ဆရာ ဆရာမများ လိုအပ်ချက်အရ နေ့စားလပေး ၄၆၈ ဦးခန့်ထားခဲ့ကြောင်း မြို့နယ်ပညာရေးမှူး ဦးစိန်လှိုင်က ပြောကြားသည်။

"ကျွန်မတို့က ဒီကနေ့ ခန့်ထားမယ့် စာရင်းထုတ်ပြန်မယ်ဆိုလို့ လာကြည့်တာပါ။ ကိုယ့်နာမည်ပါလို့ ဝမ်းသာပါတယ်။ နေ့စားလပေးကနေ အမြဲတမ်းဆရာမဖြစ်လာအောင်ကြိုးစားရ ဦးမှာပါ" ဟု လာရောက်ကြည့်ရှုသည့်အထဲတွင် ပါဝင်သော ဆရာမတစ်ဦးကပြောသည်။ ယခုခန့်ထားသည့် ဆရာ ဆရာမများအား အေအဆင့်ကျောင်းများမှလွဲ၍ ကျန်သည့်ကျောင်းများ၌ တာဝန်များပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောသည်။

**ကိုလွင်(ဆွာ)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# မြစ်ရေကြီးခြင်းဖြစ်စဉ်အချို့၏ ဖန်တီးရှင်များ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတွင် မြစ်ရေကြီးမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ကျရေ စီးဆင်းမှုပမာဏ အလွန်အမင်းများပြားခြင်း၊ မြစ်ကြောင်းပြောင်းလဲစီးဆင်းခြင်း၊ ရေဝေဒေသများ၏ ပထဝီအနေအထား ပြောင်းလဲသွားခြင်း၊ ဆည်တမံများ ကျိုးပေါက်ပျက်စီးခြင်း၊ ဆည်ရေဖောက်ချခြင်း စသည်တို့သည် မြစ်ရေကြီးမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းခံများ ဖြစ်ကြသည်။

၁၉၉၉ ခုနှစ်အတွင်းက မက္ကဆီကိုနိုင်ငံ ဟီဒယ်လ်ဂိုပြည်နယ်၌ တည်ဆောက်ထားသော လာအက်စ်ပါရန်ဇာဆည်ကြီး ရေပြည့်လျှံလာမှုကြောင့် ဆည်ကျိုးပျက်မည့်အရေးကိုရှောင်လွှဲနိုင်ရန် ဆည်ရေစီမံသူတို့က ရေပိုလွှဲပေါက်များကို ဖွင့်ချဖောက်ထုတ်ခဲ့ရာ ဆည်အောက်ပိုင်းဒေသများကို ဧရာမရေလုံးကြီးများက ဖုံးလွှမ်းသွားခဲ့ပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့်အတူ လူပေါင်းတစ်ရာကျော် သေဆုံးခဲ့ရသည်။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက အာဖရိကတိုက်အတွင်းရှိ မိုဇမ်ဘစ်နိုင်ငံတစ်ဝန်းလုံး၌ ချိုင့်ဝှမ်းဒေသများကို ရက်ပေါင်းများစွာ ရေလွှမ်းမိုးသွားခဲ့သည်။ သိန်းနှင့်ချီသောပြည်သူများသည် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရပြီး အချို့ကမူ ထွက်ပြေးရန် အချိန်အလုံအလောက်မရလိုက်သည့်အတွက် အသက်ဆုံးရှုံးသွားခဲ့ကြရသည်။

မိုဇမ်ဘစ်နိုင်ငံတစ်ဝန်းလုံး၌ နာရီပေါင်းများစွာကြာအောင် သဲသဲမဲမဲမိုးရွာသွန်းနေချိန်တွင် နဂိုကတည်းက ရေပြည့်လုနီးပါး ဖြည့်ထားသော ဆည်များသည် အချိန်တိုအတွင်းမှာပင် ပြည့်လျှံသွားခဲ့သည်။ ပြည့်လျှံနေသော ရေထု၏ဖိအားကြောင့် ဆည်များပြိုကျပျက်စီးမည့်အန္တရာယ်ကို ရှောင်လွှဲနိုင်စေရန်အတွက် ပိုလျှံရေထုတ်ပေါက်များကို ဖွင့်ချခဲ့ကြရာမှ ထွက်ပေါ်လာသော ဧရာမရေထုကြီးသည် ရုတ်တရက်မြစ်ရေကြီးခြင်းကို ဖြစ်ပေါ်သွားစေခဲ့သည်။

ဤကဲ့သို့ ဆည်ရေဖောက်ထုတ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ရုတ်တရက်မြစ်ရေကြီးမှုသည် လူ့အသက်အိုးအိမ်စည်းစိမ် အများအပြားကို ဆုံးရှုံးသွားစေရုံမျှမက ရေဘေးလွတ်ရာသစ်ပင်ပေါ်သို့ တက်ရောက်ရှောင်တိမ်းနေရင်း သစ်ပင်ပေါ်၌ပင် ကလေးငယ်တစ်ဦးကို မီးဖွားလိုက်ရသည့် မိခင်တစ်ဦး၏ဖြစ်ရပ်သည် ကမ္ဘာ့ သတင်းမျက်နှာစာများပေါ်တွင် မိုဇမ်ဘစ်နိုင်ငံကို ထင်ရှားပေါ်လွင်သွားစေခဲ့သည်။

မိုးရွာသွန်းမှုကြောင့် သဘာဝအလျောက် တဖြည်းဖြည်းချင်း မြစ်ရေလျှံတက်လာခြင်းနှင့် ယခုကဲ့သို့ ရုတ်တရက်မြစ်ရေကြီးခြင်း ဖြစ်ရပ်တို့မှာ များစွာကွဲပြား ခြားနားကြသည်။ သာမန်အားဖြင့် သဘာဝအတိုင်း မြစ်ရေလျှံတက်လာခဲ့လျှင် ရှောင်တိမ်းစွန့်ခွာရန် အချိန်ကောင်းစွာရနိုင်သော်လည်း ရုတ်တရက်ရေကြီးခြင်းမျိုးကမူ ထွက်ပြေးလွတ်မြောက်ရန် လုံလောက်သောအချိန်မရနိုင်သည့်အတွက် ပစ္စည်းဥစ္စာဆုံးရှုံးမှုတင်မက လူ့အသက်အများအပြား ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်စေသည်။

မိုဇမ်ဘစ်နိုင်ငံဖြစ်ရပ်မတိုင်မီ တစ်နှစ်ကျော်ခန့်က ဗဟိုအမေရိကဒေသရှိ ဟွန်ဒူးရပ်စ်နိုင်ငံ၌လည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့သည်။ ၁၉၉၈ ခုနှစ် အောက်တိုဘာလအတွင်းက မစ်ချ်အမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးကြောင့် ဟွန်ဒူးရပ်စ်နိုင်ငံတစ်ဝန်းလုံး၌ တစ်လတိတိ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ များပြားလှစွာသော မိုးရေထုကြီးကြောင့် တောင်ကျချောင်းကလေးများသည် ဧရာမမြစ်ကြောင်းကြီးများအဖြစ်သို့ အသွင်ပြောင်းသွားပြီး နိုင်ငံတစ်ဝန်းလုံး၌ ရေကြီးရေလျှံမှုကြီးကို ဖြစ်ပေါ်စေခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းပမာဏ အလွန်ကြီးမားခဲ့ပြီး လူတစ်သောင်းခန့် သေဆုံးသွားခဲ့ရသည်။

တစ်လတိတိရွာသွန်းသော မိုးရေထုကြီးကြောင့် ဖြစ်ပေါ်လာသော ဧရာမရေစီးကြောင်းကြီးများကို ရှောင်လွှဲကာ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ကြသော်လည်း အများပြည်သူတို့မျှော်လင့်မထားသည့် ရုတ်တရက် ဧရာမမြစ်ရေကြီးမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့သဖြင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ ဟွန်ဒူးရပ်စ်နိုင်ငံ၏ မြို့တော်တီဂူစီဂါလ်ပါး၏ အထက်ဘက်ရှိ လော့စ်လော်ရယ် ရေကာတာကြီး ကျိုးပေါက်ပြီး ကြီးမားသောရေထုကြီးက ဂွာစီရစ်မြစ်တစ်လျှောက် အလုံးအရင်းနှင့် ဝါးလုံးထိုးစီးဆင်းလာကာ ဟွန်ဒူးရပ်စ်မြို့တော်၏ ဆင်းရဲသားရပ်ကွက်သို့ ညသန်းခေါင်ယံအချိန်တွင် ဧရာမရေလှိုင်းလုံးကြီးများဖြင့် ဝင်ရောက်ဝါးမျိုပစ်ခဲ့သည့်အတွက် လူပေါင်းတစ်သောင်းခန့် သေဆုံးသွားခဲ့ကြရသည်။

တစ်ချိန်တည်းမှာပင် မြို့တော်တောင်ဘက်ရှိမြစ်ကြီးတစ်စင်းပေါ်တွင် တည်ဆောက်ထားသော ကွန်ဆက်ရှင်းဆည်ကြီးရေလျှံမှုကြောင့် အရေးပေါ်ရေထုတ်ပေါက်များကို ဖွင့်ချခဲ့သည့်အတွက် တစ်ပူပေါ်နှစ်ပူဆင့်ကာ မြို့တော်သူမြို့တော်သားတို့အနေဖြင့် ထွက်ပြေးလွတ်မြောက်ရန်ပင် အချိန်မရတော့ဘဲ ယခုကဲ့သို့သော အဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ကြရခြင်း ဖြစ်သည်။

ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၌လည်း ဆည်များကြောင့် ဧရာမရေကြီးရေလျှံမှုဖြစ်ပေါ်ကာ အသက်အိုးအိမ်စည်းစိမ် အများအပြား ဆုံးရှုံးခဲ့ရဖူးသည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်နိုင်ငံအလယ်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ပေလေးရာမြင့်သော ဘင်ကီအိုဆည်၏အထက်ပိုင်းရှိ ဆည်တမံကြီး ကျိုးပေါက်ပျက်စီးသွားခဲ့သည်။ ထိုဆည်ကြီးမှကျဆင်းလာသည့် ကေပေ ၉၇၀၀၀ ရှိသော ရေထုကြီးသည် ဘင်ကီအိုဆည်ကြီးကိုပါ ဖြိုချဖျက်ဆီးပစ်လိုက်တော့သည်။

ပျက်စီးသွားသော ဆည်နှစ်ခုပေါင်းမှ ကျဆင်းလာသော ကေပေလေးသိန်းရှိသည့် ရေထုကြီးသည် အုတ်ကျိုးအုတ်ပဲ့များ၊ ကွန်ကရစ်တုံးအပဲ့စများ၊ နွံအနှစ်များနှင့်အတူ အရှိန်ပြင်းစွာစီးဆင်းလာကာ ဆည်အနီးရှိ ရုမြစ်ကို အကြီးအကျယ်ရေလျှံမှု ဖြစ်ပွားစေတော့သည်။ ရုမြစ်ရေ ရုတ်တရက်လျှံတက်မှုကြောင့် ၁၁ ကီလိုမီတာကျယ်ပြန့်သော ရေပြင်ကျယ်ကြီးဖြစ်ပေါ်သွားကာ အမြင့်ပေ ၂၀ ရှိသည့် ဧရာမရေလှိုင်းကြီးများသည် တစ်နာရီလျှင် ၄၈ ကီလိုမီတာရေစီးနှုန်းဖြင့် ဒလဟောစီးဆင်းလာပြီး ဟွာအီဘင်းမြို့ကြီးကို ဖျက်ဆီးပစ်လိုက်သည်။ ခန့်မှန်းတွက်ချက်ရန်ပင် ခက်ခဲသည့် ပျက်စီးဆုံးရှုံးမှုကြီးများနှင့်အတူ လူပေါင်းနှစ်သိန်းနီးပါးခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။

အထက်ပါဖြစ်ရပ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက မိုဇမ်ဘစ်နိုင်ငံ၊ ဟွန်ဒူးရပ်စ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ရုတ်တရက်မြစ်ရေလျှံတက်လာမှုကြောင့် စွန့်ခွာထွက်ပြေးရန် အချိန်မရလိုက်တော့ဘဲ လူ့အသက်သေဆုံးမှုများနှင့်အတူ ပျက်စီးဆုံးရှုံးမှု အကြီးအကျယ် ဖြစ်ပေါ်ခဲ့ရကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထွက်ပြေးလွတ်မြောက်ချိန် မရနိုင်လောက်အောင် ရုတ်တရက်ဖြစ်ပေါ်ခဲ့သော မြစ်ရေကြီးမှုကြီးများ၏ လက်သည်တရားခံဖန်တီးရှင်မှာ ဆည်ကြီးများပင် ဖြစ်ကြသည်။

အလားတူပင် ၁၉၉၈ ခုနှစ်က ဘာကီနာဖာဆိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နာကန်ဘီမြစ်ပေါ်၌ တည်ဆောက်ထားသော ဘတ်ချ်ဆည်ကြီး ကျိုးပျက်မည့်အရေး ရင်လေးနေကြသော ဆည်တာဝန်ခံတို့က ဆည်အတွင်းရေဖိအားကို လျှော့ချရန် ရေထုတ်ပေါက်များကို ဖွင့်ချခဲ့ကြသည့်အတွက် ဂါနာနိုင်ငံ မြောက်ပိုင်းနယ်စပ်ကို ဖြတ်စီးနေသော မြစ်အောက်ပိုင်း၌ ရုတ်တရက်ရေကြီးရေလျှံမှုကြီး ဖြစ်ပွားခဲ့ရာ လူငါးဆယ်နီးပါး အသက်ဆုံးရှုံးခဲ့ရသည်။

ထိုနှစ်ထဲမှာပင် နိုင်ဂျီးရီးယားနိုင်ငံရှိ ဧရာမဆည်ကြီးဖြစ်သည့် ကိန်ဂျီဆည်ကြီးသည်လည်း သည်းထန်သောမိုးကြောင့် ဆည်ရေဖိအားလျော့ကျစေရန် ရေထုတ်ပေါက်များကိုဖွင့်ချခဲ့ရာ ကြောက်မက်ဖွယ်ကောင်းသော ဧရာမရေထုကြီးကြောင့် အနောက်အာဖရိက၏အကြီးဆုံးသော နိုင်ဂါမြစ်ကြီး၌ ကြီးမားသောရေလျှံမှုဖြစ်ပေါ်ကာ နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသရှိ မြို့ရွာများအားလုံး ရေအောက်



သို့ စုံးစုံးမြုပ်သွားခဲ့သည်။

အကြိမ်ပေါင်းများစွာသော သည်းထန်သည့်မိုးများသည် ဆည်ရေကို အကြိမ်ကြိမ်ပြည့်လျှံတက်စေခြင်းဖြင့် ဆည်၏ခိုင်ခံ့မှုကို ထိပါးလာသည့်အတွက် နှစ်သက်တမ်းကာလ ရင့်နေပြီဖြစ်သော ကိန်ဂျီဆည်ကြီး ပြိုပျက်မည့်အရေးအတွက် ရတက်မအေးနိုင်ကြသော ဆည်တာဝန်ခံတို့က ရေပိုလွှဲပေါက်အားလုံးကို ဖွင့်ချလိုက်ကြရာ ဆည်ပတ်ဝန်းကျင်ဒေသများရှိ မြေဟက်တာပေါင်းများစွာတို့၌ ဧရာမရေကြီးမှုကြီး ဖြစ်ပေါ်ပြီး လူခြောက်ဆယ်ကျော် အသက်ဆုံးရှုံးကာ လူပေါင်းရှစ်သောင်းကျော်တို့ ရေဘေးဒုက္ခသည်ဘဝ ရောက်ခဲ့ကြရသည်။

၂၀၀၀ ပြည့်နှစ်အတွင်းကလည်း နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ မိုးရေများကြောင့်ပြည့်လျှံနေသော ဧရာမဆည်ကြီးနှစ်ခု ကျိုးပေါက်မည့်အရေးကို ရင်လေးနေကြသော ဆည်တာဝန်ခံတို့က မည်သူ့ကိုမျှအသိမပေးဘဲ ရေထုတ်ပေါက်များကို ဖွင့်ချခဲ့ရာ နိုင်ငံမြောက်ပိုင်းရှိ ကျေးရွာပေါင်းနှစ်ရာနီးပါး ရေအောက်သို့ရောက်ရှိသွားကာ လူတစ်ရာကျော် အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်အတွင်းမှာပင် အိန္ဒိယနိုင်ငံ၌လည်း မုတ်သုံမိုး အကြီးအကျယ်ရွာသွန်းမှုကြောင့် ရော့စ်စာဂါဆည်ကြီး ရေပြည့်လျှံနေမှု ရက်ကာလကြာရှည်လာသောကြောင့် ဆည်နံရံများ၌ အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်လာခဲ့သည်။ ဆည်တာဝန်ရှိသူတို့က အလုပ်သမားအင်အား ထောင်ချီအသုံးပြုပြီး ပြန်လည်ပြုပြင်ရန် အပြင်းအထန်ကြိုးစားခဲ့ကြသော်လည်း ကြီးမားသောရေထုကြီး၏ ဖိအားကို မလွန်ဆန်နိုင်ဘဲ ပြိုကျပျက်စီးကာ အင်ဒရာပရာဒက်ရှ်ပြည်နယ်၏မြို့တော် ဟိုက်ဒရာဘတ်ထိတိုင် ဧရာမရေထုကြီး၏ ဝါးမျိုပစ်လိုက်ခြင်းကို ခံခဲ့ကြရသည်။

အိန္ဒိယနိုင်ငံ မရုရက်ရှီမြစ်ပေါ်ရှိ ဆည်အချို့နှင့် မိုဒါမြစ်အောက်ဘက်ရှိ မြစ်ကျဉ်းများသည်လည်း သည်းထန်သောမိုးရွာသွန်းမှု ရက်ကာလရှည်ကြာလာသည်နှင့်အမျှ ရေဖိအားကြောင့် ဆည်ပြိုပျက်မည့်အရေးကို ရှောင်လွှဲနိုင်ရန် ရေထုတ်ပေါက်များဖွင့်ချပြီး ဆည်သိုလှောင်ရေပမာဏ စုစုပေါင်း၏ လေးဆယ်ရာခိုင်နှုန်းကို အလုံးအရင်းဖြင့် ထုတ်လွှတ်လိုက်ကြရသည်။ အိန္ဒိယပိုင်နက် နယ်မြေများ၌ အကြီးအကျယ်ရေလျှံမှုကြီးများ ဖြစ်ပွားရုံမျှမက ဘင်္ဂလားဒေ့ရှ်ပိုင်နက် နယ်မြေများထိတိုင် ပျံ့နှံ့ရောက်ရှိသွားကာ အနက်ဆယ်ပေရှိသော ရေပြင်ကျယ်ကြီးဖြစ်သွားခဲ့သည်။

နေအိမ်အဆောက်အအုံများစွာ ရေနစ်မြုပ်ပြီး ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ်ပျက်စီးကာ ကျွဲ၊ နွားတိရစ္ဆာန်အများအပြား ရေနစ်သေဆုံးခဲ့ကြရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကလည်း အလွန်ကြီးမားခဲ့သည်။

အိန္ဒိယဆည်ပြိုမှုနှင့်အလားတူ ဖြစ်ရပ်မျိုးမှာ ဆီးရီးယားနိုင်ငံ၌လည်း ဖြစ်ပွားခဲ့ဖူးသည်။ ၂၀၀၁ ခုနှစ်က ဆီးရီးယားနိုင်ငံရှိ အိုရွန်တက်စ်မြစ်ကြီးပေါ်၌ တည်ဆောက်ထားသော ဆည်ကြီးတစ်ခု ပြိုပျက်သွားရာ ကောက်ပဲသီးနှံစိုက်ခင်း စတုရန်းမိုင်လေးဆယ်နီးပါးမှာ ရွှံ့နွံများအောက်သို့ရောက်ရှိ သွားခဲ့သည်။ လူ နှစ်ဆယ်သေဆုံးပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုနှင့်အတူ လူမှုဒုက္ခအပေါင်းကို ခါးစည်းခံခဲ့ကြရသည်။

၂၀၀၅ ခုနှစ် အတွင်းကလည်း ပါကစ္စတန်နိုင်ငံအနောက်ပိုင်းရှိ ရှာဒီကောမြစ်ကြီးပေါ်၌ တည်ဆောက်ထားခဲ့သည့် ဆည်ကြီးတစ်လုံးမှာ သည်းထန်စွာရွာချသော မိုးရေထုကြီးကြောင့် ဆည်ရေပြည့်လျှံပေါက်ထွက်သွားခဲ့ရာ အနီးပတ်ဝန်းကျင်ကျေးရွာများ ရေအောက်သို့ စုံးစုံးမြုပ်သွားပြီး လူတစ်ရာကျော်မှာ ရေနစ်သေဆုံးခဲ့ရသည်။ ထိုနှစ်ထဲမှာပင် အာဖဂန်နစ္စတန်နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသ၌လည်း ရေကာတာကြီးတစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် လူဒါဇင်ပေါင်းများစွာတို့ ရေနစ်သေဆုံးခဲ့ရသည်။

ဆည်ကြီးများကြောင့်ဖြစ်ရသော ရေကြီးရေလျှံမှုများနှင့်အတူ လူပေါင်းများစွာ အသက်ဆုံးရှုံးရခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်း အများအပြား ပျက်စီးခြင်း၊ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်းစသော လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ခဲ့ကြရသည့်တိုင် ဆည်တမံ တည်ဆောက်သူများနှင့် ဆည်ရေစီမံခန့်ခွဲသူတို့က မိမိတို့ကြောင့်ဖြစ်ရကြောင်း ဝန်ခံမှုမရှိကြသလို... သက်ဆိုင်ရာအစိုးရများကလည်း ဆည်နှင့်ပတ်သက်သည့် တာဝန်ရှိသူတို့ကို ထိရောက်သော အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်လေ့မရှိသည်ကို အံ့သြဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြရသည်။

ဆည်တည်ဆောက်သည့်နေရာ ရွေးချယ်မှုမှားယွင်းခြင်း၊ ဆည်များ၏ အရည်အသွေး နိမ့်ကျခြင်း၊ ဆည်ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းစသော အကြောင်းတရားများကြောင့် တန်ဖိုးရှိလှသည့် လူ့အသက်ပေါင်းများစွာတို့ကို ဆုံးရှုံးသွားစေပြီး လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ရစေသည့် အကျိုးတရားများကို ဖြစ်ထွန်းလာစေခဲ့သည်။

ထို့ပြင် ဆည်များကိုတည်ဆောက်ခဲ့ကြစဉ်က လယ်ယာစိုက်ပျိုးရေးကိုအကျိုးပြုစေရန်၊ ဒေသတွင်း၌ မြစ်ရေကြီးမှုကို ကာကွယ်ရန်၊ လယ်ယာမြေများ ရေလွှမ်းမိုးမှုခံရခြင်းကိုတားဆီးရန်၊ ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးပေးရန်ဟူ၍ ကြွေးကြော်ခဲ့ကြသော်လည်း နှစ်သက်တမ်းရှည်ကြာလာသည်နှင့်အမျှ ဆည်များ၏ကြံ့ခိုင်တောင့်တင်းမှု ကျဆင်းလာသည့်အတွက် ကြီးမားသောရေဖိအားကို ခံနိုင်ရည်မရှိတော့သည့် ဆည်များမှာ ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်လာခဲ့တော့သည်။ သာဓကအဖြစ် တရုတ်နိုင်ငံ၌ အသုံးပြု၍မရတော့သောဆည်ပေါင်း သုံးရာကျော် ရှိနေသည်ကို တွေ့မြင်နိုင်သည်။ ထိုဆည်အဟောင်းများအတွက် မည်သို့ စီမံလုပ်ဆောင်ရမည်ဆိုသည်မှာ သက်ဆိုင်ရာအစိုးရအတွက် ခေါင်းခဲစရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လျက်ရှိနေသည်။

ဆည်တမံများတည်ဆောက်မှုသည် ချက်ချင်းလက်ငင်းအားဖြင့် အကျိုးပြုသယောင်ထင်ရသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်မှုဖြစ်စေသည်ကို အလွန်များပြားလှသော သာဓကများက ထောက်ပြလျက်ရှိနေသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိအောင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တတ်နိုင်သည့်နည်းလမ်းများကို အသုံးပြုကာ ကြိုးပမ်းအားထုတ်နေကြချိန်တွင် နောက်ထပ် ဆည်တမံများ တည်ဆောက်ရန်အတွက် ကြံစည်အားထုတ်ထားမှုများကို စွန့်လွှတ်ရန် အချိန်တန်ပြီဖြစ်ပေသည်။ ။

**ဆည်တမံများတည်ဆောက်မှုသည် ချက်ချင်းလက်ငင်းအားဖြင့် အကျိုးပြုသယောင်ထင်ရသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်မှုဖြစ်စေသည်ကို အလွန်များပြားလှသော သာဓကများက ထောက်ပြလျက်ရှိနေသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိအောင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တတ်နိုင်သည့်နည်းလမ်းများကို အသုံးပြုကာ ကြိုးပမ်းအားထုတ်နေကြချိန်တွင် နောက်ထပ်ဆည်တမံများ တည်ဆောက်ရန်အတွက် ကြံစည်အားထုတ်ထားမှုများကို စွန့်လွှတ်ရန် အချိန်တန်ပြီဖြစ်ပေသည်**

# မြန်မာ-ထိုင်း ပူးပေါင်းစီမံကိန်းအရ လက်ဖက်စိုက်ပျိုးပွဲပြုလုပ်

**တာချီလိတ် ဇူလိုင် ၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းအရ ဒေသခံပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်၊ တရားမဝင်လုပ်ငန်းများနှင့် ပတ်သက်ခြင်းမရှိသည့် အသက်မွေးဝမ်းကျောင်း နည်းလမ်းများ ရှာဖွေပေးရန်၊ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရန်နှင့် နယ်စပ်ဒေသတစ်လျှောက်တွင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် အစားထိုးသီးနှံများစိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မှုအဖြစ် အနာဂတ်အတွက် လက်ဖက်စိုက်ကြစို့ဆောင်ပုဒ်ဖြင့် အာသံလက်ဖက်ပင်အမျိုးအစား စိုက်ပျိုးပွဲကို မယ့်ဖားလုံ့ဖောင်ဒေးရှင်း၏ စီစဉ်မှုဖြင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖဟိ(အောက်)ကျေးရွာတွင် ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့သည်။

လက်ဖက်စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အပါအဝင် သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများနှင့် မွေးမြူရေးနှင့် စိုက်ပျိုးရေး နည်းပညာများ ရရှိရေး၊ ဈေးကွက်ရှာဖွေပေးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းအမှာစကားပြောကြားသည်။ ထို့နောက် မယ့်ဖားလုံ့ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအစီအစဉ်များ ညွှန်ကြားရေးမှူး ဦးခမ်းအောင်က အာသံလက်ဖက်ပင်စိုက်ပျိုးခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းကို တာချီလိတ်ခရိုင်တွင် ကျေးရွာ ၁၂ ရွာ၊ မိုင်းဆတ်ခရိုင်တွင် ကျေးရွာ ၄၄ ရွာ စုစုပေါင်း ကျေးရွာ ၅၆ ရွာ၌ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ထိုင်းနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ ဘတ်သန်း ၃၅၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ထိုင်းဘတ် ၁၆၀၈၂၀၂၀ တန်ဖိုးရှိမက္ကဒေးမီးယားပင်၊ ကော်ဖီပင်၊ သစ်ခေါက်ပင်၊ သီဟိုဠ်ပင်၊ ထင်းရှူး၊ ငှက်ပျောနှင့် လက်ဖက်ပင် စုစုပေါင်း ၁၀၉၄၉၆၇ ပင်ကို ဖြန့်ဝေပေးခဲ့ပြီး ထိုင်းဘတ် ၁၃၆၉၅၀၀ တန်ဖိုးရှိ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ ၂၂၀၉ ကောင်ကို မွေးမြူရေး မွေးဖက်စနစ်များအဖြစ် ထူထောင်ပေးပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် စိုက်ပျိုးရေရရှိရေးအတွက် တာတမံ ၂၃ ခုကိုလည်းကောင်း၊ သောက်သုံးရေရရှိရေးအတွက် တာတမံ ၁၇ ခု၊ ရေလှောင်ကန် ၂၃ ခုနှင့် ရေစစ်တိုင်ကီ ၃၀ ကိုလည်းကောင်း၊ လက်မှုလုပ်ငန်းနှင့် ခေါက်ဆွဲထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဒေသထွက်ကုန်များအတွက် ဈေးကွက်ဖန်တီးပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ထို့အပြင် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ကျေးရွာများဖြစ်သော စန်းလု(အောက်)ကျေးရွာ၊ ဖလောက်ကျေးရွာ၊ ဟွေဟေး(အောက်)ကျေးရွာနှင့် ဂျော့ပကျေးရွာတို့တွင် ပျိုးထောင်ထားသည့် အာသံလက်ဖက်ပျိုးပင် လေးသိန်းကျော်ကို ကျေးရွာ ၁၂ ရွာရှိ တောင်သူ ၁၅၄ ဦး၏ စိုက်ပျိုးဧက ၁၁၃ ဧကအတွက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်တွင် ဝါးဈေးနှုန်းများ မြင့်တက်လျက်ရှိ

**ညောင်ဦး ဇူလိုင် ၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း မြို့ပေါ်နှင့် ကျေးရွာများ၌ ပြည်သူများ မဖြစ်မနေအသုံးပြုရသည့် ပစ္စည်းတစ်ခုဖြစ်သော ဝါးများ ဈေးတက်လျက်ရှိကာ ယခင်နှစ်များက ကျပ် ၂၅၀၊ ၃၅၀ ခန့်သာရှိသည့် အောက်တန်းဝါးများကို ယခုနှစ်တွင် ကျပ် ၄၅၀ မှ ၅၀၀ အထိပေး၍ ဝယ်ယူအသုံးပြုနေရကြောင်း ဒေသခံများက ပြောကြသည်။

"ကျွန်တော်တို့ကတော့ ဝါးကို နေရာတကာမှာ သုံးစွဲပါတယ်။ ထန်းတောင်သူတွေဖြစ်တော့ ရင်းထောင်ရင်းစွဲအဖြစ် သုံးတယ်။ အလှူမင်္ဂလာမဏ္ဍပ်ဆောက်ရာမှာလည်း သုံးတယ်။ အိမ်ဆောက် တဲဆောက်နဲ့ အခြားအဆောက်အအုံတွေအတွက် ငြမ်းစင်အဖြစ်လည်း အသုံးပြုပါတယ်။ ဝါးက တကယ်တမ်း မပါမဖြစ် မရှိမဖြစ်ပစ္စည်းတစ်ခုသဘောမျိုးသုံးပါတယ်။ အခုနှစ်မှာ ဝါးတစ်လုံးကို အိမ်အရောက်ဆိုရင် ကျပ် ၅၀၀ နှုန်းလောက် ပေးဝယ်ရပါတယ်"ဟု ညောင်းကြီးရွာ ဝါးဝယ်ယူသုံးစွဲသူ တစ်ဦးက ပြောသည်။

ဝါးဝယ်ရောင်းပြုလုပ်သူ ဝါးပွဲစားတစ်ဦးက "ကျွန်တော်တို့ ဝါးကိုတစ်ဆင့်ယူရောင်းတာပါ။ ကားနဲ့ တိုက်ရိုက်လာရောင်းတဲ့သူတွေဆီကတစ်ဆင့် ဝယ်ရောင်းတာဖြစ်ပါတယ်။ ကားခက ဈေးသိပ်မတက်ပါဘူး။ ပင်ရင်း ဝါးခုတ်လုပ်သားတွေဆီက ဝယ်ချိန်ကတည်းက ဈေးကောင်းတာဖြစ်ပါတယ်"ဟု ပြောသည်။

ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး ဝါးပင် အလေ့ကျ



ပေါက်ရောက်မှု နည်းပါးသည့် ဒေသဖြစ်သလို ကိုယ်ပိုင်စိုက်ပျိုးခြင်းလည်း မရှိသည့်အတွက် ရေမျှောဝါးဖောင်များမှ ဝါးများနှင့် အခြားဒေသမှ လာရောက်ရောင်းချသည့် ဝါးများကိုသာ ဝယ်ယူသုံးစွဲနေကြရရာ မရှိမဖြစ် သုံးစွဲနေရသောဝါးကို ဈေးသက်သက်သာသာနှင့် ပေါပေါများများသုံးစွဲနိုင်ရန်အတွက် နေအိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသင့်ပေသည်။ **ကျော်ဌေး(ညောင်ဦး)**

## ကော့သောင်းမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဇူလိုင် ၆**
ကော့သောင်းမြို့နယ်အတွင်း ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၄ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်ကြီးမြို့ ပါချန်မြစ်ကမ်းဘေးရှိ အေးချမ်းသာကျေးရွာ၌ တည်ဆောက်နေသော မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ထပ်မံတည်ဆောက်ရန်လိုအပ်သည့် အခြေအနေများကို ပါချန်မြစ်ကြောင်း တစ်လျှောက် ရေယာဉ်ဖြင့် လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား မြစ်ကမ်းပါးတစ်လျှောက် သဘာဝသစ်တောသစ်ပင်များ ခုတ်ယူသုံးစွဲမှုမပြုကြအောင် ကြပ်မတ်ထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် မာရမ်းကျေးရွာမှ ဆောက်လုပ်ပြီးစီးသည့် တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို စေတနာထား ဖြည့်ဆည်းဆောင်ရွက်ပေးရေးမှာကြားကာ ဝန်ထမ်းဖွဲ့စည်းပုံ အပြည့်အဝ ခန့်ထားဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို တာဝန်ရှိ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆိပ်ဖူးကျေးရွာတွင် ပါချန်မြစ်ကမ်းဘေး မြေထိန်းနံရံတည်ဆောက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး မိုးတွင်းကာလတွင် ကျေးရွာမြစ်ကမ်းဘေးတစ်လျှောက် ရေတိုက်စားမှုကြောင့် ကျေးရွာနေပြည်သူများ၏ အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။
**ကျော်စိုး(ကော့သောင်း)**




**နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး အာဇာနည်ကျောက်တိုင်အနီး၌ စိုက်ထူ ထားသည့် ဆိုင်ကယ်စီးလျှင် အန္တရာယ် ကင်းရန်အတွက် ဦးထုပ်ဆောင်းကြရေး အသိပညာပေး မြေစိုက်ပိုစတာကို နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှူး ဒေါ်တင်တင်ဌေးနှင့် တာဝန်ရှိသူများဇူလိုင် ၁ ရက်က ဖွင့်လှစ်ပေးစဉ်။**
မျိုးဇေယျာ

## သတင်းတိုများ

### စက်ရေတွင်းတူးဖော်မှု ကွင်းဆင်းကြည့်ရှု

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျွန်းပင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်လျက်ရှိသော စက်ရေတွင်း တူးဖော်မှုလုပ်ငန်းအခြေအနေများကို မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောမြင့်ထွန်း၊ မြို့နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဇူလိုင် ၄ ရက်က ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။
**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

### ဒိုက်ဦးမြို့၌စားသုံးသူကာကွယ်ရေးပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ်(၆) မင်းတဲရပ်ကွက် ဓမ္မာရုံ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်နှင့် ဝန်ထမ်းများက ဆိုးဆေးအန္တရာယ်အကြောင်း၊ အစားအသောက်များကြောင့် ဖြစ်ပွားနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ အချိုမှုန့်စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို အင်းတော်မြို့ရှိ အင်းမြသာယာအားကစားကွင်း၌ ဇူလိုင် ၄ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ကသာမြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် အင်းတော်မြို့နယ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ ကသာမြို့နယ် အမျိုးသမီးဘောလုံးအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ပြိုင်ပွဲတွင် ကသာခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ထီးချိုင့်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်များမှ အမျိုးသမီးဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။
**လူအောင်(ကသာ)**



## သစ်ပင်များ စုပေါင်းစိုက်ပျိုး

**ရေကြည် ဇူလိုင် ၆**
မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေဘိုရပ်ကွက် နိဗ္ဗာန်လမ်းဘေး၌ ဇူလိုင် ၃ ရက်က ပြုလုပ်ခဲ့သည်။ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲတွင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ဇော်နှင့် သစ်တောဝန်ထမ်းများက ကျွန်း၊ ယူကလစ်နှင့် ရေတမာပျိုးပင် ၆၀၅ ပင်ကို ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမူနှင့် အဖွဲ့ဝင်များ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။
**စိုးမင်းဦး(ပြန်/ဆက်)**

# ယူရို ၂၀၁၆မှာ ဂိုးသွင်းဘုရင် ဘယ်သူဖြစ်မလဲ

**မိုးမြင့်လင်းလက်**




ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲဟာ အခုဆိုရင် အကြိုဗိုလ်လုပွဲ ကစားတဲ့ အဆင့်အထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ နာမည်ကြီးအသင်းတွေ စောစောစီးစီးပြိုင်ပွဲက လက်ပြထွက်ခဲ့ရပြီဖြစ်သလို မမျှော်လင့်တဲ့ အသင်းတွေဖြစ်တဲ့ ဝေးလ်နဲ့ ပေါ်တူဂီတို့ကလည်း အကြိုဗိုလ်လုပွဲအထိ တက်လှမ်းလာနိုင်တာမို့ ရင်ခုန်စရာ ဖြစ်နေတာတော့ အမှန်ပါပဲ။ တဖြည်းဖြည်းနဲ့ နောက်ဆုံးဗိုလ်လုပွဲရောက် အသင်းတွေ ထွက်ပေါ်လာတဲ့အချိန်မှာတော့ ယူရို ၂၀၁၆ ရဲ့ ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုကို ဘယ်သူဆွတ်ခူးသွားနိုင်မလဲဆိုတာက ပိုပြီး စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။

ယူရို ၂၀၁၆ ကွာတားဖိုင်နယ်ပွဲစဉ်တွေ ကစားပြီးတဲ့အခါ ဂိုးအများဆုံးသွင်းထားနိုင်သူတွေကတော့ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက လေးဂိုးနဲ့ ဦးဆောင်နေပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းအတွက် တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ပွဲချိန် စုစုပေါင်း ၃၄၅ မိနစ်ကစားပြီးချိန်အထိ သွင်းဂိုးလေးဂိုး ရရှိထားပါတယ်။ ဂရစ်ဇ်မန်းဟာ ကစားဖော်တွေ ဂိုးသွင်းနိုင်ဖို့ ဂိုးဖန်တီးမှု နှစ်ကြိမ်စွမ်းဆောင်နိုင်ခဲ့တဲ့အပြင် ပြင်သစ်အသင်းဂိုးရရှိရေးအတွက်လည်း ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ စွမ်းဆောင်မှုအားကောင်းကောင်းနဲ့ လှုပ်ရှားနိုင်သူဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့တဲ့ ပြင်သစ်အသင်းအတွက် ပါဝင်ကစားတာမို့ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ယူရို ၂၀၁၆ ရွှေဖိနပ်အတွက်တော့ မျှော်မှန်းနိုင်သူတွေထဲမှာ ပါဝင်နေသူဖြစ်ပါတယ်။

နောက်တစ်ဦးကလည်း ပြင်သစ်ကစားသမား ဂျီရောဒ်ဖြစ်ပါတယ်။ ဂျီရောဒ်ဟာ ယူရို ၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းအတွက် ပွဲချိန်စုစုပေါင်း မိနစ် ၃၀၀ ကစားပေးခဲ့ပြီး သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဂျီရောဒ်ဟာ ကွာတားဖိုင်နယ်အထိ ကစားဖော်တွေ ဂိုးသွင်းနိုင်ဖို့ ဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သူဖြစ်ပြီး တိုက်စစ်အားသန်သူဖြစ်တဲ့အတွက် ဂိုးထပ်မံသွင်းယူနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်တာမို့ ရွှေဖိနပ်ဆုကို မျှော်လင့်နိုင်သူတစ်ဦးအဖြစ် ရပ်တည်နေပါတယ်။

နောက်ထပ်ကစားသမားကလည်း ပြင်သစ်အသင်းက ပါယက်ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်ကစားပြီးတဲ့အချိန်အထိ စုစုပေါင်း သုံးဂိုးသွင်းယူထားတဲ့အပြင် ကစားဖော်တွေ ဂိုးသွင်းနိုင်ဖို့ ပံ့ပိုးကူညီပေးနိုင်သူဖြစ်ပါတယ်။ ပါယက်ဟာ ကွာတားဖိုင်နယ်အထိ ပြင်သစ်အတွက် ပွဲချိန်ပေါင်း ၃၇၇ မိနစ်ကစားပေးခဲ့ပြီး နောက်ထပ်ပွဲစဉ်တွေမှာလည်း ခြေစွမ်းပြနိုင်ခဲ့ရင် ရွှေဖိနပ်ဆုကို မျှော်မှန်းနိုင်တဲ့ ကစားသမားဖြစ်ပါတယ်။

ဒ့ါအပြင် အကြိုဗိုလ်လုပွဲရောက် ဝေးလ်အသင်းရဲ့တိုက်စစ်မှူး ဂါရတ်ဘေးလ်လည်း ကွာတားဖိုင်နယ်အထိ သုံးဂိုးသွင်းယူထားပြီး ဂိုးအများဆုံး သွင်းယူနိုင်သူအဖြစ် မျှော်လင့်နိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။ ပွဲချိန်စုစုပေါင်း ၄၄၃ မိနစ်မှာ သုံးဂိုးသွင်းယူထားနိုင်တဲ့ ဂါရတ်ဘေးလ်အတွက်တော့ ရင်ခုန်စရာကောင်းနေပါတယ်။

နောက်ထပ် မျှော်လင့်ချက်ထားနိုင်သူကတော့ ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုပဲဖြစ်ပါတယ်။ ယူရို ၂၀၁၆ ကွာတားဖိုင်နယ်အထိ နှစ်ဂိုးသွင်းယူထားနိုင်ပြီး အကြိုဗိုလ်လုပွဲမှာ ဂိုးသွင်းပြီး နောက်ဆုံး ဗိုလ်လုပွဲ တက်ခဲ့ရင် ဂိုးသွင်းနိုင်ခွင့် မျှော်လင့်လို့ရနေတာမို့ သူ့အတွက် အိပ်မက်က ရှင်သန်နိုင်မှု ရှိ မရှိ ဆိုတာကလည်း ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။ ။

## ပယ်နယ်တီအတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့ ဂျာမနီ




ပြင်သစ်နိုင်ငံမှာ ကျင်းပနေတဲ့ ယူရို၂၀၁၆မှာ ဂျာမနီအသင်းအနေနဲ့ ပြိုင်ဘက်အသင်းတွေကို အနိုင်ယူဖို့ ပယ်နယ်တီအထူးလေ့ကျင့်မှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဂျာမနီအသင်းဟာ အီတလီကို ပယ်နယ်တီ ခြောက်ဂိုး- ငါးဂိုးနဲ့ အနိုင်ရလာပြီး အကြိုဗိုလ်လုပွဲ တက်ခဲ့ပြီးနောက် ပြင်ဆင်မှုတွေ ပြုလုပ်နေတာလို့ဆိုပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ခြေစွမ်းတွေအားကောင်းနေတာကြောင့် သရေပွဲတွေဖြစ်လာတဲ့အတွက် ပယ်နယ်တီ ကန်သွင်းမှု လေ့ကျင့်မှုတွေကို ပြင်ဆင်နေတယ်လို့ ဂျာမနီနည်းပြ ဂျိုအာချင်လိုက ဆိုပါတယ်။

ဂျာမနီအသင်းဟာ ယူရို ၂၀၁၆ အကြို ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ပြင်သစ်နဲ့ ကစားရမှာ ဖြစ်ပါတယ်။ ဂျာမနီကစားသမား ရှဝိန်းစတိုက်ဂါကတော့ ဂျာမနီအသင်းအနေနဲ့ ပယ်နယ်တီကန်ဖို့ လျှို့ဝှက်ချက်နည်းစနစ်တွေ ရရှိထားတယ်လို့ ဆိုပါတယ်။ ပယ်နယ်တီဟာ အလွန်အရေးကြီးပါတယ်။ ပယ်နယ်တီလွဲချော်မှုကြောင့် ပြိုင်ပွဲကထွက်သွားရတဲ့အသင်းတွေ အများကြီးပါ။ ကျွန်တော်တို့အသင်းအနေနဲ့တော့ ဒီလိုအဖြစ်ခံနိုင်မှာမဟုတ်ပါဘူးလို့ရှဝိန်းစတိုက်ဂါက ဆိုပါတယ်။ ဂျာမနီအသင်းဟာ ယူရို ၂၀၁၆မှာ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

## မန်ယူမှာ အောင်မြင်မှုတွေရနိုင်တဲ့ အမ်ခီတာရမ်း

မန်ယူက အသစ်စက်စက် စာချုပ်လိုက်တဲ့ ကွင်းလယ်ကစားသမား ဟင်းရစ် အမ်ခီတာရမ်းဟာ မန်ယူမှာ အောင်မြင်တဲ့ ကစားသမားကောင်းဖြစ်လာဖို့ ရှိနေပါတယ်။ ဂျာမနီမှာ အမ်ခီတာရမ်းနဲ့အတူ ကစားခဲ့တဲ့ ဂန်ဒိုဂန်ရဲ့အဆိုအရ ခီတာရမ်းဟာ မန်ယူမှာ အောင်မြင်တဲ့ ကစားသမားကောင်းဖြစ်လာမယ်လို့ဆိုပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့နှစ်က ဂျာမနီကလပ်ဒေါ့မွန်မှာ အတူကစားခဲ့ကြတာပါ။ သို့ပေမယ် ခီတာရမ်းက မန်ယူကို ရောက်လာပြီး ဂန်ဒိုဂန်ကတော့ ပြိုင်ဘက် မန်စီးတီးအသင်းကို ရောက်လာတာပါ။ ခီတာရမ်းဟာ ပြီးခဲ့တဲ့ရာသီက ဒေါ့မွန်အသင်းမှာလို ကစားနိုင်ရင် အောင်မြင်တဲ့ ကွင်းလယ်ကစားသမားကောင်းဖြစ်လာမယ်လို့ဆိုပါတယ်။

မန်ယူနဲ့ မန်စီးတီးတို့ဟာ လာမယ့် ရာသီမှာတော့ မြို့ခံပြိုင်ဘက်တွေ သာမက ပရီမီယာလိဂ်ရဲ့အဓိက ပြိုင်ဘက်ဖြစ်လာဖို့ရှိနေပါတယ်။ ခီတာရမ်းနဲ့ ဂန်ဒိုဂန်တို့ဟာလည်း အဓိကပြိုင်ဘက်တွေဖြစ်လာဖို့ ရှိပါတယ်။ သို့ပေမယ့် ခီတာရမ်းကိုတော့ အကောင်းဆုံး ကစားသမားဖြစ်လိုတယ်လို့ ကစားဖော်ဖြစ်ခဲ့ဖူးတဲ့ ဂန်ဒိုဂန်က ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ တိုက်စစ်အားကောင်းဖို့ လိုအပ်နေတာပါ။ ကွင်းလယ်ကစားကွက်ကို အဓိက ပံ့ပိုးပေးနိုင်ဖို့လည်း လိုအပ်နေပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အမ်ခီတာရမ်းအနေနဲ့ အကောင်းဆုံးလုပ်သွားဖွယ်ရှိပါတယ်။ လာမယ့်ရာသီမှာတော့ မန်ယူရဲ့ကွင်းလယ်ကစားကွက်ကို ခီတာရမ်း ဦးဆောင်သွားဖွယ်ရှိနေပါတယ်။




## မန်ယူကို စတင်ကိုင်တွယ်တော့မယ့် မော်ရင်ဟို




မော်ရင်ဟိုဟာ မန်ယူနည်းပြဖြစ်လာမယ့် တရားဝင်နည်းပြအဖြစ် ယခုမှ ကြေညာခဲ့ပါတယ်။ မန်ယူတာဝန်ရှိသူတွေက မော်ရင်ဟိုဟာ နည်းပြဖြစ်ကြောင်း ပွဲထုတ်ကြေညာလိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်းက ဗန်ဟားလ်နေရာဆက်ခံဖို့ အတည်ပြုခဲ့ပေမယ့် မန်ယူနည်းပြတာဝန်ကို ယခုရောက်မှသာ ကိုင်တွယ်ခွင့်ရခဲ့တာဖြစ်ပါတယ်။

မန်ယူနည်းပြအဖြစ် ပထမဆုံးအကြိမ် ပွဲထုတ်ခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် မော်ရင်ဟို အိုးထရက်ဖို့ဒ်ကို ရောက်လာပြီးနောက် ကစားသမား သုံးဦးကို စာချုပ်နိုင်ခဲ့ပါတယ်။ ဇလတ်တန်အီဘရာဟီမိုဗစ်၊ အဲရစ်ဘေလီနှင့် ဟင်းရစ်အမ်ခီတာရမ်းတို့ပဲ ဖြစ်ပါတယ်။ မော်ရင်ဟိုအနေနဲ့ ဒီလိုတိုက်စစ်မှူးကောင်းတွေ ခေါ်ယူနေခြင်းဖြင့် လာမယ့်ရာသီမှာ မန်ယူအသင်းကို တိုက်စစ်အကောင်းဆုံးရဖို့ စုစည်းနေတဲ့ အနေအထား ဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ အဓိက ပြိုင်ဘက်ကတော့ မန်စီးတီးနည်းပြဖြစ်လာတဲ့ ဂွာဒီယိုလာပဲဖြစ်ပါတယ်။ ဂွာဒီယိုလာနဲ့ မော်ရင်ဟိုတို့ဟာ လာမယ့်ရာသီမှာတော့ အကောင်းဆုံးနည်းပြတွေအဖြစ် ပြသကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ချယ်လ်ဆီးအသင်းမှာ ရလဒ်တွေဆိုးရွားလို့ အလုပ်ဖြုတ်ခံလိုက်ရတဲ့ မော်ရင်ဟိုဟာ ဒီနှစ်မှာတော့ မန်ယူနည်းပြအဖြစ်အကောင်းဆုံးပြသနိုင်မယ့် အနေအထားကို ပြင်ဆင်နေပြီဖြစ်ပါတယ်။

❑ **ကောင်းမြတ်သူ - စုစည်းသည်။** ❑

## သတင်းတိုများ

### ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်းပါ မြေယာများအတွက် လျော်ကြေးငွေပေးအပ်

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၉နာရီက ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတွင်ပါဝင်သည့် မြေယာများအတွက် မြေယာလျော်ကြေးငွေပေးချေခြင်း အခမ်းအနားကျင်းပခဲ့သည်။

မြေယာလျော်ကြေးငွေပေးချေခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်းနှင့် ယခုတတိယအကြိမ်အထိ စုစုပေါင်း လယ်ယာမြေ ၁၃၈ ဒသမ ၁၁ဧကအတွက် ငွေကျပ် ၂၁၂ ဒသမ ၃၂၆ သန်းကို မြန်မာ့မီးရထားမှ လျော်ကြေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောကြားသည်။

ယခု တတိယအကြိမ် မြေယာလျော်ကြေးပေးချေမှုတွင်တောင်သူ ၉၄ ဦး၏ မြေယာ ၇၇ ဒသမ ၉၂ ဧကအတွက် လျော်ကြေးငွေ ၁၂၆ ဒသမ ၈ သန်းကို မြန်မာ့မီးရထားမှ လျော်ကြေးငွေပေးချေမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

### ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း (ကြည့်မြင်တိုင်မြို့နယ်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၃ ရက်က ဘောဂရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မြို့နယ်သတင်းစာဆရာအသင်း နာယကဦးပိုက် (မကွေးညိုစိမ့်)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (တင်ဝင်းလေး၊ ကြည့်မြင်တိုင်)က အစည်းအဝေးကျင်းပခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းအနေဖြင့် ဖွဲ့စည်းခြင်းတစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် သမိုင်းနောက်ခံ "ရွှေတိုင်ကောက်ကြောင်းမဂ္ဂဇင်း"ကို ထုတ်ဝေမည်ဖြစ်ရာ ပြည့်စုံစွာပါဝင်နိုင်ရေးအတွက် မြို့နယ်နှင့်သက်ဆိုင်သော သမိုင်းမှတ်တမ်းအကြောင်းအရာ၊ ဓာတ်ပုံများတို့ကို ခေတ္တငှားရမ်းရန်ဖြစ်စေ၊ လှူဒါန်းရန်ဖြစ်စေ ဖုန်း ၀၉-၃၁၂၈၅၄၇၇ နှင့် ဖုန်း ၀၉-၇၉၁၉၇၃၆၄၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

### မြန်မာ့သိုင်းဖိတ်ခေါ်ပြိုင်ပွဲ မန္တလေး၌ကျင်းပ

၂၀၁၆ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖလားဖိတ်ခေါ်မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ပြိုင်ပွဲများကို ဇူလိုင် ၃ ရက် ညနေ ၅နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ အမျိုးသား ၅၇-၆၀ ကီလိုတန်း ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမျိုးသမီး(လက်) ဗန်တို အတိုက်၄၅-၄၉ ကီလိုတန်း၊ ၄၉-၅၃ ကီလိုတန်း၊ ၆၁-၆၅ ကီလိုတန်း၊ အမျိုးသမီး (လက်)ဗန်တို အတိုက်ပြိုင်ပွဲတွင် အတန်းလိုက် ဆုရရှိသူများကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းမှ အမရပူရ၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ပုသိမ်ကြီးနှင့် မတ္တရာမြို့နယ်တို့မှ ပြိုင်ပွဲဝင်အားကစားသမား ၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံများစစ်ဆေး

နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနမှ ယခုဘဏ္ဍာရေးနှစ်အတွက် သားသတ်လက်မှတ်စနစ်ဖြင့် အသားထုတ်လုပ်ရောင်းချခွင့်ရရှိသူများသည် ဌာနပိုင်သားသတ်ရုံများတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သားသတ်ခြင်း၊ အသားထုတ်လုပ်ခြင်း ရှိ/မရှိ၊ သန့်ရှင်းမှု ရှိ/မရှိကို အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး)မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးလှမြင့်နှင့် သားသတ်ရုံမှူးတို့က ဇူလိုင် ၄ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ယခုဘဏ္ဍာရေးနှစ်အတွက် သားသတ်လက်မှတ်စနစ်ဖြင့် အသားထုတ်လုပ်ရောင်းချခွင့်ကို မြို့မသားသတ်အနေဖြင့် ဝက်နှစ်ဦး၊ အမဲသုံးဦး၊ ဆိတ်တစ်ဦး၊ ကျေးလက်သားသတ်အနေဖြင့် ဝက် ၁၄ ဦး၊ အမဲ ၁၇ ဦး၊ ဆိတ်တစ်ဦး စုစုပေါင်း ၃၈ ဦး လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီး သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

### ရွှေတောင်၌ ကာကွယ်ဆေးအသစ်ထိုးနှံ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနပုံမှန်ကာကွယ် ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ် (PCV) ထည့်သွင်းထိုးနှံခြင်းအခမ်းအနားကို ဇူလိုင် ၅ ရက်တွင် စတင်၍ ကလေးငယ် ၁၁၆ ဦးအား ပုံမှန်ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နွားထိုးကြီးမြို့နယ် ဆေးထိုးကျေးရွာနှင့် စည်ကလေးကျေးရွာတို့တွင် ကျောင်းဆောင်သစ်ဖွင့်

**မန္တလေး ဇူလိုင် ၆**

ကနေဒါနိုင်ငံမှ မစ္စတာဂျွန်နှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် သင်းတယာအုပ်စု ဆေးထိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ်နှင့် အင်းချောင်းအုပ်စု စည်ကလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက်က အဆိုပါကျေးရွာများအတွင်းရှိ ကျောင်းဆောင်သစ် မျက်နှာစာအရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးချီးမြှင့်ပြီး ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်များအတွင်း လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ အလှူရှင် မစ္စတာဂျွန်က ကျောင်းဆောင်သစ်များဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက်ဝန်ကြီးချုပ်က ကျောင်းစာအုပ်များကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းပြီးနောက် အလှူရှင်က ကျောင်းဝတ်စုံများ၊ ကျောင်းအသုံးအဆောင်ပစ္စည်းများကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## သံတွဲမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**သံတွဲ ဇူလိုင် ၆**

မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန် ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပန်းထိမ်ပညာရှင်များလူမှုစောင့်ရှောက်ရေးအသင်း(ရန်ကုန်) တာဝန်ခံ ဦးမောင်မောင်လေး ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်း၍ သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဇွန် ၉၊ ၁၀ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပွားသည့် ရေကောက်ကျေးရွာ၊ ပုရစ်ကျေးရွာများနှင့် အသင့်အတင့် ပျက်စီးဆုံးရှုံး သည့် အောက်နတ်မော်၊ ကျောင်းကုန်း၊ အုန်းမော်ကျေးရွာများသို့ ဇူလိုင်လပထမပတ်က သွားရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ရေဘေးထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရခိုင်ပန်းထိမ်ပညာရှင်များ လူမှုစောင့်ရှောက်ရေးအသင်း(ရန်ကုန်)မှ လှူဒါန်းရာတွင် ရေကောက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ငွေကျပ်နှစ်သိန်း၊ ရေဘေးသင့်အိမ်ထောင်စု ၂၇၀ အတွက် ဒန်အိုး ၂၇၀၊ ဆန်အိတ် ၂၇၀၊ ဆီဘူး ၂၇၀ ဆားငါးအိတ်၊ ကျားဝတ်လုံချည် ၂၇၀၊ မဝတ်လုံချည် ၂၇၀နှင့် ပုရစ်ကျေးရွာ ရေဘေးသင့်အိမ်ထောင်စု ၁၂၂ စုအတွက် ဒန်အိုး ၁၂၂ လုံး၊ ဆန်အိတ် ၁၂၂ အိတ်၊ ဆီဘူး ၂၇၀၊ ဆားငါးအိတ်၊ ပုရစ်ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ်နှစ်သိန်းနှင့် ရခိုင်စုကျေးရွာအတွက် ဆန်၄၈ အိတ်၊ ဆီ ၄၈ ဘူး၊ ဆားတစ်အိတ်၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်သုံးလုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မူကြိုကျောင်းဆောက်လုပ်နိုင်ရေးအတွက် မတည်ငွေကျပ်နှစ်သိန်းနှင့် အသင့်အတင့်ပစ္စည်းဆုံးရှုံးခဲ့သည့် ကျောင်းကုန်း၊ နတ်မော်နှင့်အုန်းမော်ကျေးရွာများအပါအဝင် လှူဒါန်းခဲ့သည့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ ဒန်အိုး စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၃၀ ခန့်ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ အခမဲ့နယ်လှည့်ကွင်းဆင်းကုသ



**ကန့်ဘလူ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဘူးကုန်းကျေးရွာမှ ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းများကို မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၃ ရက်တွင်ဘူးကုန်း ကျေးလက်ကျန်းမာရေးဌာန၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ကလေးအထူးကု ဒေါက်တာနီလာအောင်၊ ခွဲစိတ်အထူးကု ဒေါက်တာခိုင်ဇော်ထူး၊ သွားဆရာဝန် ဒေါက်တာ မောင်မောင်တင့်လွင်၊ သားဖွားမီးယပ် လက်ထောက်ဆရာဝန် ဒေါက်တာသီသီဝင်းနှင့် ငှက်ဖျားရောဂါနှင့် တီဘီတိုက်ဖျက်ရေးအဖွဲ့တို့က ကျေးရွာပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ကျေးရွာနေပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မား၍ ရောဂါဘယကင်းဝေးစွာ နေထိုင်နိုင်ရေးတို့အတွက် အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများအဖွဲ့မှ ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများ အခမဲ့ဆောင်ရွက်ပေးရာ အထွေထွေလူနာ ၁၅၇ ဦး၊ ခွဲစိတ်လူနာ ၆၁ ဦး၊ အရိုးလူနာ ၆၇ ဦး၊ သွားလူနာ ၁၄ ဦး၊ သားဖွားမီးယပ်လူနာ ၆ ဦး၊ ကလေးလူနာ ၃၉ ဦး စုစုပေါင်း ၃၄၄ ဦးကို ကုသပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား မြို့နယ်ခုတင် ၁၀၀ ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ရေစီးရေလာကောင်းမွန်ရေးအတွက် စွမ်စော် ၄ လမ်းနှင့် ၅ လမ်း ရေမြောင်းတူးဖော်

**သီပေါ ဇူလိုင် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်ကာလအတွင်း မိုးရာသီ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် စွမ်စော် ၄ လမ်းနှင့် ၅ လမ်းဘေးရှိ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၄ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးရဲထွန်းတို့ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

ထို့အပြင် မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမနှင့် ကောင်းမှုတုံလမ်းဆုံ စွမ်စော်လမ်းထိပ်နှင့်သစ်တောလမ်းတို့တွင်လည်း Box Culvert လေးစင်း ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိုးကြိုချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲ ချောင်းဦးမြို့နယ်၌ကျင်းပ

**ချောင်းဦး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောင်ချမ်းသာကျေးရွာ ကွင်းအမှတ် (၁၉၉၉)ရှိ တောင်သူ ဦးဇော်လင်း စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းတွင် တောင်သူပညာပေးကွင်း သရုပ်ပြပွဲကို ဇူလိုင် ၄ ရက်က ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းရှိန်၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးကြည်နှင့် ဌာနဆိုင်ရာတို့မှ ချည်မျှင်ရှည်ဝါနှင့် ပတ်သက်၍ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လေ့လာလိုက်နာဆောင်ရွက်နိုင်ရေး၊ မျိုးစေ့ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာဆိုင်ရာများနှင့်ပတ်သက်၍ သုံးစွဲနည်းများ၊ နည်းဥပဒေများကို တက်ရောက်လာသော တောင်သူများကို ရှင်းလင်းပြောကြားပြီး တောင်သူများမှ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။



“ဝါသီးနှံရဲ့ ဝါပင်ဖြစ်ထွန်းမှုအနေအထားအရ တစ်ပင်ပါသီးလုံး ၆၀ ခန့်ရှိတဲ့အတွက် တစ်ဧကကို ပိဿာ ၁၀၀၀ ကျော် ထွက်ရှိနိုင်ပါတယ်။ လက်ရှိ ဝါပေါက်ဈေး တစ်ပိဿာကို ၁၁၀၀ ခန့်ရှိနေတာကြောင့် တောင်သူတွေအနေနဲ့ စီးပွားရေးတွက်ခြေကိုက်သီးနှံဖြစ်လို့ စိုက်ပျိုးသင့်ပါတယ်။ နောက်နှစ်မှာ အခု ဝါပေါက်ဈေးကဲ့သို့ ဈေးကွက်ရှိနေ မယ်ဆိုရင် ဆက်လက်တိုးချဲ့စိုက်ပျိုး သွားမှာပါ” ဟု ဘူတာကျေးရွာမှ တောင်သူ ဦးသောင်းဌေးက ပြောပြသည်။

ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၊ ဘူတာကျေးရွာ ဆယ်မာအူးအွန်ဒုံ ကျေးရွာသစ်စီမံကိန်းမှ ကျေးရွာကော်မတီဝင်များ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးမိတ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

**လားရှိုး ဇူလိုင် ၆**

စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်းမှ မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာ ကွင်းအမှတ် (၂၂)တောင်သူ ဦးမောင်အေး၏လယ်မြေတွင် တောင်သူပညာပေးကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၂၉ ရက်ကလည်းကောင်း၊ တောင်ကိုင်းကျေးရွာ ကွင်းအမှတ် (၂၃)ရှိ တောင်သူ ဒေါ်ညို၏ လယ်နှစ်ဧကတွင် ဇွန် ၃၀ ရက်ကလည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်သူပညာပေး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ ကြည့်ရှုလေ့လာခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**ဇော်လွင် (လားရှိုး)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**ပေါင် ဇူလိုင် ၆**

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းကြစေရန် ရည်ရွယ်၍ သထုံခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ပထမပတ်က ပေါင်မြို့ အထက ရွှေရတုခန်းမ၌ကျင်းပရာ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနု၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးဝင်းသိန်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ယာဉ်မောင်းစစ်ဆေးရေးတာဝန်ခံ ဦးမြင့်ခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာကျင့်သုံးရမည့် အချက်များနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးများကို ပရိုဂျက်တာဖြင့်ပြသ၍ အသိပညာပေးဟောပြောခဲ့သည်။

**ခင်မောင်ဝေ(ပေါင်)**

# သုံးခွမြို့၌ ကျေးလက်လူငယ်ကွန်ပျူတာသင်တန်းဆင်း

**သုံးခွ ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်လူငယ်ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာပြန့်ပွားရေးသင်တန်းဆင်းပွဲကို သူကြီးပတုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန်လနောက်ဆုံးပတ်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သင်တန်းသားများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြများက အခြေခံကွန်ပျူတာနည်းပညာများကို ဇွန် ၁၇ ရက်မှ၃၀ ရက်ထိ တစ်လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်မောင်းနှင်မှုများ တားဆီးစစ်ဆေး

**သရက်ချောင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မြိတ်-ထားဝယ်ကားလမ်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ဇူလိုင် ၄ ရက် နံနက်က စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်မောင်းနှင်လာသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဒွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများ ပူးပေါင်းကာ တားဆီးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆတိုက်မှုများ မဖြစ်ပေါ်စေရေးကိုရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၊ ဆိုင်ကယ်ဦးထုပ်များမဆောင်းခြင်း၊ ယာဉ်မောင်းလိုင်စင် မပါရှိခြင်း၊ ယာဉ်လိုင်စင်မပါရှိခြင်း၊ ဆိုင်ကယ်နံပါတ်ပြားများ မတပ်ဆင်ထားခြင်းနှင့် အသံကျယ်လောင်အောင်တပ်ဆင်ထားသည့် ပါဝါအိတ်ဇောများ တပ်ဆင်အသုံးပြုသူများကို အဓိကထား တားဆီးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**




MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre
PEARSON
CHINDWIN COLLEGE
helping you engineer your future
SGS UKAS MANAGEMENT SYSTEMS 005

CHINDWIN ENGINEERING SCHOOL



- 2016 July Intake အတွက် Foundation နဲ့ BTEC Higher National Diploma တန်းများကျောင်းအပ်လက်ခံပြီ။
- ၁၀ တန်းအောင်ပြီးသူများ၊ ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။
- Foundation ပြီးသူများ၊ ဒုတိယနှစ် တက်နေသူများ၊ AGTI ပြီးသူများ၊ City & Guilds Level 3 (သက်ဆိုင်ရာဘာသာရပ်ဖြင့်)ပြီးသူများ BTEC Higher National Diploma လ ၂၀ သင်တန်း တက်ရောက်နိုင်သည်။
- Mechanical Engineering, Electrical and Electronic Engineering, Civil Engineering ၃မျိုး ရွေးချယ်ခွင့်ရှိသည်။
- BTEC HND ပြီးလျှင် UK University of Sunderland, University of Hertfordshire, Sheffield Halam University, Coventry University တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ်တက်ရောက်နိုင်သည်။

Yangon No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon Phone : +951 297 673, 298 137
Mandalay Corner of (77×78) St & (31×32)St, Sebai Building, Greatwall Condo Complex Phone : +952 721 79, 741 79
Taunggyi No 57/16, Myat Yadanar Street, Yae Aye Kwin Quarter Phone : +959 784 038 995, 784 038 996
www.facebook.com/chindwincollege


telenor
အကြီးမားဆုံးအင်တာနက်ကွန်ရက်၏
4G ဝန်ဆောင်မှု
နေပြည်တော် တွင် စတင်ပါပြီ။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်
အသေးစိတ်အချက်အလက်များကို www.facebook.com/TelenorMyanmar
(သို့) www.telenor.com.mm တို့တွင် ကြည့်ရှုနိုင်ပါသည်။

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)မှ ၄င်းဆက်သွယ်ပါ (မြစ်ရက်မရှိ)
01-394727, 01-399426, 09-73009994
တိုက်(၁၀၆)၊(၉၄)လမ်း၊မြေညီထပ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

ချာချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

Home Since 1996
Think of House, think of Home





READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း
> Grade A, B, C, D
အစစ်များသာ ရောင်းပါသည်။
> ဈေးနှုန်းအနိမ့်ဆုံး ↓မှ↑ အမြင့်ဆုံးထိရှိပါသည်။
> ကျင်းပြတ်နှင့် Skirting အပြီးအစီး။
(Stock Limited အတွင်းသာ)
အမှတ် F.2~8 ပထမထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841

ကျွန်းနဘေ အစားသုံး
အခန်းဖွဲ့ နှင့် မျက်နှာကျက်ပြား
Home Since 1996








ရေစိုခံ ဈေးနှုန်းသက်သာ
အမှတ် ၁၂၃၇၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - 09 730 84 844, 09 79 590 0146

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0118)
လွင်မြင့်အောင်
အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်





အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်း ပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ဖြူလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များ၊ City Mart နှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

Armstrong
ဈေးဝယ်စင်တာကြီးများ၊ ဆိုင်ခန်း၊ ရုံးခန်း၊ စားသောက်ဆိုင် များအတွက် အထူးအသင့်တော်ဆုံး
Heavy duty flooring





စိတ်ကြိုက် ဒီဇိုင်းဖော်နိုင်သော
အဆင့်မြင့် ကြမ်းခင်း
BUY!
Commercial
Flooring
5 Sudes →
GET FREE
1Box
30 Box Only
Marketed by:
Home Distribution Group
Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ။
09 79 700 70 88
09 79 700 70 99






လမ်းသစ်ဆိုင်ခွဲ
လိပ်စာ ။ အမှတ်(၇၆)၊ လမ်းသစ်လမ်း၊ အာလိန်ငါးဆင့်ဘုရားအနီး (ဝပ်ရှော့မှတ်တိုင်)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း ။ ၀၁-၉၆၄၀၀၀၀၊ ၉၆၄၀၁၁၀၊ ၆၄၇၇၃၀၊ ၆၄၄၈၃၂
ဖုန်း ။ ၀၉ - ၂၅၄၃၈၃၆၅၉၊ ၀၉ - ၅၀၂၇၃၉၆
အီးမေးလ် ။ pro1myanmarhomecenter@gmail.com

PRO 1 Home Center

စက်ဆန်းဆိုင်ခွဲ
လိပ်စာ ။ အမှတ်(၅)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ စက်ဆန်း ဇလမ်းမှတ်တိုင်၊ (ကြက်၊ဘဲဈေးအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း ။ ၀၁-၂၀၁၈၄၉၊ ၀၁-၂၀၁၈၅၀၊ ၀၁-၂၀၁၈၅၁
ဖုန်း ။ ၀၉ - ၉၆၁၀၈၇၂၄၈၊ ၀၉ - ၉၆၁၀၈၇၂၅၆၊ ၀၉ - ၉၇၆၂၈၄၃၂၄
အီးမေးလ် ။ pro1mmsatsan@gmail.com


**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ခေါင်းခွဲကျေးရွာနေ မောင်ငြိမ်းဝင်းဌေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၅/မမန(နိုင်)၀၉၅၀၀၃ ဖြစ်ပါကြောင်း။
ဦးဝင်းမြင့်

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၂ယ/၃၀၇၁၀ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၈/မကန(နိုင်)၁၉၁၈၈၀ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ တိုင်းရုံး(မကွေး)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးခင်မောင်မြင့် ၈/တတက(နိုင်)၀၁၆၃၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၇၇၇၃၃၃

# 5TH MYANMAR FOODTEK AGROTEK

မြန်မာ့နိုင်ငံတကာဆိုင်ရာစိုက်ပျိုးရေးနည်းပညာနှင့်စားသောက်ကုန်ဆိုင်ရာစက်ပစ္စည်းပြပွဲကြီး

ကုန်စည်ပြပွဲကိုလာရောက်ပါက ဒိုင်နှင့် တိုက်ရိုက်ဆွေးနွေးမေးမြန်းညှိနှိုင်းနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ရက်နေ့ မှ ၁၈ ရက်နေ့ထိ

MEP Myanmar Event Park
Shin Saw Pu Rd, Yangon, Myanmar

• ၁၅ ရက်နေ့ မှ ၁၇ ရက်နေ့ ၊ နံနက် ၁၀နာရီ မှ ညနေ ၄း၃၀ ထိ ။ • ၁၈ ရက်နေ့ ။ နံနက် ၁၀နာရီ မှ ၂ နာရီ ထိ။

www.myanmar-expo.com/plasprintpack myokyiphyutun25@gmail.com 01-9010753 / 01-9010754

Organizer: Yorkers Trade & Marketing Service Co., Ltd.
Co-Organizer: Myanmar Plastics Industry Association (MPIA)
Official Supporter: Republic of the Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
Myanmar Printers & Publishers Association (MPPA)
Myanmar Food Processors and Exporters Association (MFPEA)
Event Management: Chan Chao International Co., Ltd.



# Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈၊ ၀၂-၆၀၂၉၁ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မြို့မ ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇ / မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ |

**ပြန်ခေါ်သတ်သေ**
(ရန်ကုန်) - သမ္မတ၊ သွင်
(မန္တလေး) - ဝင်းလိုက်

**1920 LONDON**
(ရန်ကုန်) နေပြည်တော်(၃)
မင်္ဂလာဝဇီရာ(လှိုင်သာယာ)

**HOUSEFULL 3**
(ရန်ကုန်)မင်္ဂလာ(၁)သိမ်းကြီးဈေး

**SULTAN**
(ရန်ကုန်)
ရွှေဆောင်(၁)၊ မင်္ဂလာစံပြ
(မန္တလေး) - မြို့မ
မင်္ဂလာဒိုင်းမွန်း
(ပြည်) - မင်္ဂလာထွန်းသီရိ

**NOW YOU SEE ME 2**
(ရန်ကုန်)- နေပြည်တော်(၂)
မင်္ဂလာစံပြ
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

**INDEPENDENCE DAY RESURGENCE(3D)**
(ရန်ကုန်) - နေပြည်တော်
မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
TOP ROYAL
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း
(ပြည်)
မင်္ဂလာထွန်းသီရိ

**ကျွန်တော် ကျွန်မ ယောကျ်ား ဗိုက်ကြီးသယ်**
(ရန်ကုန်) - ရွှေဆောင်(၂)

၈ . ၇ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ






**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉




အမတ်မင်းတို့အတွက် တစ်စိတ်တစ်ဒေသ အသုံးဝင်နိုင်မည့် ဘောဂဗေဒ ဆောင်းပါးများ၊ ခေတ်သစ် မြန်မာ့သမိုင်းအခြေပြု နိုင်ငံရေး ငြိမ်းချမ်းရေး ယဉ်ကျေးမှုနှင့် ဥပဒေဆိုင်ရာ ဆောင်းပါးများ ...
**အမတ်မင်း ဖတ်ဖို့ ...**
ကိုအောင်စိုး (ရန်ကုန်စီးပွားရေးတက္ကသိုလ်)
Tel : 09 250 102 246, 09 25 48 48 048, 09 421 105 864



**အောင်ဂဲနစ်**
ကြယ်ပဲ ပျိုးပင်
ရောင်းမည်
Ph: 09-795916483
09- 259179262



**စီးပွားယန္တရားဆင်း**
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
ဝထဝနှစ်ဖုနှောက်သုံးနှစ်ထိ **အငေးဆင်**
စီးပွားရေး၊စီးပွားဓိပ်မြန်မာစာ
E-ဗေဂျာ ဥပဒေ ပထဝီဝင် သမိုင်း
ဒဿနိက အရှေ့တိုင်း စိတ်ပညာ
Julyလတန်းခွဲများ(9.7.2016)စနေ၊တန်းခွဲများအားလုံးကျောင်းအပ်လက်ခံပြီ။
(15.7.2016)အတွင်းအပ်နှံသူများ(10%)Discounts ရမည်။
မြို့ထဲ ။(၃၀၃)(၄လွှာ)၊ ၄၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09-5118647,73009869,73013432,73028433



**ပြင်ဆင်ဖတ်ရှုပါရန်**
(၁.၇.၂၀၁၆) ၃၃ဝကြိမ် မြောက် **မဟာလာဘ်** ထီဆိုင် ပေါက်စဉ်တွင် အကွာရာနှင့် ရွှေဂဏန်း (၃)လုံးတူ နံပါတ်မှ ၄-၁၆၂ အား ၄-၁၆၂ မှာ အမှန်ဖြစ်ပါသည်။



**စတိုးဆိုင်သုံးပစ္စည်းများ ရောင်းရန် ရှိသည်**
စတိုးဆိုင်သုံး (စားသောက်ကုန်၊ စင်၊ ဆေးလိပ်၊ အလှကုန်၊ အရက်၊ ဘီယာ၊ ရေခဲ သေတ္တာ၊ F 12 လိုင်စင်) အမျိုးမျိုး ကုမ္ပဏီဈေး၏ ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အကောင်းဆုံးလျှော့ဈေးဖြင့် ရောင်းချပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၂၆၄၂၆၄၈၅၄၊ ၀၉ ၇၈၇၂၃၇၀၁၁။



# Myanmar Noble College

edexcel

နိုင်ငံတကာတက္ကသိုလ်များတွင် ဆည်းပူးလေ့လာနိုင်ရေးအတွက် အခြေခံကောင်းရရှိစေရန် Myanmar Noble College မှ Pre-Foundation Course, Foundation Courses, HND Courses များကို July Intake တွင်ဖွင့်လှစ်ပါမည်။




>> Pre-Foundation Course
လိုအပ်သောအရည်အချင်း
- နဝမတန်းအောင်မြင်ပြီးသူများ
- IGCSE Secondary III အောင်မြင်ပြီးသူများ
- Secondary II အောင်မြင်၍ ကျောင်းမှပြုလုပ်သည့် Placement Test တွင် အရည်အချင်းပြည့်မီသူများ

>> Foundation Courses
လိုအပ်သောအရည်အချင်း
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
- GCE 'O' Level, IGCSE အောင်မြင်ပြီးသူများ
- LCCI Level "3" အောင်မြင်ပြီးသူများ

>> Higher National Diploma Courses
- Business
- Information Technology
- Engineering ( Civil, Mechanical, Electrical & Electronic )

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား / ကျောင်းသူများအတွက် Scholarship အစီအစဉ်

IGCSE စာမေးပွဲတွင် A* တစ်ဘာသာလျှင် (၃) သိန်း။ A တစ်ဘာသာလျှင် (၂) သိန်း Scholarship ချီးမြှင့်မည်ဖြစ်ပါသည်။

တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း
နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း
သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း

လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း
ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း
ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Township, Yangon.
01-2331257 / 01-2331276 / 01-2331264 / 09-780639577



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄၃ယ/၈၆၁၈ DAYUN 125, MC ယာဉ်လက်ဝယ်ရှိသူ Khine Myae Thitsar က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရေကြီးရေလျှံခဲ့သော ဒေသများအား ကူညီထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



ရေကြီးရေလျှံမှုဖြစ်ခဲ့သော ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးနေစဉ်

**စစ်တွေ ဇူလိုင် ၆**

ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော လေးမြို့မြစ်နှင့် ကုလားတန်မြစ်ဖျားမှ တောင်ကျရေများစီးဆင်းလာမှုကြောင့် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာတချို့၌ ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ ရန်ကုန်-စစ်တွေကားလမ်းတချို့ ရေကျော်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ခေတ္တပြတ်တောက်ခဲ့ရကြောင်း ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၏ ပြောပြချက်အရသိရသည်။

*စာမျက်နှာ ၈ ကော်လံ ၅ ✻*

# စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် ဇူလိုင် ၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့်နှင့် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။

အဆိုပါမြစ်ရေများသည် ခန္တီးမြို့တွင် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်နှင့် ဟုမ္မလင်းမြို့တွင် နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလက်မှတ်ဈေး ဒေါ်လာ ၁၀၀၀ ထိ ကျသင့်နိုင်

စာမျက်နှာ-၁၀

## ရဲတပ်ဖွဲ့မှ ရပ်ရွာအခြေပြုပြည်သူများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရှေ့ပြေးဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်လေးမြို့နယ်

စာမျက်နှာ-၁၁

# လက်ရှိချန်ပီယံရောဝတီ ပြိုင်ပွဲမှထွက်ခဲ့ရပြီး ရခိုင်နှင့်ဇွဲကပင် ကွာတားတက်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇူလိုင် ၆**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း ကွာတားဖိုင်နယ်တက်ရောက်သွားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ရခိုင်အသင်းက လက်ရှိချန်ပီယံ ရောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရခိုင်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ရုန်းကန်နေရသော်လည်း ရှုံး/ထွက်ပြိုင်ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ၂၀၁၅ ပြိုင်ပွဲ ဆီမီးပွဲစဉ် ရှုံးကြွေးပြန်ဆပ်ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရောဝတီအသင်းသည် ယခုပွဲတွင် ခြေစွမ်းမပြနိုင်ဘဲ ရှုံးနိမ့်ခဲ့သောကြောင့် လက်ရှိချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရသည်။

လက်ရှိချန်ပီယံ ရောဝတီအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပထမပိုင်းတွင် ကစားကွက်တည်မရခဲ့ဘဲ ရုန်းကန်ခဲ့ရသည်။ ရခိုင်အသင်းသည် ပွဲစကတည်းက ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ရောဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မိနစ် ၂၀ တွင် ရခိုင်အသင်းတစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဒွေးကိုကိုချစ်က ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့်

*စာမျက်နှာ ၈ ကော်လံ ၁ ❍*



ရခိုင်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်

